# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# တ ရား စီ ရင် ထုံး များ

## ဗဟိုတရားစီရင်ရေးအဖွဲ့

## နှင့်

## တရားရုံးချုပ်စီရင်ချက်များ

## ၁၉၈၈ ခုနှစ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်

တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်စာကြည့်တိုက်

# တရားစီရင်ထုံးများ

## မဟုတ်တရားစီရင်ရေးအဖွဲ့

နှင့်

## တရားရုံးချုပ် စီရင်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

၁၉၈၈ ခုနှစ်

တရားရုံးများလက်စွဲ [illegible] အရ တင်ကြိုပ်ထားရမည့်လျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ

ပြည်ထောင်စု မြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

F-A

ပဌမ အကြိမ်

၁၉၉၀၊ ဧပြီလ။

အုပ်ရေ – ၅၀၀၀

(မျက်နှာဖုံး ကင်းလွတ်ခွင့် အမှတ် - ၅/၉၀)

တရားရုံးချုပ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်း (ယာယီမှတ်ပုံတင် အမှတ်- ၂၅၂)
တရားရုံးချုပ် ပုံနှိပ်တိုက်၊ အမှတ် ၁၀၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်
တရားရုံးချုပ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ကင်းလွတ်ခွင့် အမှတ် (၄၄၅/၈၉)
ထုတ်ဝေသည်။

# ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

## ပြည်သူ့ တရားသူကြီး အဖွဲ့

(၁-၁-၈၈ နေ့မှ ၁၈-၉-၈၈) နေ့အထိ

| | | | | |
|---|---|---|---|---|
| ၁။ | ဦးတင်အောင်ဟိန်း | B.A., B.L.<br>နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) | – | ဥက္ကဋ္ဌ |
| ၂။ | ဦးကိုကြီး | – | – | အဖွဲ့ဝင် |
| ၃။ | ဦးခင်မောင်ကျော် | – | – | အဖွဲ့ဝင် |
| ၄။ | ဝဏ္ဏကျော်ထင်၊ သီရိပျံချီ ဦးတွမ်းမှုန်း | B.A. (Hons.) | – | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းအောင် | နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) | – | အဖွဲ့ဝင် |
| ၆။ | ဦးဘမော် | B.A. (Hons.), B.L. | – | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာ မောင်မောင်အေး | M.B.,B.S. | – | အဖွဲ့ဝင် |
| ၈။ | ဦးဝင်းမောင် (၁) | B.Sc.Engg. (Elec.) | – | အဖွဲ့ဝင် |
| ၉။ | ဦးအေးစန် | – | – | အဖွဲ့ဝင် |
| ၁၀။ | ဒေါက်တာ မန်းသက်စံ | B.Sc. (Hons.), M.Sc., Ph.D. (Ill.) | | အဖွဲ့ဝင် |
| ၁၁။ | ဦးမျိုးမြင့် | – | – | အဖွဲ့ဝင် |
| ၁၂။ | ဦးဝင်းမောင် (၂) | – | – | အဖွဲ့ဝင် |

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ တရားစီရင်ထုံး စိစစ် ထုတ်ဝေရေး အဖွဲ့

၁။ ဦးဘမော် B.A. (Hons.), B.L. — ဥက္ကဋ္ဌ

၂။ ဦးဝင်းမောင် (၁) B.Sc.Engg. (Elec.) — အဖွဲ့ဝင်

၃။ ဦးမြ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမဌာန

၄။ ဦးတင်နွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန

၅။ ဦးအောင်မြင့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ စီမံဌာန

## ပြည်ထောင်စု မြန်မာနိုင်ငံတော်
## တရားရုံးချုပ်၊ တရားသူကြီးအဖွဲ့
## (၂၇-၉-၈၈ မှ ယနေ့ထိ)

၁။ ဦးအောင်မိုး B.A., B.L. — တရားသူကြီးချုပ်

၂။ ဦးရအေးအုန်း B.A., B.L. — တရားသူကြီး

၃။ ဦးကျော်စောင် B.A.,B.L. — တရားသူကြီး

၄။ ဦးမျိုးထွန်းလင်း M.Com. (Ygn.), LL.M. (LOND.), JUR.DRS. (UTRECHT), Bar-at-Law (INNER TEMPLE). — တရားသူကြီး

၅။ ဦးကျော်ဝင်း B.A. — တရားသူကြီး

# ပြည်ထောင်စု မြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ တရားစီရင်ထုံး စိစစ် ထုတ်ဝေရေး အဖွဲ့

၁။ ဦးမျိုးထွန်းလင်း M.Com. (Ygn.), LL.M. (LOND.), JUR.DRS. (UTRECHT), Bar-at-Law (INNER TEMPLE) — ဥက္ကဋ္ဌ
တရားသူကြီး၊ တရားလွှတ်တော်ချုပ်

၂။ ဦးမြ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမဌာန

၃။ ဦးစိုးမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန

၄။ ဦးချစ်ဆောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ စီမံဌာန

# ၁၉၈၈ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

# စီရင်ထုံး ပြုသော ပြစ်မှုများ

စာမျက်နှာ


| | | | |
|---|---|---|---|
| ဦးအောင်ထွန်း (ခ) ဦးအောင်ကျော် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | — ၁ |

# ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

**ဥပဒေများ—**

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ၊

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁)- တူညီသောအကြောင်းခြင်းရာတစ်ခုတည်းအပေါ် ထပ်မံ၍ တရားစွဲဆိုခြင်းမပြုနိုင်ခြင်း- အမှု ၂ မှုမှ အကြောင်းခြင်းရာများသည် ထူးထူးခြားခြားကွဲပြားမှုမရှိ၊ စာတစ်စောင်တည်းအပေါ် အခြေပြု၍ မစွဲဆိုနိုင်ခြင်း။**

မရမ်းကုန်းမြို့နယ် အမှတ် (၇) ရပ်ကွက် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၄/၈၈ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄-အရ တရားစွဲ အရေးယူခံထားရသော တရားခံ ဦးအောင်ထွန်း (ခ) ဦးအောင်ကျော်က ၎င်းအပေါ် ဦးသန်းစိန်၏ ရဲစခန်းတိုင်ကြားစာအရ ရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၄၁/၁၄ အရ အမှုဖွင့်လှစ်ကာအပြစ်ပေးခဲ့ပြီး နောက်ထပ်မံ ယင်းတိုင်စာအရ ၎င်းအပေါ် ထပ်မံ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ အရ တရားစွဲ အရေးယူသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ထိုအမှုတွဲကို ချေဖျက်ပေးရန် မဟာတရားရုံးသို့ လျှောက်လွှာကို တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ရဲအက်ဥပဒေပုဒ်မ ၄၁/၁၄ ဖြင့် အပြစ်ပေးပြီး နောက်ပိုင်းတွင် ထိုဖြစ်ရပ်အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ ဖြင့် ထပ်မံ အပြစ်ပေးလောက်အောင် ထူးထူးခြားခြား ကွဲပြားသော အကြောင်းချင်းရာ အသစ်များ ရှိနေသည်ကို မတွေ့ရပေ။ ထိုတရားစွဲသော အမှု ၂ မှု မှာလည်း ဦးသန်းစိန်၏ တိုင်ကြားစာ တစ်စောင်တည်း အပေါ် အခြေပြုပြီး စွဲထားခြင်း ဖြစ်သည်။ တူညီသော အကြောင်းချင်းရာ တစ်ခုတည်းအပေါ် ထပ်မံ၍ တရားစွဲဆိုခြင်းမပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) တွင် တားမြစ်ထားသည်။

ဦးအောင်ထွန်း (ခ) ဦးအောင်ကျော် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁

## ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မောင်မောင်အေး နှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးအောခ်ထွန်း (ခ) ဦးအောင်ကျော် † ၁၉၈၈ ဩဂုတ်လ ၃၁-ရက်

နှင့်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) – တူညီသောအကြောင်း ခြင်းရာ တစ်ခုတည်းအပေါ် ထပ်မံ၍ တရားစွဲဆိုခြင်းမပြုနိုင်ခြင်း- အမှု ၂ မှုမှ အကြောင်းခြင်းရာ များသည် ထူးထူးခြားခြား ကွဲပြားမှု မရှိ၊ စာတစ်စောင်တည်းအပေါ် အခြေပြု၍ မစွဲဆို နိုင်ခြင်း။**

မရမ်းကုန်းမြို့နယ် အမှတ် (၇) ရပ်ကွက်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၄/၈၈ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ အရ တရားစွဲ အရေးယူခံထားရသော တရားခံဦးအောင်ထွန်း (ခ) ဦးအောင်ကျော်က ၎င်းအပေါ် ဦးသန်းစိန်၏ ရဲစခန်းတိုင်ကြားစာအရ ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ ၄၁/၁၄ အရ အမှုဖွင့်လှစ်ကာ အပြစ်ပေးခဲ့ပြီးနောက်မိုင်းယင်း တိုင်စာအရ ၎င်းအပေါ် ထပ်မံ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ အရ တရားစွဲအရေးယူသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ထိုအမှုတွဲကို ချေဖျက်ပေးရန် ဗဟိုတရားရုံးသို့ ဤအထွေထွေလျှောက်လွှာ ကို တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ရဲအက်ဥပဒေ ပုဒ်မ ၄၁/၁၄ ဖြင့် အပြစ် ပေးပြီး နောက်ပိုင်းတွင် ထို ဖြစ်ရပ်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ ဖြင့်

---

* ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၅၈

† ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၄ တွင် ချမှတ်သော မရမ်းကုန်းမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ အမှုကို ချေဖျက်ပေးရန် လျှောက်ထားမှု။

ထပ်မံ အပြစ်ပေးလောက်အောင် ထူးထူးခြားခြား ကွဲပြားသော အကြောင်းခြင်းရာ အသစ်များ ရှိနေသည်ကို မတွေ့ရပေ။ ထိုတရားစွဲသော အမှု (၂) မှုမှာလည်း ဦးသန်းစိန် ၏ တိုင်ကြားစာတစ်စောင်တည်း အပေါ် အခြေခံပြီး စွဲထားခြင်းဖြစ်သည်။ တူညီသောအကြောင်းခြင်းရာကစ်ခုတည်းအပေါ် ထပ်မံ၍ တရားစွဲဆိုခြင်း မပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ (၁) တွင် တားမြစ်ထားသည်။

အယူခံတရားလိုအတွက်— ဦးစိုးမောင် (မရမ်းကုန်း) ဗဟိုတရားရုံးရှေ့နေ

အယူခံတရားခံအတွက် — ဒေါ်ခင်မျိုးမြင့်၊ ဥမဒေ၀န်ထမ်း အဆင့် (၁) လ၁

တရားရေးအကြံပေး — ဦးစိုးမြင့်

မရမ်းကုန်းမြို့နယ် အမှတ် (၇) ရပ်ကွက်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၄/၈၈ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ အရ တရားစွဲ အရေးယူခံထားရသော တရားခံ ဦးအောင်ထွန်း (ခ) ဦးအောင်ကျော်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁—က အရ ထိုအမှုတွဲကိုချေဖျက်ပေးရန် ဗဟိုတရားရုံးသို့ ၅၍ အထွေထွေလျှောက်လွှာကိုတင်သွင်းသည်။

အမှုမှာ မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက်၊ ပြည်သူ့ကောင်စီ အတွင်းရေးမှူးဖြစ်သူ ဦးသန်းစိန်က (၁၀) ရပ်ကွက်နေ ဦးအောင်ထွန်း(ခ) ဦးအောင်ကျော် သည် ၁၇-၄-၈၈ ရက်နေ့ ညနေ ၄ နာရီ ၃၅ မိနစ် အချိန်ခန့်၌ အရက်မူးပြီး အိမ်ရှင် ဒေါ်သန်းသန်းနွဲ့၏ အိမ်ကို ကန်ကျောက်၍ ဒေါ်သန်းသန်းနွဲ့ က လာရောက် ပြောရာမှဦးအောင်ထွန်းက ဆဲဆိုကြောင်းနှင့် မိမိအား ဦးအောင်ထွန်း က ရဲတိုင်ပြီးဖမ်းချင်သလား ဟုမေးပြီး၊ ဆူမြည်ဆူ၊ ရမ်းမြည်ရမ်းကားနေကြောင်း ဖော်ပြပြီး ဦးအောင်ထွန်း အပေါ် အရေးယူပေးရန် တရားလိုပြုလုပ်ပြီး မရမ်းကုန်း ရဲစခန်း၌ တိုင်ချက်ဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

အမှုချေဖျက်ပေးရန် ဦးအောင်ထွန်းက တင်သွင်းသော လျှောက်လွှာ၌ အဓိကအကြောင်းပြချက်အဖြစ် ဖော်ပြရာတွင် မိမိအပေါ် ဦးသန်းစိန် ၏ ရဲစခန်း တိုင်ကြားစာနှင့် စပ်လျဉ်းပြီး ရန်ကုန်ရဲ အက်ဥပဒေပုဒ်မ ၄၁/၁၄ အရ မရမ်းကုန်းမြို့နယ် အမှတ် (၇) ရပ်ကွက်တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃/၈၈ ဖွင့်လှစ်ကာ အပြစ်ပေးခဲ့ပြီးသည့် နောက်ပိုင်း မိမိအပေါ် ဦးသန်းစိန် ၏ အဆိုပါ တိုင်ကြားစာ အရ ထပ်မံ၍ ပြစ်မှု

၁၉၈၈
ဦးအောင်ထွန်း
(ခ)
ဦးအောင်
ဝင်းကျော်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်

ဆိုင်ရာဥပဒေပုဒ်မ ၂၉၄ အရ တရားစွဲ အရေးယူခံရခြင်းဖြစ်ကြောင်း၊ တူညီသော အမှုဖြစ်အကြောင်းခြင်းရာတစ်ခုတည်းအပေါ် ထပ်မံ၍ တရားစွဲဆိုခြင်းခံရ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) ပါ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သည့်အတွက် ယခု အမှုကို ထပ်မံ စွဲဆိုခြင်းမှာ မှားယွင်းကြောင်းနှင့် တိုင်ကြားသူ ဦးသန်းစိန်သည် မိမိအပေါ် မလိုမုန်းထား၍ တိုင်ကြားခြင်း ဖြစ်ကြောင်း စသည်ဖြင့် တင်ပြထားသည်။

ဦးအောင်ထွန်း အပေါ် ရန်ကုန် ရဲ အက်ဥပဒေပုဒ်မ ၄၁/၁၄ အရ တရားစွဲဆိုသော အမှတ်(၇)ရပ်ကွက်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃/၈၈ ကို လေ့လာရာ ရပ်ကွက်ကောင်စီအတွင်းရေးမှူး ဦးသန်းစိန်၏ (၁၇-၄-၈၈) နေ့စွဲပါ တိုင်ကြားစာကို ရဲစခန်းမှူး ဦးမလှိုင်က မရမ်းချောင်း ရဲစခန်းသို့ သတင်းပေးချက် ရေးဖွင့်ပြီးနောက် ၁၈-၄-၈၈ ရက်နေ့တွင် ဦးအောင်ထွန်းအပေါ် တရားစွဲတင်ပို့ခဲ့ရာ ဦးအောင်ထွန်း က အပြစ်ရှိကြောင်းဝန်ခံသဖြင့် ရပ်ကွက်တရားရုံးက ဒဏ်ငွေ ၅၀/-ကျပ် ပေးဆောင်စေရန်နှင့် မဆောင် က ထောင်ဒဏ် (၇) ရက် ကျခံစေရန် အမိန့်ချမှတ်ထားကြောင်း တွေ့ရသည်။

ယခု ဦးအောင်ထွန်း က အမှုချေဖျက်ပေးစေရန် လျှောက်ထားသော အဆိုပါ ရပ်ကွက်တရားရုံး ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၁၄/၈၈ ကို လေ့လာရာ ရပ်ကွက်ကောင်စီအတွင်းရေးမှူး ဦးသန်းစိန်၏ ၁၇-၄-၈၈ နေ့စွဲပါ တိုင်ကြားစာကို အခြေပြု၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ အရ ၉-၅-၈၈ ရက်နေ့တွင် တရားစွဲခံရသော အမှုဖြစ်ကြောင်း တွေ့ရှိရသည်။

အထက်ဖော်ပြပါ အမှု ၂ မှုစလုံး သည် ရပ်ကွက်ကောင်စီ အတွင်းရေးမှူး ဦးသန်းစိန်၏ ၁၇-၄-၈၈ နေ့စွဲပါ တိုင်ကြားစာအပေါ် အခြေပြုပြီး တရားစွဲထားသော အမှုများဖြစ်သည်ဆိုသော်လည်း ပထမအမှုမှာ ရဲအက်ဥပဒေပုဒ်မ ၄၁/၈၈ အရ စွဲဆိုပြီး ယခု ဒုတိယ အမှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ အရ တရားစွဲအရေးယူသော မှုခင်းဖြစ်ကြောင်း တွေ့ရသည်။

ဦးသန်းစိန်၏ တိုင်ကြားချက်ကို လေ့လာရာ ဦးအောင်ထွန်း သည် အရက်မူးပြီး ဒေါ်သန်းသန်းနွဲ့၏ အိမ်ကို ကန်ကျောက်ခြင်း၊ ဒေါ်သန်းသန်းနွဲ့အား ဆဲလွှတ်ခြင်း၊ မိမိအား ရဲတိုင်ပြီး ဖမ်းချင်သလား ဟု မေးကာ ဆူပူ ရမ်းကားကြောင်းဖြင့် ဖော်ပြကာ တိုင်ထားကြောင်း တွေ့ရသည်။ ဤ တိုင်ကြားချက်ပါ အချက်အလက် များကြောင့် ဦးအောင်ထွန်း အပေါ် အရက်မူးပြီး ရပ်ရွာထဲ၌ ဆူပူသောင်းကျန်း ရမ်းကားသည်ဆိုကာ ရဲအက်ဥပဒေပုဒ်မ ၄၁/၁၄ ဖြင့် တရားစွဲ အပြစ်

ပေးပြီးဖြစ်သည်။ ယခု ဒုတိယအကြိမ် ထပ်မံ၍ တရားစွဲဆိုသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ သည် အများပြည်သူဆိုင်ရာ နေရာတွင်ဖြစ်စေ၊ ထိုအနီးအနားတွင်ဖြစ်စေ ညစ်ညမ်းသောပြုလုပ်မှု၊ သီဆိုပြောဆိုမှုတို့နှင့် သက်ဆိုင်သော အမှုအခင်း ဖြစ်သည်။

ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေဝန်ထမ်းကလည်း ၁၇-၄-၈၈ ရက်နေ့က ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတည်းပေါ်တွင် အခြေခံ၍ ထပ်မံ အရေးယူခဲ့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည့်အတွက် ၎င်းလျှောက်ထားမှုကို ခွင့်ပြုသင့်ကြောင်း တင်ပြထားသည်။

မြို့ပိုင်သော် ရဲအက်ဥပဒေပုဒ်မ ၄၁/၁၄ ဖြင့် အပြစ်ပေးပြီးနောက်ပိုင်းတွင် ထိုဖြစ်ရပ်အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ ဖြင့် ထပ်မံ အပြစ်ပေးလောက်အောင် ထူးထူးခြားခြား ကွဲပြားသော အကြောင်းခြင်းရာအသစ်များ ရှိနေသည်ကို မတွေ့ရပေ။ ထိုတရားစွဲသော အမှု (၂) မှုမှာလည်း ဦးသန်းစိန်၏ တိုင်ကြားစာတစ်စောင်တည်းအပေါ် အခြေပြုပြီး စွဲထားခြင်းဖြစ်သည်။ တူညီသော အကြောင်းခြင်းရာတစ်ခုတည်းအပေါ် ထပ်မံ၍ တရားစွဲဆိုခြင်းမပြုရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃(၁) တွင် တားမြစ်ထားသည်။

ထို့ကြောင့် ဦးအောင်ထွန်း (ခ) ဦးအောင်ကျော်၏ ၎င်းအထွေထွေလျှောက်လွှာကို ခွင့်ပြု၍ မရမ်းကုန်းမြို့နယ် အမှတ် (၇) ရပ်ကွက်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၄/၈၈ အမှုတွဲကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ၁၉၈၈-ခုနှစ်

# တရားမမှုများ

# စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကြီးမင်းပါ(၂) | နှင့် | ဒေါ်နန်းရွှေသစ် | ၁ |
| ဦးစံဝင်းပါ(၂) | နှင့် | မန်နေဂျာ/မြန်မာ့စီးပွားရေးဘဏ်/ပြည် | ၅ |
| ဒေါ်စိုးစိုးငြိပါ(၅) | နှင့် | ဒေါ်သန်းညွန့် | ၁၀ |
| ဒေါ်ဇော်နုပါ(၃) | နှင့် | ဒေါ်ခင်နုမြ | ၁၃ |
| ဒေါ်တင်ရွှေ | နှင့် | ဦးထိုက်ဟုယ်(ခ) ဦးခွေးပါ(၃) | ၁၉ |
| မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် | နှင့် | စင်ဟင်းဆန်စက်ပါ(၅) | ၂၅ |
| မမြင့်မြင့်ကြူပါ(၇) | နှင့် | မန်နေဂျာ/မြန်မာ့စီးပွားရေးဘဏ် | ၃၀ |
| ဒေါ်လှကြည်ပါ(၆) | နှင့် | ဒေါ်ဘင်ခမ | ၃၅ |
| ဦးလှမောင်(ခ) ဦးဂနီ | နှင့် | ဦးမောင်သွင်ပါ(၂) | ၄၀ |
| ဦးလေးမောင်ပါ(၂) | နှင့် | ဒေါ်ဘင်တင်အေး ပါ(၅) | ၄၄ |
| ဒေါ်အုံ | နှင့် | ဦးမြင့်စိုးပါ(၂) ဒေါ်မြကြွယ် | ၄၈ |
| ဦးအုန်းနိုင် | နှင့် | ဒေါ်သိန်း | ၅၄ |
| ဦးအုန်းဖေ | နှင့် | ဦးအမ်ဂျီအဉမက်ပါ(၂) | ၅၇ |

## တရားမမှုများ

ဥပဒေများ—

- ကာလစည်းကမ်းသတ်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- သီးခြားသက်သာခွင့်အက်ဥပဒေ
- ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ

**ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအမှတ် ၁၈၁—ဗဟိုတရားရုံး က အယူခံကို အကျဉ်းနည်းဖြင့် ပလပ်သည့် အမိန့်သည် တိုင်း တရားရုံးက၊ အပေါင်ပစ္စည်း လေလံတင်ရောင်းချခြင်းကို အတည် ပြုသည့် အမိန့်နှင့် ပေါင်းစပ်ခြင်း မရှိသဖြင့် စည်းကမ်းသတ် ကာလကို ပစ္စည်း လေလံတင် ရောင်းချခြင်းကို အတည်ပြုသည့် နေ့မှစ၍ ရေတွက်ရန်ဖြစ်ခြင်း။**

ဧရာဝတီတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၆၆တွင် ပုသိမ် မြို့၊ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာက စင်ဟင်းဆန်စက်ပါ (၅) တို့ အပေါ် အပေါင်ပစ္စည်းဖြင့် ချေးယူငွေများကို ရလိုမှု စွဲဆိုရာ၊ စွဲဆိုသည့်အတိုင်း အပေါင်ဒီကရီ ချမှတ်သည်။ မန်နေဂျာက ယင်း အနိုင် ဒီကရီကို အတည်ပြုရာတွင် အပေါင်ပစ္စည်းများကို လေလံတင် ရောင်းချခဲ့ပြီး၊ ၆-၁၂-၇၂ ရက်နေ့တွင် လေလံတင် ရောင်းချခြင်း ကို အတည်ပြုခဲ့သည်။ တရားနိုင် မြန်မာ့ စီးပွားရေး ဘဏ်က မပြေ ကျန်ရှိငွေအတွက် တရားရှုံးများအပေါ် ပုဂ္ဂလိကဒီကရီ ချမှတ်ပေးရန် လျှောက်ထား စွဲဆိုခဲ့ရာ လေလံ ရောင်းချခြင်းကို အတည်ပြုသည့် ၆-၁၂-၇၂ ရက်မှ ၃ နှစ်အတွင်း လျှောက်ထားခြင်း မပြုသဖြင့်၊ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟုသုံးသပ်ကာ တိုင်းတရား ရုံးက လျှောက်ထားချက်ကို ပလပ်သဖြင့် ဗဟိုတရားရုံးသို့ အယူခံ တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** တိုင်းတရားရုံးက အပေါင်ပစ္စည်းကို လေလံတင် ရောင်းချ၍ ၆-၁၂-၇၂ ရက်နေ့တွင် လေလံတင် ရောင်းချခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်း ၉၂ အရ အတည်ပြု လိုက်ခြင်းနှင့် စပ်လျဉ်း၍ တရားနိုင်ဘဏ်က အယူခံဝင်ရာ ဗဟိုတရား ရုံးက အယူခံကို အကျဉ်းနည်းဖြင့် ပလပ်သဖြင့် တိုင်း တရားရုံးက

အပေါင်ပစ္စည်း လေလံတင် ရောင်းချခြင်းကို အတည်ပြုသည့်အမိန့်သည် အယူခံကို အကျဉ်းနည်းဖြင့် ပလပ်သည့် ဗဟိုတရားရုံး၏အမိန့်နှင့် ပေါင်းစပ်ခြင်း မရှိသဖြင့် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအမှတ် ၁၈၁ အလို့ငှာ စည်းကမ်းသတ် ကာလကို တိုင်းတရားရုံးက ပစ္စည်းလေလံတင် ရောင်းချခြင်းကို အတည်ပြုသည့် ၆-၁၂-၈၂ ရက်နေ့မှစ၍ ရေတွက်ရန် ဖြစ်သည်။

ဦးအေး ပါ (၃) နှင့် ဒေါ်နှင်းရီ ပါ(၂)၊ ၁၉၈၄ ခုနှစ်၊မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ–၃၃၇ နှင့် မောင်ချစ်မောင် ပါ(၂) နှင့် ဒေါ်စော ၁၉၅၅၊ မြန်မာနိုင်ငံ တရား စီရင်ထုံးများ စာ-၅၅၊ (တရားလွှတ်တော်) တို့ကို ကိုးကားသည်။

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် နှင့် စင်ဟင်းဆန်စက်၊ .... ၂၅
ပုသိမ်မြို့ သာပေါင်းမြို့ ပါ(၅)

**သက်သာခွင့်—သက်သာခွင့်နှစ်ရပ် တောင်းဆိုသည့် အမှုတွင်၊ ပထမ သက်သာခွင့် မရရှိနိုင်သည့် တိုင်အောင်၊ ဒုတိယ သက်သာခွင့် တောင်းဆိုခြင်းအပေါ် တရားရုံးက စိစစ်ရန်လိုအပ်ခြင်း၊ အိမ်ခန်းကို လက်ရောက်ရလိုမှု စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယားအမှတ်စဉ် ၁၄၄ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း။**

ပဲခူးတိုင်း တရားရုံး၊ ၁၉၈၇ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၇ (ပဲခူး) တွင် အယူခံ တရားလို ဒေါ်လှကြည်၊ဒေါ်မြစိန်၊ဒေါ်မေသန်း။ ဦးဝင်းတင့်၊ ဦးဝင်းချစ်နှင့် ဦးဝင်းနှစ်တို့က ပဲခူးမြို့ပန်းလှိုင် ရပ်ကွက်ရှိ အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို မိမိတို့ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာ ပေးရန်နှင့် အယူခံတရားပြိုင် ဒေါ်တင်မေ လက်ဝယ်ရှိ အခန်းနှစ်ခန်းကို လက်ရောက်ရလိုကြောင်းဖြင့် တရားစွဲဆိုရာ တိုင်းတရားရုံးက အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာရန် ဒေါ်လှကြည်တို့ စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ဆုံးဖြတ်၍ အမှုကို ပလပ်လိုက်သောကြောင့် ဒေါ်လှကြည်တို့က ဗဟို တရားရုံးတွင် ဤ အယူခံကို တင်သွင်းသည်။

**ဆုံးဖြတ်ချက်။** ဤအမှုတွင် အယူခံတရားလို တို့သည် သက်သာခွင့်နှစ်ရပ် တောင်းဆိုထားသည်။ အယူခံတရားလိုတို့သည် ပထမ သက်သာခွင့် မရရှိသည့်တိုင်အောင် ဒုတိယသက်သာခွင့်ကို တောင်းဆိုနိုင်

ခွင့် ရှိမရှိ ပြဿနာနှင့် စပ်လျဉ်း၍ တိုင်းတရားရုံးက စိစစ်ထားခြင်း မရှိကြောင်း တွေ့ရသည်။ တစ်ချိန်က ဒေါ်တင်မေသည် အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ပိုင်ဆိုင်သည်ဟု ကြွေးကြော်ခဲ့ ရုံမျှဖြင့် အယူခံ တရားလိုတို့သည် ဒေါ်တင်မေ လက်ရှိဖြစ်သည့် အခန်းများကို အမှန်စာကယ် ပိုင်ဆိုင်ပါမူ လက်ရောက် ရလိုကြောင်း စွဲဆိုခွင့်ကို အဟန့်အတား မဖြစ်စေနိုင်ချေ။ အယူခံတရားလိုတို့ စွဲဆို သော အမှုမှာ အမိကအားဖြင့် အချင်းဖြစ် အိမ်ခန်း နှစ်ခန်းကို လက်ရောက် ရလိုမှုသာ ဖြစ်သည်။ သို့ဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယားအမှတ်စဉ် ၁၄၄ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည်။

တီ၊ပီ၊ပီ သာမားလ်ချစ်တီးနှင့် အာ်ရ်၊မူနီယံဒီဆာမိုင်း ပါ(၃) အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ ၄ စာ ၂၆၆ (ပီစီ) ကို ရည်ညွှန်းသည်။

ဒေါ်လှကြည် ပါ(၆) နှင့် ဒေါ်တင်မေ .... .... ၃၅

ပစ္စည်းကို ရောင်းချခြင်း၊ ပစ္စည်းကို ဝရမ်းမဖမ်းဘဲ ရောင်းချနိုင်၊ မနိုင်၊ ပစ္စည်းကို ဝရမ်းဖမ်းဆီးရခြင်း၏ ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ပစ္စည်းကို ဝရမ်းဖမ်းပါမှရောင်းချနိုင်သည် ဟူသော ပြဋ္ဌာန်းချက် မရှိပေ။ ပစ္စည်းကို ဝရမ်းဖမ်းရခြင်း၏ ရည်ရွယ်ချက်မှာ ရောင်းချခြင်း မပြုနိုင်မီ တရားရုံးက ဘိုပိုင်ပစ္စည်းကို လွှဲခြင်းမှ ကာကွယ်ရန် ဖြစ်သည်။

ဦးကြူးမင်းပါ(၂) နှင့် ဒေါ်နန်းရွှေသစ် .... .... ၁

တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်း ၃(၄)—ပစ္စည်းပေါင်သူ၊ ၎င်း ကွယ်လွန်ပြီးဖြစ်ပါမူ၊ ၎င်း၏ အမွေစား အမွေခံ များ အပေါ် မပြေကျေသော ကြွေးမြီအတွက် ပုဂ္ဂလိကဒီကရီချမှတ် နိုင်ခြင်း—တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၊ ပစ္စည်းပေါင်သူ၏ အမွေစား အမွေခံများအပေါ် ချမှတ်သောပုဂ္ဂလိကငွေဒီကရီ သည် ကွယ်လွန်သွားသော ပစ္စည်းပေါင်သူ၏အမွေပစ္စည်းများမှ ပေးဆပ်ရန် ဒီကရီမျိုးဖြစ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်း ၃(၄) အရ ပစ္စည်းပေါင်သူအပေါ် မပြေကျေသော ကြွေးမြီ အတွက် ပုဂ္ဂလိက ဒီကရီ ချမှတ်နိုင်သည်။ ဒီကရီချမှတ်မည့် အချိန်တွင် ပစ္စည်း

စာမျက်နှာ

ပေါင်သူ ကွယ်လွန်ပြီး ဖြစ်ပါမူ ၎င်း၏အမွေစား အမွေခံများအပေါ် ပုဂ္ဂလိက ဒီကရီ ချမှတ်နိုင်သည်။ သို့ရာတွင် ပစ္စည်းပေါင်သူ အပေါ် ချမှတ်သည့် ဒီကရီနှင့်၊ ပေါင်သူ၏ အမွေစား အမွေခံများ အပေါ် ချမှတ်သည့်ဒီကရီသည် ကွဲပြားခြားနားသည်။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၅၂ ပါပြဋ္ဌာန်းချက်များအရ ပစ္စည်း ပေါင်သူ၏ အမွေစား အမွေခံများအပေါ် ချမှတ်သော ပုဂ္ဂလိကငွေ ဒီကရီသည် ကွယ်လွန် သွားသော ပစ္စည်းပေါင်သူ၏ အမွေပစ္စည်းများမှ ပေးဆပ်ရန် ဒီကရီ မျိုး ဖြစ်ရန် လိုသည်။ အကြောင်းမူ အမွေစား အမွေခံတို့သည် ကွယ် လွန်သူ တင်ရှိသော ကြွေးမြီ အတွက် သူတို့၏အိတ်ထဲမှ စိုက်ထုတ်ပေး ဆပ်ရန် တာဝန်မရှိချေ။

ဦးစံဝင်း ပါ–(၂) နှင့် ဘက်မန်နေဂျာ မြန်မာ့ စီးပွားရေးဘဏ်၊ ပြည်မြို့ .... ၅

တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်း ၁– အမွေ ဆက်ခံခွင့် လက်မှတ် လျှောက်ထားသည့်အမှုတွင် အငြင်းပွါးသည့် ပစ္စည်း တစ်ရပ်ရပ် ရှိမရှိ၊ ယာယီ တားဝရမ်းထုတ်ပေးရန် လျှောက်ထား နိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ အမွေ ဆက်ခံခွင့် လက်မှတ် လျှောက်ထားသည့် အမှုမျိုးတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ရည်ညွှန်းသည့် ''အငြင်းပွားသည့် ပစ္စည်း တစ်ရပ်ရပ်'' ရှိသည်ဟု မဆိုနိုင်ပေ။

ဒေါ်စိုးစိုးရီ ပါ (၅) နှင့် ဒေါ်သန်းညွန့် .... .... ၁၀

ပစ္စည်းလက်ရောက်ရလိုကြောင်း စွဲဆိုသည့်အမှုတွင် ယင်း ပစ္စည်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ကနဦးတောင်း ဆိုရန် မလိုခြင်း–တစ်ဘက် အမှုသည်မှ ပစ္စည်းကို ပိုင်ဆိုင်ကြောင်း ကြေးကျော်ရုံမျှဖြင့် ကျန်အမှုသည်က ပစ္စည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုရန်မလိုခြင်း။

ဝဲခူးမြို့၊ အမှတ် (၄) ရပ်ကွက်၊ ပန်းဘဲတန်းလမ်း၊ အိမ်အမှတ် ၂၄ ကို လျှောက်ထားသူ ဒေါ်တင်ရွှေ (ခ) ဒေါ်ကျင်ရွှေက လျှောက် ထားခံရသူ ဦးသန်း၏ ဇနီး မပြုံးကြည် နှင့် သမီး မညွန့်ကြည် တို့ထံမှ ၁၉၇၀ ပြည့်နှစ်အတွင်း မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့သည်

ဟု အဆိုရှိသည်။ လျှောက်ထားခံရသူ ဦးထိုက်ဟုတ် (ခ) ဦးခွေး ကလည်း ယင်းအိမ်ကို ဦးသန်းနှင့် မညွန့်ကြည်တို့ထံမှ ကိုယ်စားလှယ် စာရသူ ဒေါ်စန်းငြိထံမှ ၁၉၈၄ ခုနှစ်တွင် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့သည်ဟု ဆိုသည်။ ဒေါ်တင်ရွှေက ဒေါ်စန်းငြိအပေါ် ဝဲခူးတိုင်းတရားရုံး ၁၉၈၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ တွင် အချင်းဖြစ် မြေနှင့်အိမ်မှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေ ရန်တရားစွဲဆိုရာ ဦးထိုက်ဟုတ်က ယင်း မြေနှင့်အိမ်ကို ဝယ်ယူထား သည်ဟု ဆိုသဖြင့် သူ့ကိုလည်း တရားပြိုင်အဖြစ် ထည့်သွင်းခဲ့သည်။ ထို့နောက် ဦးထိုက်ဟုတ်က အဆိုပါတရားရုံး၏ ၁၉၈၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၈ (ပဲခူး) တွင် ဒေါ်တင်ရွှေ၊ ဦးသန်းနှင့် မညွန့်ကြည်တို့အပေါ် အချင်းဖြစ်အိမ်နှင့် မြေမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေရန် နှင့် ဒေါ်တင်ရွှေအား ယင်း မြေနှင့် အိမ်မှ ဖယ်ရှား၍ အိမ်နှင့်မြေကို လက်ရောက် ရလိုကြောင်း တရားစွဲဆိုသည်။

**ဆုံးဖြတ်ချက်။** ။၎င်းအမှုတွင် မူလရုံး တရားလို ဦး ထိုက် ဟုတ် က ဒေါ်တင်ရွှေသည် အမှုတစ်မှု၌ အချင်းဖြစ်မြေနှင့် အိမ်မှာ သူပိုင် ဖြစ် သည်ဟု အရေးဆိုထားကြောင်း ပေါ်ဖြစ်၍ အချင်းဖြစ်အိမ်နှင့် မြေမှာ မိမိပိုင်ဖြစ်ကြောင်းမြွက်ဟကြေညာပေးစေရန် တောင်းဆိုထားသည်မှန် သော်လည်း ဦးထိုက်ဟုတ် စွဲဆိုသော အမှုမှာ အနှစ်သာရအားဖြင့် ဒေါ်တင်ရွှေ လက်ရှိဖြစ်သော မြေနှင့်အိမ်ကို လက်ရောက်ရလိုကြောင်း စွဲဆိုသောအမှုဖြစ်ကြောင်း ယုံမှားသွယ် မရှိချေ။ ဦးထိုက်ဟုတ်သည် အချင်းဖြစ် အိမ်နှင့် မြေကို လက်ရောက် ရခွင့် ရှိ–မရှိ အဆုံး အဖြတ် ပေးရာ၌ ၎င်း အဆိုပြုသည့်အတိုင်း ယင်း အိမ်နှင့် မြေကို သူပိုင် မပိုင် မလွဲမသွေ စိစစ်ဆုံးဖြတ်ရန် လိုအပ်သည်။ သို့ရာတွင် ယင်းသို့ လက် ရောက်ရနိုင်ရန်အလို့ငှာ ဦးထိုက်ဟုတ်သည် အချင်းဖြစ်အိမ်နှင့်မြေကို ပိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ကနဦး အရေးဆိုရန် မလိုချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်တင်ရွှေက ယင်းအိမ်နှင့်မြေကို ပိုင်ဆိုင် ကြောင်း ကြွေးကြော်မှုဖြင့် ဦးထိုက်ဟုတ် အနေဖြင့် မိမိ သာလျှင် ယင်းအိမ်နှင့် မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်အတွက် တောင်းဆိုရန် မလိုချေ။

မချိုပါ ၂ နှင့် မခင်ခင်ကြီး၊ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ တရား စီရင်ထုံးများစာ ၇၂၆ ကို ကိုးကားသည်။

ဒေါ်တင်ရွှေ နှင့် ဦးထိုက်ဟုတ် (ခ) ဦးခွေးပါ–၃ .... ၂၉

စာမျက်နှာ

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၁—တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များကို တရားမဇာရီမှုတွင် တရားရုံးက လိုက်နာကျင့်သုံးခွင့် ရှိ—မရှိ**

**ဆုံးဖြတ်ချက်။** ။ရောဝတီတိုင်း တရားရုံး၏ စီရင်ချက်တွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၁ ပါ ပြဋ္ဌာန်းချက် အရ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များကို တရားမဇာရီမှုတွင် တရားရုံးက လိုက်နာကျင့်သုံးခွင့်ရှိကြောင်း ဖော်ပြသုံးသပ်ထားခြင်းသည် မှန်ကန်ခြင်းမရှိပေ။

မသန်းစိန်နှင့် အခြားသူများနှင့် မလှရင်၊ ၁၉၄၁ ခုနှစ်၊ ရန်ကုန် စီရင်ထုံးစာ ၂၄၆ ကို ရည်ညွှန်းသည်။

မမြင့်မြင့်ကြူပါ(၇) နှင့် မုန်နေရှာ .... .... ၃၀
မြန်မာ့စီးပွားရေးဘဏ် ပုသိမ်မြို့

**အဆိုလွှာကို ပြင်ဆင်ခြင်းနှင့် ချေလွှာကိုပြင်ဆင်ခြင်းသည် သဘောသဘာဝချင်း မတူခြင်း— တရားပြိုင်အား ချေလွှာပြင်ဆင်ခွင့် ပေးရာတွင် စဉ်းစားသင့်သည့် အချက်များ**

**ဆုံးဖြတ်ချက်။** ။တရားလိုက မိမိ စွဲဆိုသည့်အမှုတွင် တရားစွဲဆိုရန် အချင်းဖြစ် အကြောင်းခြင်းရာကို အကြီးအကျယ် ပြောင်းလဲအောင် သို့မဟုတ် အချင်းဖြစ်အကြောင်းခြင်းရာ အသစ်ကို အစားထိုးရာရောက်အောင် အဆိုလွှာကို ပြင်ဆင်ခြင်းနှင့် တရားပြိုင်က ထုချေချက် အသစ်တစ်ရပ်ကို ထည့်သွင်းနိုင်ရန် အတွက် ချေလွှာကို ပြင်ဆင်ခြင်းသည် သဘောသဘာဝချင်း မတူချေ။ တရားပြိုင်သည် တရားလိုစွဲဆိုသောအမှုကို အမျိုးမျိုးအဖုံဖုံ ချေပခွင့်ရှိသည်ဖြစ်ရာ ချေလွှာပြင်ဆင်ခွင့်ပြုရန် သဘောရိုးဖြင့် လျှောက်ထားခြင်း ဖြစ်ပြီး အမှုသည်များအကြား အမှန်တကယ် အငြင်းပွားမှုကို အဆုံးအဖြတ် ပေးနိုင်ရန် အတွက် ပြင်ဆင်ရန် လိုအပ်ကြောင်း ပေါ်ပေါက်သည့်အပြင် တရားမျှတပါက ထုချေချက်အသစ်ကို ထည့်သွင်းထုချေနိုင်ရန် ချေလွှာကို ပြင်ဆင်ခွင့် ပေးသင့်သည်။

ဦးလေးမွှောင်ပါ(၂) နှင့် ဒေါ်တစ်တင်အေးပါ(၅) .... ၄၄

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ တရားရုံးတစ်ရုံး၏ မှားယွင်းသော ဆုံးဖြတ်ချက်ကြောင့် ပေါ်ပေါက်သည့် ထိခိုက်နစ်နာမှုကို မည်သို့ ကုစားပေးနိုင်ခြင်း**

**ဆုံးဖြတ်ချက်။** ။တရားရုံးတစ်ရုံး၏ မှားယွင်းသော ဆုံးဖြတ်ချက်ကို တစ်နည်းနည်းဖြင့်ပြင်ဆင်ပယ်ဖျက်လိုက်ရာတွင် ယင်း မှားယွင်းသော

ဆုံးဖြတ်ချက်ကြောင့် ပေါ်ပေါက်သည့် ထိခိုက်နစ်နာမှုကို တရားရုံး၏ မူလ ဘူတအာဏာဖြင့် ကုစားပေးနိုင်သည်။

ဗီ၊အာ၊ဗီ၊အယ်၊ရာမဆွာမိချစ်တီးရား နှင့် မအေးပါ (၃) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ ၁၂ (တရားလွှတ်တော်) ကို ကိုးကားသည်။

ဒေါ်အုံ နှင့် ဦးမြင့်စိုးပါ (၂) ဒေါ်မြကြွယ် .... .... ၄ဂ

**တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၂၉—ဒီကရီနှစ်ရပ်သည် တသီးတခြားစီ ဖြစ်နေသဖြင့် တစ်ခုနှင့် တစ်ခု ထေနိုင်ခြင်းမရှိသည့် အခြေအနေမျိုးတွင် မိမိ ရရှိသည့် ဒီကရီ ကို အတည်ပြုပေးရန် တစ်ဦးက လျှောက်ထားခြင်းအပေါ် ဆိုင်းငံ့မိန့် ထုတ်ပေးခဲ့ခြင်းသည်တရားမျှတမှုကင်းမဲ့ပြီးလျှောက်ထားသူအားနစ်နာမှုရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးအမ်ဂျီအာမက်တို့က ဦးအုန်းဖေ အပေါ် စွဲဆိုသောအမှုတွင် အနိုင်ရရှိခဲ့ပါက ငွေဒီကရီသာ ရနိုင်မည်ဖြစ်၍ ယင်း ဒီကရီသည် ဦးအုန်းဖေ က ဦးအမ်ဂျီအာမက် အပေါ် ရရှိထားသော အိမ်နှင် ဒီကရီကို ''ထေ'' နိုင်ခြင်းမရှိပေ-ဒီကရီနှစ်ရပ်သည် တသီးတခြားစီ ဖြစ်သည်။ ဤအခြေအနေတွင် မူလရုံးက တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၂၉ အရ လျှောက်ထားသူ အတည်ပြုဆဲ ၁၉၈၇ ခုနှစ် တရားမဇာတိမှုအမှတ် ၅၆ ကို ဆိုင်းငံ့ထားရန် အမိန့်ထုတ်ပေးခဲ့ခြင်းသည် လျှောက်ထားသူအတွက် တရားမျှတမှုကင်းမဲ့စေပြီး နစ်နာမှုရှိနိုင်ပေသည်။

ဦးအုန်းဖေ နှင့် ဦးအမ်ဂျီအာမက်ပါ (၂) .... ၃၇

**သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ —၉ — ဥပဒေ လမ်းကြောင်း အတိုင်းဟူသောစကားရပ်နှင့် ဥပဒေနှင့်အညီဟူသောစကားရပ် တို့၏ အဓိပ္ပာယ်ချင်း မတူညီခြင်း—သီးခြား သက်သာခွင့် အက် ဥပဒေပုဒ်မ ၈ အရ စွဲဆိုသော အမှုသည် ယင်း ဥပဒေပုဒ်မ ၉ အရ စွဲဆိုသော အမှုနှင့် ကွဲပြားခြားနားခြင်း။**

**ဆုံးဖြတ်ချက်။** ။ သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၉ ပါ ''ဥပဒေလမ်းကြောင်းအတိုင်း'' ဟူသော စကားရပ်သည် ''ဥပဒေ နှင့် အညီ'' (Legally) ဟူသောစကားရပ်နှင့် အဓိပ္ပာယ်ချင်းမတူပေ။ ပြဿနာတစ်ရပ်ကို တရားရုံး တစ်ရုံး၏ အဆုံးအဖြတ် ခံယူရန် တင်ပြလာသည့်အတိုင်း တရားရုံးက အဆုံးအဖြတ် ပေးခြင်းသည် ဥပဒေ လမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်။

စာမျက်နှာ

ထင်မံ ဆုံးဖြတ်ချက်။ ။သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၈— အရ စွဲဆိုသော အမှုသည် ပုဒ်မ ၉ အရ စွဲဆိုသော အမှုနှင့် ကွဲပြား ခြားနားသည်။ပုဒ်မ ၉ အရ စွဲဆိုသောအမှုမှာ တရားရုံး၏ ယန္တယား အရမဟုတ်ဘဲ မရွှေ့မပြောင်းနိုင်သောပစ္စည်းမှ ဖယ်ရှားခြင်းခံရသူက စွဲဆိုသောအမှုကို ရည်ညွှန်းသည်။

ဦးလှမောင် (ခ)ဦးဂနီ နှင့် ဦးမောင်သွင် ပါ(၂) .... ၄၀

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ)—အိမ်ထောင်သည် သားသမီးများသည် အိမ်ထောင်ခွဲများ ဖြစ်သဖြင့် ယင်း ဥပဒေပုဒ်မ အရ တရားစွဲဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက အိမ်ထောင်သည် သားသမီးများ အနေဖြင့် စီးပွားရေးမပြည့်စုံသောကြောင့် မိဘအပေါ် မှီခိုနေရသူများဖြစ်သောကြောင့် အိမ်ရှင်မိဘအပေါ် မှီခိုသူသားသမီးများအတွက် အိမ်ရှင်က အိမ်ငှားအား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ စွဲဆိုခွင့်ရှိသည်ဟု ကောက်ယူခြင်းသည် ယင်း ပုဒ်မပါ ပြဋ္ဌာန်းချက်များကို ချဲ့ထွင်ယူရာ ရောက်ပေသည်။ အိမ်ထောင်သည် သားသမီးများသည် မိဘ အပေါ် မှီခိုသူဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ တစ်အိုး,တစ်အိမ် တည်ထောင်သည်နှင့် တစ်ပြိုင်နက် မိဘ၏ အုပ်ထိန်းမှုအောက်မှ လွတ်မြောက်သွားသည်ဖြစ်၍ အိမ်ထောင်ခွဲများ အဖြစ်သို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။

ဦးထွန်းရှိန် နှင့် ဒေါ်တင်လှ၊ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၅၄ ကို ကိုးကားသည်။

ဒေါ်ဇော်ရှေပါ (၃) နှင့် ဒေါ်စိန်မြ .... ၁၃

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်ပါ ပြဋ္ဌာန်းချက်— ယင်း ခြွင်းချက်ပါ ပြဋ္ဌာန်းချက် တွင် အကျုံးဝင်သူသည် ငှားရမ်းထားသည့် ဥပစာကို ပိုင်ဆိုင်သူ ဖြစ်—မဖြစ်။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက် တွင် အကျုံးဝင်သောသူသည် ငှားရမ်းထားသည့်ဥပစာကို လုံးလုံးလျားလျား ပိုင်ဆိုင်သူဖြစ်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။

ဦးအုန်းခိုင် နှင့် ဒေါ်သိန်း .... .... ၅၄

## တရားမအထွေထွေအယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်–၂၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဒေါက်တာ မန်းသက်စံတို့ ပါဝင်သော ဗဟို တရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးကြူးမင်းပေါ် (၂)

နှင့်

ဒေါ်နန်းရွှေသစ် *

† ၁၉၈၈
ဇူလိုင်လ
၇-ရက်

**ပစ္စည်းကို ရောင်းချခြင်း၊ ပစ္စည်းကို ဝရမ်းမဖမ်းဘဲရောင်းချနိုင်–မနိုင် ပစ္စည်းကို ဝရမ်း ဖမ်းဆီးရခြင်း၏ ရည်ရွယ်ချက်**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းကို ဝရမ်းဖမ်းပါမှရောင်းချနိုင်သည်ဟူသော ပြဋ္ဌာန်းချက် မရှိပေ။ ပစ္စည်းကို ဝရမ်းဖမ်းရခြင်း၏ ရည်ရွယ်ချက်မှာ ရောင်းချခြင်း မပြုနိုင်မီတရားရုံးက သူပိုင်ပစ္စည်းကိုထုခွဲခြင်းမှကာကွယ်ရန် ဖြစ်သည်။

အယူခံ တရားလိုများအတွက် — ဦးကြည်ဖေစိန်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံ တရားပြိုင်အတွက် — ဦးလှကို၊ ဗဟိုတရားရုံးရှေ့နေ

တရားရေး အကြံပေး — ဦးခင်စိုး

ရှမ်းပြည်နယ် တရားရုံး၊ ၁၉၈၇ ခုနှစ် တရားမ ဇာရီမှု အမှတ် ၄ (တောင်ကြီး)တွင် အယူခံ တရားပြိုင် ဒေါ်နန်းရွှေသစ်က အယူခံ တရားလို ဦးကြူးမင်းနှင့် ဒေါ်ဂျူးရီတို့အပေါ် အဆိုပါ တရားရုံး ၁၉၈၆ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၄ (တောင်ကြီး)တွင် ရရှိထားသောဒီကရီကို အတည်ပြုခဲ့သည်။ တရားနိုင်က တရားရှုံးပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ရောင်းချပေးရန် လျှောက်ထားသည့်အခါ ရှမ်းပြည်နယ် တရားရုံးက အရောင်းကြော်ငြာ ထုတ်ခဲ့သည်။ ရောင်းချရန်

* ၁၉၈၈ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၅

† ၁၉၈၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄ (တောင်ကြီး) တွင် ချမှတ်သော (၂၆-၁-၈၈) ရက်နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏အမိန့်ကိုအယူခံမှု။

၁၉၈၈
ဦးကြူးမင်းပါ (၂) နှင့် ဒေါ်နန်းရွှေသစ်

စီစဉ်ဆဲတွင် ၁၉-၁-၈၈ နေ့၌ တရားရှင်များက လျှောက်လွှာ (၃) စောင် တင်ခဲ့သည်။ လျှောက်လွှာ (၂) စောင်ကို ပလပ်၍ တတိယလျှောက်လွှာနှင့် စပ်လျဉ်းပြီး တရားရှင်များ လျှောက်ထားသည့်အတိုင်း ရောင်းချရန် စီစဉ်လျက်ရှိသည့် ပစ္စည်းကို တရားရုံးအား တရားရုံး ပြင်ပတွင် ရောင်းချ ခွင့်ပြုကြောင်း တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၈၃ အရ ခွင့်ပြုခဲ့သည်။ တရားရှင်များက ရှမ်းပြည်နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤတရားမ အထွေထွေ အယူခံကို တင်သွင်းလာခြင်း ဖြစ်သည်။

ပထမ လျှောက်လွှာမှာ အရောင်းကြော်ငြာကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းနှင့် သက်ဆိုင်သည်။ ဒုတိယလျှောက်လွှာမှာ အရောင်းကြော်ငြာတွင် ဖော်ပြထားသည့်ပစ္စည်းတန်ဖိုးကိုကျပ်၅၀၀၀၀၀/-အဖြစ် သတ်မှတ်ပေးရန် ကိစ္စနှင့် သက်ဆိုင်သည်။ တတိယ လျှောက်လွှာတွင် ရောင်းချရန် စီစဉ်လျက်ရှိသည့်ပစ္စည်းကို တရားရှင်ကိုယ်တိုင် တရားရုံး ပြင်ပတွင် ရောင်းချခွင့်ပေးရန် လျှောက်ထားခြင်း ဖြစ်သည်။ တတိယ လျှောက်လွှာနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် တရားရုံးက တရားရှင် လျှောက်ထားသည့်အတိုင်း ခွင့်ပြုသော်လည်း ရှမ်းပြည်နယ် တရားရုံး၊ ၁၉၈၆ ခုနှစ် တရားမကြီးမှု အမှတ် ၂၄ တွင် အငြင်းပွားလျက်ရှိသည့် ငွေကျပ် တစ်သိန်း/-ကျော်ကို ပေးသွင်းရန် စည်းကမ်းချက် သတ်မှတ်သည့်ဖြစ်၍ မကျေနပ်သောကြောင့် အယူခံ တရားလိုတို့က အယူခံ ဝင်ရောက်လာခြင်း ဖြစ်သည်။

ရှမ်းပြည်နယ် တရားရုံး၏ ဆုံးဖြတ်ချက်မှာ အမှုသည်တို့၏ ရပိုင်ခွင့်နှင့် စပ်လျဉ်းပြီး အပြီးသတ် ချမှတ်သည့် ဆုံးဖြတ်ချက်မျိုးမဟုတ်၍ တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၂ (၂) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသော ဒီကရီ မဟုတ်ချေ။ ထို့ပြင် တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ (၁) နှင့် အမိန့် ၄၃၊ နည်း(၁) တွင် ဖော်ပြထားသော အယူခံ ဝင်ခွင့်ရှိသည့် အမိန့်မျိုးလည်း မဟုတ်ချေ။ သို့ဖြစ်၍ အယူခံ တရားလိုတို့သည် ဗဟို တရားရုံးတွင် ရှမ်းပြည်နယ် တရားရုံး၏ အမိန့်ကို အယူခံဝင်ခြင်းမှာ မှားယွင်းသည်။ ဗဟို တရားစီရင်ရေးအဖွဲ့က အယူခံ တရားလိုတို့၏ရှေ့နေအား ရှမ်းပြည်နယ် တရားရုံး၏ အမိန့်ကို အယူခံဝင်ခြင်းမှာ မှန်-မမှန် မေးမြန်းရာ အယူခံ တရားလိုတို့၏ ရှေ့နေက ပြင်ဆင်မှုအဖြစ် ပြောင်းလဲ၍ ကြားနာရန် တင်ပြသောကြောင့် ဤအယူခံကိုပြင်ဆင်မှုအဖြစ် သတ်မှတ်၍ အဆုံးအဖြတ်ပေးမည် ဖြစ်သည်။

လျှောက်ထားသူတို့၏ တင်ပြချက်ကို အဆုံးအဖြတ်မပေးမီ အယူခံ အမှုကြောင်းပြချက် ရေးသားခြင်းနှင့်စပ်လျဉ်း၍ ဝေဖန်လိုသည်။ အယူခံ

အကြောင်းပြချက်များကို ရေးသားရာ၌ အောက်ရုံး၏ ဆုံးဖြတ်ချက် မညီညွတ်မည့်ပုံ မှားယွင်းကြောင်း အပိုင်ခဲ့၍ ရေးသားရန်ဖြစ်သည်။ အယူခံ တရားလိုတို့၏ အယူခံလွှာတွင် အကြောင်းပြချက်များကို ရှုပ်ထွေးစွာ ဖော်ပြထားသည်ကို တွေ့ရသည်။ နောင်တွင် တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၁ တွင် ဖော်ပြထားသည့် အတိုင်း နည်းလမ်းတကျ ရေးသားဖော်ပြရန် အယူခံတရားလိုတို့၏ရှေ့နေများအား နှိုးဆော်လိုက်သည်။

၁၉၀၀
ဦးကြူးမင်းပါ (၂)နှင့် ဒေါ်နန်းရွှေသစ်

အယူခံ တရားလိုတို့၏ ရှေ့နေက ပစ္စည်းရောင်းချခြင်းမပြုမီ ဝရမ်း ဖမ်းဆီးခြင်းမပြုသည့်ကိစ္စကို တင်ပြထားကြောင်းတွေ့ရသည်။ ပစ္စည်းကို ဝရမ်းဖမ်းပါမှ ရောင်းချနိုင်သည်ဟူသော ပြဋ္ဌာန်းချက်မရှိပေ၊ ပစ္စည်းကို ဝရမ်းဖမ်းရခြင်း၏ ရည်ရွယ်ချက်မှာ ရောင်းချခြင်းမပြုနိုင်မီ တရားရှုံးက သူပိုင်ပစ္စည်းကို လွှဲခြင်းမှ ကာကွယ်ရန်ဖြစ်သည်။ ပစ္စည်းကို ဝရမ်းကပ် ပြီးနောက်တရားရှုံးက ရောင်းချလျှင် ယင်းသို့ရောင်းချခြင်းမှာ အတည် မပြုလျက်ရှိသော ဒီကရီအရ ရပိုင်ခွင့်ရှိသမျှနှင့် စပ်လျဉ်း၍ ပျက်ပြယ်မည်ဖြစ် သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၆၄ ကိုကြည့်ပါ။

ပစ္စည်းကို ဝရမ်းမကပ်ဘဲ ရောင်းချရန် လျှောက်ထားရာ၌ ယင်း ပစ္စည်းကို တရားရှုံးက လွှဲနိုင်သည့်အချက်ကို တရားနိုင်ကမစိုးရိမ်သဖြင့် ယင်းသို့လျှောက်ထားခြင်းဖြစ်သည်။ တရားရုံးက ပစ္စည်းကို လေလံတင် မရောင်းချမီ တရားရှုံးက ပစ္စည်းကို လွှဲလိုက်ပါမူ တရားနိုင်၏တာဝန် သာ ဖြစ်ပေလိမ့်မည်။ ပစ္စည်းကို ဝရမ်းမကပ်ခြင်းကြောင့် ရောင်းချခြင်း မပြုနိုင် ဟူသော ဥပဒေမရှိ၍ တရားရှုံးဘက်မှ တင်ပြချက်ကို လက်ခံ စဉ်းစားရန် အကြောင်းမရှိချေ။

တရားရှုံးဘက်မှ အရောင်း ကြော်ငြာတွင် ပစ္စည်း တန်ဖိုးကို လျှော့ပြထား၍ မြင်ဆင်သင့်ကြောင်း အကျယ်တဝင့် တင်ပြထားသည်။ တရားရှုံးများ၏ ရှေ့နေသည် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၆၆ ပါပြဋ္ဌာန်းချက်များကို သတိမမူမိဟန်မတူချေ။ ယင်းပြဋ္ဌာန်းချက် များအရ တရားရှုံးပိုင်ပစ္စည်းကို လေလံတင် ရောင်းချရာတွင် အရောင်း ကြော်ငြာမထုတ်မီ တရားရှုံးနှင့်တရားနိုင်တို့ထံ အကြောင်းကြားစာ ထုတ် ရမည်ဖြစ်ကြောင်း နည်း ၆၆ (၂) တွင် အတိအလင်း ပြဋ္ဌာန်းထားသည်၊ ရှမ်းပြည်နယ်တရားရုံးသည် ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ထား ခြင်းမရှိချေ၊ သို့ဖြစ်၍ အရောင်းကြော်ငြာမှာ ကနဦးကတည်းက ပျက် ပြယ်သည်။

ရောင်းချရန် စီစဉ်ထားသော ပစ္စည်းများကို တရားရုံး မြင်ပတွင် လွှဲခဲ့ရန် ရှမ်းပြည်နယ် တရားရုံးက တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁

၁၉၈၈
ဦးကြူးမင်းပါ
(၂)နှင့်
ဒေါ်နန်း
ရွှေသစ်

နည်း ၇၃အရ ခွင့်ပြုထားကြောင်းတွေ့ရသည်။ သို့ရာတွင် အဆိုပါတရားရုံး ၁၉၈၆ခုနှစ် တရားမကြီးမှုအမှတ် ၂၄တွင် အငြင်းပွားနေသည့်ငွေကျပ် ၁၀၄၀၀၈/–ကိုလည်း ဘဏ်တွင်ပေးသွင်းရန် စည်းကမ်းချက် သတ်မှတ်ခြင်းမှာ နည်း ၇၃(၁) အရ သတ်မှတ်နိုင်သည့် စည်းကမ်းချက်များထက် ကျော်လွန်နေသည်ကို တွေ့ရသည်။ အဆိုပါအမှုတွင် မည်သူအနိုင်ရမည်ကို မသိရသေးသည့် အခြေအနေတွင် တရားရှုံးများ အနေဖြင့် ယင်းငွေများကို ပေးဆပ်ရန် တာဝန်မရှိသေးချေ။

ထို့ကြောင့် ဦးကြူးမင်းတို့ တင်သွင်းသည့်အယူခံကို ပြင်ဆင်မှုအဖြစ် သတ်မှတ်၍ ယင်းပြင်ဆင်မှုကို တစ်စိတ် တစ်ဒေသခွင့်ပြုပြီး ချောင်းချရန် စီစဉ်လျက်ရှိသည့် အချင်းဖြစ် ပစ္စည်းများကို တရားရုံးမြင်ပဲ့ တရားရှုံးအား ချောင်းချစေရန် အမိန့် ၂၁၊ နည်း ၇၃ (၁) အရ ချမှတ် သည့် အမိန့်ကို အတည်ပြုသည်။ သို့ရာတွင် ရှမ်းပြည်နယ် တရားရုံး၊ ၁၉၈၆ ခုနှစ်တရားမကြီးမှုအမှတ် ၂၄တွင် အငြင်းပွားနေသည့် ငွေကျပ်တစ်သိန်းကျော်ကို ဘဏ်တွင်ပေးသွင်းရမည်ဟူသော စည်းကမ်းချက်ကိုမူ ပယ်ဖျက်လိုက်သည်။

အကယ်၍ တရားရှုံးများသည် တရားရုံးက ခွင့်ပြုသည့် အတိုင်း တရားရုံးက သတ်မှတ်ပေးသည့် ကာလအတွင်း အချင်းဖြစ် ပစ္စည်းများကို ချောင်းချရန် ပျက်ကွက်ခဲ့၍ ယင်းပစ္စည်းများကို တရားရုံးက လေလံတင် ရောင်းချလိုပါမူ အကြောင်း ကြော်ငြာ ထုတ်ရာ၌ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၆၆ ပါပြဋ္ဌာန်းချက်ကို တိတိ ကျကျ လိုက်နာရန် ရှမ်းပြည်နယ်တရားရုံးအား ညွှန်ကြားလိုက်သည်။

စရိတ်သတ်မှတ်ခြင်းမပြု။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးမျိုးမြင့်၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာမန်းသက်စံနှင့် ဦးဝင်းမောင်-၂တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးစံဝင်းပါ-၂

နှင့်

ဘဏ်မန်နေဂျာ

မြန်မာစီးပွားရေးဘဏ်၊ ပြည်မြို့ *

† ၁၉၇၇ ဇွန်လ ၆-ရက်

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၄၊ နည်း၃ (၄)-ပစ္စည်းပေါင်သူ၊ ၎င်း ကွယ်လွန်ပြီး ဖြစ်ပါမူ၊ ၎င်း၏ အမွေစား အမွေခံများအပေါ် မပြေကျေသော ကြွေးမြီအတွက် ပုဂ္ဂလိကဒီကရီ ချမှတ်နိုင်ခြင်း- တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၂၊ ပစ္စည်းပေါင်သူ၏ အမွေစား အမွေခံများအပေါ် ချမှတ်သော ပုဂ္ဂလိကငွေ ဒီကရီသည် ကွယ်လွန်သွားသော ပစ္စည်းပေါင်သူ၏ အမွေ ပစ္စည်းများမှ ပေးဆပ်ရန် ဒီကရီမျိုးဖြစ်ရန် လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေအမိန့် ၃၄ နည်း ၃ (၄) အရ ပစ္စည်းပေါင်သူအပေါ် မပြေကျေသော ကြွေးမြီအတွက် ပုဂ္ဂလိက ဒီကရီ ချမှတ်နိုင်သည်။ ဒီကရီ ချမှတ်မည့် အချိန်တွင် ပစ္စည်းပေါင်သူ ကွယ်လွန်ပြီး ဖြစ်ပါမူ ၎င်း၏ အမွေစား အမွေခံများအပေါ် ပုဂ္ဂလိက ဒီကရီ ချမှတ်နိုင်သည်။ သို့ရာတွင် ပစ္စည်းပေါင်သူအပေါ် ချမှတ်သည့် ဒီကရီနှင့် ပေါင်သူ၏ အမွေစား အမွေခံများအပေါ် ချမှတ်သည့် ဒီကရီသည် ကွဲပြား ခြားနားသည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များအရ ပစ္စည်းပေါင်သူ၏ အမွေစား အမွေခံများအပေါ် ချမှတ်သော ပုဂ္ဂလိကငွေ ဒီကရီသည် ကွယ်လွန်သွားသော ပစ္စည်းပေါင်သူ၏ အမွေပစ္စည်းများမှ ပေးဆပ်ရန် ဒီကရီမျိုးဖြစ်ရန် လိုသည်။ အကြောင်းမူ အမွေစား အမွေခံတို့သည် ကွယ်လွန်သူ တင်ရှိသော

---

* ၁၉၇၇ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၉

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ (မြည်)တွင် ချမှတ်သော (၁၆-၁၁-၇၇) ရက်စွဲပါ ပဲခူးတိုင်းတရားရုံး၏အမိန့်ကိုအယူခံမှု။

၁၉၀၀ ဦးစံဝင်းပါ (၂)နှင့် ဘဏ် မန်နေဂျာ မြန်မာ့စီးပွား ရေးဘဏ် ပြည်မြို့

ကြွေးမြီအတွက် သူတို့၏ အိတ်ထဲမှ စိုက်ထုတ်ပေးဆပ်ရန် တာဝန် မရှိချေ။

အယူခံ တရားလိုများအတွက် — ဦးစောလွင်၊ ဗဟို တရားရုံး ရှေ့နေ

အယူခံ တရားပြိုင်အတွက် — ဦးခင်မောင်တင့်၊ ဥပဒေ ဝန်ထမ်း အဆင့် (၁) ဗဟို ဥပဒေရုံး

တရားရေး အကြံပေး — ဦးလှမြင့်ဝင်း

ပဲခူးတိုင်း တရားရုံး၊ ၁၉၆၃ ခုနှစ် တရားမကြီးမှု အမှတ် ၃ (မြည်) တွင် ပြည်မြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာက ကွယ်လွန်သူ ဒေါ်ရှင်အပေါ် အပေါင်ဒီကရီ ရရှိခဲ့ရာ အပေါင်ပစ္စည်းကို ရောင်းချ သော်လည်း ကြွေးမကျေသဖြင့် အယူခံ တရားလို ဦးစံဝင်းနှင့် ဦးတင် ဝင်းတို့အပေါ် ကွယ်လွန်သူ ဒေါ်ရှင်၏ တရားဝင် ကိုယ်စားလှယ်များ အဖြစ်ဖြင့် မှုပြေကျန်ရှိသော ကြွေးမြီ ကျပ်ငါးသိန်းကျော်အတွက် ၁၉၀၄ ခုနှစ်တွင် ပုဂ္ဂလိက ဒီကရီ ချမှတ်သည်။ ယင်းဒီကရီကို ပဲခူးတိုင်း တရားရုံး တရားမ ဇာရီမှု အမှတ် ၉/၇၇ (မြည်) တွင် အတည်ပြုရာ၌ တိုင်းတရားရုံးက အငြင်းပွားလျက်ရှိသော စက်ဘီးကို ဇာရီမှုတွင် ထည့်သွင်းရန် အမိန့်ချမှတ်သောကြောင့် အယူခံတရားလိုတို့က ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

အယူခံ တရားလိုများ၏ ရှေ့နေက ဦးတင်ဝင်းနှင့် ဦးစံဝင်းတို့ အပေါ် တရားရှုံးဖြစ်သော မိခင်ဒေါ်ရှင် (ကွယ်လွန်) ထံမှ ၎င်းတို့ အမွေဆက်ခံခွင့်ရှိသည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ပုဂ္ဂလိက ဒီကရီ ချမှတ်နိုင်ကြောင်း၊ ဦးတင်ဝင်းကိုယ်ပိုင် ရရှိသော ဝင်ငွေနှင့် ဝယ်ယူ ထားသော စက်ဘီးကို ဇာရီမှုတွင် မထည့်သွင်းထိုက်ကြောင်း တင်ပြသည်။

အယူခံ တရားပြိုင်အတွက် ဥပဒေဝန်ထမ်း အဆင့် (၁) က ပဲခူး တိုင်း တရားရုံးသည် အချင်းဖြစ် ပစ္စည်းအား ကွယ်လွန်သူ တရားရှုံး ထံမှ တရားဝင် ကိုယ်စားလှယ်ထံသို့ ရောက်ရှိလာသော ပစ္စည်းအဖြစ် မှတ်ယူ၍ ဇာရီမှုတွင် လက်ခံ ထည့်သွင်းခဲ့သည်ဟု သဘောရကြောင်း၊ သို့ဖြစ်၍ ဥပဒေနှင့်အညီ သင့်မြတ်သော အမိန့်ကို ချမှတ်ပါရန် တင်ပြသည်။

အယူခံဝင်သည့် ပြဿနာကို အဆုံးအဖြတ် မပြုမီ တိုင်းတရားရုံး၏ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မှတ်ချက်ပြုလိုသော ကိစ္စများကို ဖော်ပြ လိုသည်။ ပုဂ္ဂလိက ဒီကရီ ချမှတ်ရာတွင် ကွယ်လွန်သူ ဒေါ်ရှင်တို့

တရားပြိုင်အဖြစ် ဖော်ပြခဲ့သည်။ ဇာရီမှုကို ... ၆င်လှစ်ရာတွင်လည်း ဒေါ်ရှင်ကို အမှုသည် တစ်ဦးအဖြစ် ဖော်ပြထားသည်ကို ... တွေ့ရသည်။ ပုဂ္ဂလိက ဒီကရီ ချမှတ်စဉ်အခါက ဒေါ်ရှင်မှာ ကွယ်လွန်ပြီး ... ...စ်သည့် အလျောက် ... ယ်လွန်ပြီးသော သူ့အပေါ်ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းသည်။ ... ...းခြင်းသည့် အမှုသည်အပေါ် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထား... ထမ်ဆင့် မှားယွင်းချက် ဖြစ်သည်။

၁၉၈၈
ဦးစံဝင်းဝါ (၂) နှင့် ဘဏ် မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ပြည်မြို့

တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄ နည်း ၃ (၄) အရ ပစ္စည်းပေါင်သူအပေါ် မပြေကျေသော ကြွေးမြီအတွက် ပုဂ္ဂလိက ဒီကရီ ချမှတ်နိုင်သည်။ ဒီကရီချမှတ်မည့်အချိန်တွင်ပစ္စည်းပေါင်သူ ကွယ်လွန်ပြီး ဖြစ်ပါမူ ၎င်း၏အမွေစား အမွေခံများ အပေါ် ပုဂ္ဂလိကဒီကရီ ချမှတ်နိုင်သည်။ သို့ရာတွင်ပစ္စည်းပေါင်သူအပေါ် ချမှတ်သည့် ဒီကရီနှင့် ပေါင်သူ၏ အမွေစားအမွေခံများအပေါ် ချမှတ်သည့်ဒီကရီသည် ကွဲပြားခြားနားသည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များအရ ပစ္စည်းပေါင်သူ၏ အမွေစား အမွေခံများအပေါ် ချမှတ်သော ပုဂ္ဂလိကငွေ ဒီကရီသည် ကွယ်လွန်သွားသော ပစ္စည်းပေါင်သူ၏ အမွေပစ္စည်းများမှ ပေးဆပ်ရန် ဒီကရီမျိုးဖြစ်ရန် လိုသည်။ အကြောင်းမူ အမွေစား အမွေခံတို့သည် ကွယ်လွန်သူ တင်ရှိသော ကြွေးမြီအတွက် သူတို့၏ အိတ်ထဲမှ စိုက်ထုတ် ပေးဆပ်ရန် တာဝန်မရှိချေ။ ကွယ်လွန်သူထံမှ ဆက်ခံ ရရှိသော အမွေပစ္စည်း အတိုင်းအတာ အထိသာ ပေးဆပ်ရန် တာဝန်ရှိသည်။ သို့ဖြစ်ရာ အယူခံ တရားလိုတို့အပေါ် ဒေါ်ရှင် ပေးဆပ်ရန် ရှိသော ကြွေးမြီအတွက် ပုဂ္ဂလိက ဒီကရီ ချမှတ်ရာတွင် ဒေါ်ရှင်၏ အမွေမှ ပေးဆပ်ရန် ဖြစ်ကြောင်း ဒီကရီတွင် ဖော်ပြရန် လိုသည်။ ဤအမှုတွင် ယင်းသို့ ဖော်ပြထားခြင်း မရှိသော်လည်း တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များအရ အယူခံ တရားလိုတို့သည် ဒေါ်ရှင် ပေးဆပ်ရန် ကျန်ရှိသေးသည့် ကြွေးမြီများကို သူတို့ ကိုယ်ပိုင်ငွေဖြင့် ပေးဆပ်ရန် မဟုတ်ပေ။

တရားနိုင်ဘဏ် ဘဏ်မှ ၁၅-၇-၈၇ ရက်စွဲပါ လျှောက်လွှာ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

"အထက်ပါအမှုနှင့်ပတ်သက်၍ တရားရှုံးပိုင်ပစ္စည်း စာရင်း စုံစမ်းရာ ဦးတင်ဝင်း တွင် ရာလေး အမည်ပါ စက်ဘီးဟောင်း တစ်စီး ရှိပါကြောင်း၊ အဆိုပါစက်ဘီးမှာ ကာလတန်ဘိုး ကျပ် ၁၀၀၀ ကျော်သာရှိပါကြောင်း၊ တင်သွင်းလျှောက်ထားသည်။

ဦးစံဝင်းသည် ရန်ကုန်တွင် နေသည်ဟုသိရသော်လည်း အတိအကျစုံစမ်းရှာဖွေရာ မရရှိသေးပါကြောင်း တင်ပြပါသည်။"

၁၉၈၈
ဦးစံဝင်းပါ (၂)နှင့် ဘဏ်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ပြည်မြို့

ဦးတင်ဝင်း ၏ ရှေ့နေက အချင်းဖြစ်စက်ဘီးမှာ ဦးတင်ဝင်း ပိုင်ဖြစ်ကြောင်းတင်ပြပြီး ဇာဂနီမှုနှင့် မသက်ဆိုင်သဖြင့် ပစ္စည်း စာရင်းတွင် မထည့်သွင်း ထိုက်ကြောင်း ကန့်ကွက် ပြောဆိုရာမှ တိုင်း တရားရုံးက ၁၆-၁၁-၈၇ ရက်စွဲပါ အမိန့်အရ ယင်းပစ္စည်းကို ဇာဂနီမှုတွင်ထည့်သွင်းရန် အမိန့်ချမှတ်ခဲ့ကြောင်းတွေ့ရှိရသည်။

တရားမကျင့်ထုံး ဥပဒေတွင် ပစ္စည်းကို ဇာဂနီမှုတွင် ထည့်သွင်းသည့် ကိစ္စ မပါရှိချေ။ အချင်းဖြစ် ဒီဂရီကို မည်သို့မည်ပုံ အတည်ပြု ရမည်ဖြစ်ကြောင်း တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂တွင် ပြဋ္ဌာန်းထားရာ ယင်းပစ္စည်းသည် ကွယ်လွန်သူ၏ပစ္စည်းဖြစ်ပါမူ တရားနိုင်ဘက်မှ ပုဒ်မ၅၂ (၁) ပါ ပြဋ္ဌာန်းချက်အရ အချင်းဖြစ်စက်ဘီးကို ဝရမ်းကပ်၍ ရောင်းချပေးရန်အတွက် လျှောက်ထားရန်ဖြစ်သည်။ တရားနိုင်ဘက်မှ ယင်းသို့လျှောက်ထားခြင်းမရှိပေ။ သို့ရာတွင် တိုင်းတရားရုံးက အထက်တွင် ဖော်ပြခဲ့သည့် အမိန့်ကို ၁၆-၁၁-၈၇ ရက်နေ့တွင် ချမှတ်ပြီးနောက် ပစ္စည်း ဖမ်းဝရမ်းထုတ်ရန်ဖိုနေ့နေ့စဉ်မှတ်တမ်း၌ အမိန့်ချမှတ်ထားကြောင်း တွေ့ရှိရသည်။ သို့ရာတွင် တိုင်းတရားရုံးက တရားမပုံစံ ၈၆ ဖြင့် ဝရမ်း ထုတ်ထားကြောင်းတွေ့ရှိရသည်။ ယင်းဝရမ်းမှာ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ဝရမ်းဖမ်းရာ၌ အသုံးပြုရမည့်ပုံစံဖြစ်သည်။ သက်သေခံစက်ဘီးကို ဝရမ်းကပ်ရာ၌ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၄၃ အရ ဝရမ်းထုတ်ဆင့်ရန် ဖြစ်သည်။ ဝရမ်း အတည်ပြုသူသည် အချင်းဖြစ် စက်ဘီး ကို လက်ရောက်သိမ်းယူရမည်ဖြစ်သည်။ သို့ရာတွင် ဝရမ်းအတည်ပြုသူ ဘီလစ်က ၂၃-၁၁-၈၇ ရက်စွဲဖြင့် အစီရင်ခံရာ၌ ဝရမ်းကို ဖတ်ပြ၍ တရားရှုံး၏ ဇနီးကို ပေးအပ်ခဲ့ကြောင်း တင်ပြထားသည်ကို တွေ့ရသည်။ လုပ်ထုံးလုပ်နည်းမှားယွင်းသည်။

တရားရှုံးဦးတင်ဝင်းက ၇-၁၂-၈၇ရက်စွဲပါလျှောက်လွှာဖြင့် အချင်းဖြစ်စက်ဘီးကိုရောင်းချခွင့်ပြုရန် ငွေကျပ် ၁၀၀၀/-ကို ကြိုတင်ပေးသွင်းကြောင်း တင်ပြခဲ့ရာ တရားရုံးက လက်ခံ ခဲ့သည်။ တရားရှုံး၏ လျှောက်ထားချက်သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁နည်း ၅၇ (က) အရ ဖြစ်ဟန်ရှိသည်။ တိုင်းတရားရုံးသည် ငွေကျပ် ၁၀၀၀/-ကိုလက်ခံသော်လည်း အဆိုပါ နည်းဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ တရားရုံးက စက်ဘီးကိုရောင်းချရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၄၃ နှင့်အညီ လျှောက်ထားခြင်းလည်း မရှိချေ။

တိုင်းတရားရုံးက ၁၆-၁၁-၈၇ နေ့တွင် ဤအမှု၌ အယူခံဝင်သော အမိန့်ကို ချမှတ်ပြီးနောက် အချင်းဖြစ်စက်ဘီးကို ဝရမ်းကပ်ခဲ့ရာ တရားရုံး

ဦးတင်ဝင်းက ဝရမ်းခွာပေးရန် လျှောက်ထားခဲ့ခြင်း မရှိချေ။ တိုင်းတရားရုံး၏ ၁၆–၁၁–၈၇ရက်စွဲပါ အမိန့်သည် ဒီကရီ အတည်ပြုခြင်းနှင့် ပေါင်လျှဉ်း၍ အမှုသည်တို့ အခွင့်အရေးကို အပြီးသတ် အဆုံးအဖြတ် ပေးသော အမိန့်မျိုး မဟုတ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၂)တွင် အကျုံး ဝင်သော ဒီကရီမဟုတ်သည့်အလျောက် ဗဟိုတရားရုံးတွင် အယူခံဝင်ခြင်းမှာ မှားယွင်းသည်။ ထို့ပြင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စက်ဘီးအား ဝရမ်းကပ်ခြင်းကို တရားရုံးဦးစင်စမ်းက တစ်စုံ တစ်ရာ ကန့်ကွက်ခြင်းမရှိသည့်အပြင် စက်ဘီး၏ တန်ဖိုးကို တိုင်းတရားရုံးသို့ ပေးသွင်းထားသည့်အတွက် တိုင်းတရားရုံး၏ ၁၆-၁၁-၈၇ ရက်စွဲပါ အမိန့်ကို ပြင်ဆင်ပေးခြင်းဖြင့် အကျိုးရှိနိုင်ဖွယ်ရာ အကြောင်းမရှိပေ။

၁၉၈၈ ဦးစံဝင်းပါ (၂)နှင့် ဆက် စနှနေရာ မြို့တော်စီရင်စု ရေးဘက် ပြည်သူ

အချင်းဖြစ်စက်ဘီးအား ဝရမ်းကပ်ခဲ့သည့်ကိစ္စနှင့် ပေါင်လျှဉ်း၍ နောင်တွင် ပြဿနာများရှုပ်ထွေးခြင်းမရှိစေရန် အလို့ငှာ တိုင်း တရားရုံးသည် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁နည်း ၅၇(က)နှင့် နည်း ၈၃ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုအပ်သလို ဆောင်ရွက်ရန် ညွှန်ကြားပြီး ဤအယူခံကို ပလပ်လိုက်သည်။ စရိတ်မသတ်မှတ်။

## တရားမအထွေထွေအယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးအေးစန်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ကျော်နှင့် ဦးထွန်းတင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၀ ဧပြီလ ၂၀-ရက်

ဒေါ်စိုးစိုးညိုပါ (၅)

နှင့်

ဒေါ်သန်းညွန့် *

တရားမကျင့်ထုံး ဥပဒေအမိန့် ၄၉ ၊ နည်း ၁ –အမွေ ဆက်ခံခွင့် လက်မှတ် လျှောက်ထားသည့် အမှုတွင် အငြင်းပွားသည့်ပစ္စည်း တစ်ရပ်ရပ် ရှိမရှိ၊ ယာယီ တားဝရမ်း ထုတ်ပေးရန် လျှောက် ထားနိုင်ခွင့် ရှိမရှိ၊

ဆုံးဖြတ်ချက်။ ။အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားသည့် အမှုမျိုးတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ရည်ညွှန်းသည့် ''အငြင်းပွားသည့် ပစ္စည်းတစ်ရပ်ရပ်'' ရှိသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုများအတွက် – ဦးခင်မောင်ဇော်၊ ဗဟို တရားရုံးရှေ့နေ

အယူခံ တရားပြိုင်အတွက် – ဦးဘိုဘို၊ ဗဟို တရားရုံးရှေ့နေ

တရားရေး အကြံပေး – ဦးမြင့်လွင်

မန္တလေးတိုင်း တရားရုံး၊ ၁၉၇၆ ခုနှစ် တရားမ အသေးအဖွဲ့မှု အမှတ် ၇၉ (အရှေ့မြောက်) တွင် အယူခံတရားပြိုင် ဒေါ်သန်းညွန့်က ဒေါ်စိုးစိုးညိုပါ (၁၀) ဦးတို့အပေါ် ကွယ်လွန်သူ ဒေါ်သိန်းရင် ကျန်ရစ်

---

* ၁၉၇၇ ခုနှစ်။ တရားမအထွေထွေ အယူခံမှုအမှတ် ၃၆

† ၁၉၇၆ ခုနှစ်။ တရားမ အသေးအဖွဲ့မှုအမှတ် ၇၉ (အရမ)တွင် ချမှတ်သော (၁၄-၇-၇၇) ရက်နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၉၀
ဒေါ်စိုးစိုးရီပါ (၅)နှင့် ဒေါ်သန်းညွန့်

သည့် မန္တလေးဘဏ်(၁)တွင် ချိပ်ပိတ် အပ်နှံထားသော ရတနာ ပစ္စည်း (၃၄)မျိုးကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံခွင့် လက်မှတ် လျှောက်ထားသည်။ ထိုသို့ လျှောက်ထားစဉ်အတွင်း အယူခံ တရားပြိုင် ဒေါ်သန်းညွန့်၏ လျှောက်ထားချက်အရ အဆိုပါ ရတနာပစ္စည်း (၃၄) မျိုးကို အယူခံ တရားလို ဒေါ်စိုးစိုးရီတို့က ဘဏ်မှ ထုတ်ယူခြင်း မပြုရန် အတွက် တိုင်းတရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီ တားဝရမ်း ထုတ်ပေးလိုက်သည်။ ထိုသို့ ယာယီ တားဝရမ်း ထုတ်ပေးလိုက်သည့် တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ် သောကြောင့် ဒေါ်စိုးစိုးရီတို့က ဗဟို တရားရုံးတွင် ဤ အထွေထွေ အယူခံမှုကိုတင်ခြင်း ဖြစ်သည်။

ဒေါ်သိန်းရင် ကွယ်လွန်ပြီးနောက် အမွေပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေဆိုင်များ အချင်းချင်းအငြင်းပွားကြသောကြောင့် မန္တလေး အရှေ့ မြောက်မြို့နယ် လုံခြုံရေး အုပ်ချုပ်မှု ကော်မတီ ဥက္ကဋ္ဌက ရတနာပစ္စည်း (၃၄)မျိုးကို ချိပ်ပိတ်ပြီး မန္တလေးဘဏ် (၁)တွင် အပ်နှံထားခဲ့သည်။

အယူခံ တရားပြိုင် ဒေါ်သန်းညွန့်က တိုင်းတရားရုံးတွင် အမွေ ဆက်ခံခွင့်လက်မှတ် လျှောက်ထားသည်မှာ ဘဏ်တွင် အပ်နှံထားသော အဆိုပါ ရတနာပစ္စည်း (၃၄) မျိုးကို ထုတ်ယူနိုင်ရန် အတွက်ဖြစ်သည်။ ထိုသို့ အမွေ ဆက်ခံခွင့်လက်မှတ် လျှောက်ထားရန် မန္တလေးအရှေ့ မြောက် မြို့နယ်ပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် မန္တလေး တိုင်းပြည်သူ့ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့ တို့က ဒေါ်သန်းညွန့်ထံ ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ကွယ်လွန်သူ ရရန်ရှိသည့် ကြွေးမြီ သို့မဟုတ် ချေးငွေ သက်သေခံလက်မှတ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ တစ်ဝိတ် တစ်ဒေသနှင့်စပ်လျဉ်း၍ဖြစ်စေ အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထား နိုင်သည်။ ယခုအမှု၌ ဘဏ်တွင်အပ်နှံထားသော ရတနာပစ္စည်း(၃၄) မျိုးသည် ကြွေးမြီသော် လည်းကောင်း၊ ချေးငွေ သက်သေခံ လက်မှတ် သော်လည်းကောင်း မဟုတ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ယင်း ပစ္စည်းများကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံခွင့် လက်မှတ် ထုတ် ပေးရန် လျှောက်ထားခြင်းသည် မှားယွင်းသည်။ အမွေထိန်းစာထုတ် ပေးရန်သာ လျှောက်ထားရမည် ဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်သန်းညွန့် လျှောက်ထားသည့်အတိုင်း ရတနာပစ္စည်း(၃၄)မျိုးကို ဘဏ်မှထုတ်ယူ ရန်အတွက် အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးရန် အကြောင်းမရှိသည့် အခါလျှောက် အဆိုပါအမှုတွင် ၎င်းက လျှောက်ထားသည့်အတိုင်း ယာယီ တားဝရမ်းထုတ်ပေးရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် တိုင်းတရားရုံးကယာယီ တားဝရမ်း ထုတ်ပေးထားခြင်းသည် မှန်ကန်ခြင်းမရှိချေ။

စန္ဒ၀၀
ဒေါ်စိုးစိုးရီ ပါ
(၁)နှင့်
ဒေါ်သန်းညွန့်

တို့အပြင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၁ ဥပဒေအရ အမှုတွင် ''အငြင်းပွားသည့် ပစ္စည်းတစ်ရပ်ရပ်''နှင့် စပ်လျဉ်း၍ယာယီ တားဝရမ်းထုတ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အမှု ဆက်ခံခွင့် လက်မှတ် လျှောက်ထားသည့်မှုခင်း၌ အငြင်းပွားသည့် ပြဿနာမှာ ကွယ်လွန်သူ၏ အမွေကို ကိုယ်စားပြုသည့်ကိစ္စဖြစ်၍ ပိုင်ဆိုင်ခွင့်ပြဿနာ ပေါ်ပေါက်ခြင်းမရှိပေ။ ဒေါ်အေးကြည်နှင့်ကွယ်လွန်သူဦးသာထွန်း၏ မွေးစားခြင်းကိစ္စအမှု ^ တွင် အမွေဆက်ခံရန် ဆက်ခံလက်မှတ် ထုတ် ပေးရာတွင် အဓိကဆုံးဖြတ်ရမည့်အချက်မှာလျှောက်ထားသူသည် ကြွေးမြီ များကို ကောက်ခံသိမ်းဆည်းခွင့်ရှိသူ ဟုတ် မဟုတ်သာဖြစ်၍ ပိုင်ဆိုင် ခွင့်နှင့်စပ်လျဉ်း၍ လုံးဝ ဆုံးဖြတ်ခြင်း မပြုရကြောင်း ညွှန်ပြထားသည်။ သို့ဖြစ်ရာအမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားသည့်အမှုမျိုးတွင် တရားမ ကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ရည်ညွှန်းသည့်''အငြင်း ပွားသည့်ပစ္စည်းတစ်ရပ်ရပ်'' ရှိသည်ဟုမဆိုနိုင်ပေ။ ယခုအမှုတွင် ရတနာ ပစ္စည်း (၃၄)မျိုးသည် အမှုတွင် အငြင်းပွားသည့် ပစ္စည်းများ မဟုတ် သဖြင့်အလျှောက် ယာယီတားဝရမ်း ထုတ်ပေးရန် အကြောင်းမရှိပေ။

ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ခွင့်ပြု၍ မန္တလေးတိုင်း တရားရုံးက ယာယီတားဝရမ်း ထုတ်ပေးထားသည့် အမိန့်ကိုပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ် ကျပ်၅၀/-သတ်မှတ်သည်။

---

(စ) ဝဇိရာ ရုံးမိ၊ စတစ် ၁ -၂၂၀

## တရားမတတိယအယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်—၂၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မန်းသက်စံနှင့် ဦးမျိုးမြင့်တို့ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၇၈ မတ်လ ၂၀ ရက်

ဒေါ်ဇော်ရာပါ (၃)

နှင့်

ဒေါ်စိန်မြ *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (စ)—အိမ်ထောင်သည် သားသမီးများသည် အိမ်ထောင်ခွဲများ ဖြစ်သဖြင့် ယင်းဥပဒေပုဒ်မအရ တရားစွဲဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးက အိမ်ထောင်သည် သားသမီးများ အနေဖြင့် စီးပွားရေး မပြည့်စုံသောကြောင့် မိဘအပေါ် မှီခိုနေရသူများ ဖြစ်သောကြောင့် အိမ်ရှင်မိဘအပေါ် မှီခိုသူ သားသမီးများအတွက် အိမ်ရှင်က အိမ်ငှားအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ စွဲဆိုခွင့် ရှိသည်ဟု ကောက်ယူခြင်းသည် ယင်းပုဒ်မပါ မြွက်ဟချက်များကို ချဲ့ထွင်ယူရာ ရောက်ပေသည်။ အိမ်ထောင်သည် သားသမီးများသည် မိဘအပေါ် မှီခိုသူဖြစ်သည်ဟု မည်သည့် နည်းနှင့်မျှ မဆိုနိုင်ချေ။ တစ်အိုး တစ်အိမ် တည်ထောင်သည်နှင့် တစ်ပြိုင်နက် မိဘ၏ အုပ်ထိန်းမှုအောက်မှ လွတ်မြောက်သွားသည် ဖြစ်၍ အိမ်ထောင်ခွဲများအဖြစ်သို့ ရောက်ရှိသွားပြီ ဖြစ်သည်၊ ဦးထွန်းရှိန်နှင့် ဒေါ်တင်လှ၊ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများစာ ၅၄ ကို ကိုးကားသည်။

အယူခံ တရားလိုများအတွက် — ဦးတင့်အောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံ တရားပြိုင်အတွက် — ဒေါ်ရီရီတင်၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးဘတင့်

---

* ၁၉၇၇ခုနှစ်၊ တရားမတတိယအယူခံမှုအမှတ်-၃၀

† ၁၉၇၇ခုနှစ်၊ တရားမ ဒုတိယအယူခံအမှုအမှတ် ၇၂ (တာမွေ)တွင် ချမှတ်သော(၈-၉-၇၇)ရက် နေ့စွဲပါ အမှတ်(၁)ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၇ / ဒေါ်ဇော်ရာ ပါ (၃) နှင့် ဒေါ်စိန်မြ

ရန်ကုန်တိုင်း တရားမမြို့နယ်၊ အိုးစုံရပ်ကွက် တရားရုံး ၁၉၇၂ ခုနှစ် တရားမကြီးမှု အမှတ် ၇ တွင် အယူခံ တရားပြိုင် ဒေါ်စိန်မြက အမှု အတောအတွင်း ကွယ်လွန်သွားသူ ဦးဆွမ်ဆုံးအပေါ် ငှားရမ်းထားသည့် ဥပစာမှ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုရာ ရပ်ကွက် တရားရုံးက နှစ်ဘက်ကို စစ်ဆေး ကြားနာပြီးနောက် စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်လိုက်သည်။ ဦးဆွမ်ဆုံးသည် မူလရုံးက လျှောက်လဲချက် ကြားနာ ပြီးနောက် အမိန့်ချမှတ်ရန် ချိန်းဆိုထားဆဲတွင် ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ဇော်ရာနှင့် သမီးများဖြစ်ကြသော မတင်တင်နွယ်နှင့် မသန်းရီတို့က ရပ်ကွက် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တာမွေ မြို့နယ် တရားရုံးတွင် အယူခံရာ မြို့နယ် တရားရုံးက ရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်စိန်မြ စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ထိုအခါ ဒေါ်စိန်မြက ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ရပ်ကွက် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် အတည်ပြုလိုက်သောကြောင့် ဒေါ်ဇော်ရာတို့က ဗဟိုတရားရုံးတွင် ဤ အယူခံကို တင်သွင်းလာသည်။

အဆိုလွှာ အပိုဒ် ၃ တွင် အိမ်ရှင်ဖြစ်သူ ဒေါ်စိန်မြက အငှားချ ထားသည့် ဥပစာမှ အိမ်ငှားကို အဘယ်ကြောင့် နှင်လိုကြောင်း အောက်ပါ အတိုင်း အကြောင်းပြသည်—

> "တရားလိုတွင် သားသမီး ၄ ဦး ရှိ၍ ယခုအခါ အရွယ် ရောက်၍ အိမ်ထောင်ပြုပြီးသား နှစ်ဦးမှာ တရားလိုနှင့် အတူ နေထိုင်ရန် နေရာအခက်အခဲ ရှိနေပါသည်။ ထို့ကြောင့် တရား ပြိုင်အား ငှားရမ်းထားသော အခန်းကို ပြန်လည် ရယူရန် ဆန္ဒ ရှိနေပါသည်"

ဤအယူခံတွင် အဆုံးအဖြတ်ပေးရန် ဥပဒေ ပြဿနာမှာ အိမ်ရှင်သည် အထက် ဖော်ပြပါ အကြောင်းပြချက်အရ အိမ်ငှားအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)အရနှင် ထုတ်ခွင့် ရှိမရှိ ဖြစ်သည်။ မြို့နယ် တရားရုံးက **ဦးထွန်းရှိန် နှင့် ဒေါ် တင်လှ** [၁] နှင့် **ဒေါ်အေးရင် (ခ) ဒေါ်ရင်အေးပါ-၄ နှင့် ဦးခင် မောင်ဝင်းပါ-၂** [၂] စီရင်ထုံးများကို ကိုးကား၍ ဒေါ်စိန်မြသည် အိမ်

---

(၁) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စ၃–၅၄။

(၂) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စ၁–၄၉။

ထောင်ခဲ့ သားသမီးများကိုထားရန် အချင်းဖြစ် ဥပစာကို ရယူလိုခြင်း ဖြစ်သည့်အတွက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ အိမ်ငှားကို နှင်ထုတ်စိုင်ခွင့်မရှိကြောင်း သုံးသပ်သည်။ တိုင်းတရားရုံးက မူ အောက်ပါအတိုင်း အကြောင်းပြ၍ အိမ်ရှင်အား အနိုင်ပေးသည်။

၁၉၈၈ / ဒေါ်ဇော်ရာ ပါ (၃) နှင့် ဒေါ်စိန်မြ

"ဒေါ်စိန်မြ အနေဖြင့် မိမိအား မှီခိုနေထိုင်ခြင်း မရှိသူ သားသမီးများအတွက် ယခုကဲ့သို့ အချင်းဖြစ် ဥပစာကို ပြန်လည် ရရှိရန်စွဲဆိုခြင်း မပြုနိုင်သော်လည်း မိမိကို မှီခိုအားထားနေရသူ အိမ်ထောင်သည် သားသမီးများ အတွက်မူ ယခုကဲ့သို့ အချင်းဖြစ် ဥပစာကို ပြန်လည်ရရှိရန်တရားစွဲဆိုနိုင်ခွင့် ရှိပေမည်။ ယခုအခြေ အနေတွင် မိဘများ အနေဖြင့် အိမ်ထောင်သည်သားသမီးများ ဖြစ်စေကာမူ အိမ်ထောင်သည် သားသမီးများ အနေဖြင့် စီးပွား ရေး မပြည့်စုံ သောကြောင့် မိဘအပေါ် မှီခိုနေရသူများလည်း ရှိကြသည်။ ထိုသို့သော အခြေအနေတွင် မိဘများ အနေဖြင့် အိမ်ထောင်သည် သားသမီးများ ဖြစ်စေကာမူ အိမ်ထောင်သည် သားသမီးများအနေဖြင့် စီးပွားရေး မပြည့်စုံ သောကြောင့် မိဘ အပေါ် မှီခိုနေရသူများလည်း ရှိကြသည်။ ထိုသို့သော အခြေ အနေတွင် မိဘဖြစ်သူ အနေဖြင့် မိမိအား မှီခိုသူ သားသမီးများ အတွက် အချင်းဖြစ် အခန်းကို ရရှိရန် စွဲဆိုခြင်းမှာ သဘော ရိုးဖြင့် ရယူလိုခြင်း မဟုတ်ဟု ဆိုရန် ခဲယဉ်းပေသည်။ ထို့ပြင် မိမိအပေါ် မှီခို အတူနေထိုင်သူ အိမ်ထောင်သည် သားသမီးများ အတွက် ယခုကဲ့သို့ တရားစွဲဆိုခြင်းမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (စ) နှင့် မညီညွတ်ဟု ဆိုနိုင်ပေမည်မဟုတ်ချေ။"

၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ပါ ယခုအမှုနှင့် သက်ဆိုင်သမျှ ပြဋ္ဌာန်းချက်မှာ အောက် ပါအတိုင်း ဖြစ်သည်—

"ဤဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အအုံ သို့တည်းမဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို ပိုင်ရှင်က အကြောင်း အား လျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စ အတွက် သက်သက် ရယူလို၍ ဆိုခဲ့သည့် ဥပစာ၌ မိမိကိုယ် တိုင် နေထိုင်ပါမည် ဟူ၍ လည်းကောင်း၊ ထို ဥပစာမှ အိမ်ငှား ပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ ၃ လ အတွင်း ထို ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ တရားရုံးက သင့်သည်ထင်မြင်သည့်ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ"

၁၉၇၇
ဒေါ်ဖော်ရာ
ပါ (၃)
နှင့်
ဒေါ်စိန်မြ

၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁) အရနေထိုင်ခွင့်ရသူအား အိမ်ရှင်ကနှင်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၄ (၁)(ဂ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

''ဥပစာကို အကြောင်းအားလျော်စွာ မျိုးဖြောင့်သော သဘော ဖြင့် အိမ်ရှင်က မိမိကိုယ်တိုင် သို့တည်းမဟုတ်မိမိ၏ အိမ်ထောင် မိသားစုတွင် ပါဝင်သူတစ်ဦးတစ်ယောက် နေထိုင်ရန်အတွက် ဖြစ်စေ၊ ဥပစာ၏ အကျိုးခံစားခွင့် ရှိသူ တစ်ဦး တစ်ယောက် နေထိုင်ရန်အတွက် ဖြစ်စေ၊ တရားရုံးက ကျေနပ်လောက်သည်မှာ ယူဆသည့်အခြားကိစ္စ တစ်ခုခုအတွက်ဖြစ်စေ၊ ရယူလို၍ ထိုဥပစာကို မိမိကိုယ်တိုင် သို့တည်းမဟုတ် မိမိ၏ အိမ်ထောင်မိသားစုတွင် ပါဝင်သူ သို့တည်းမဟုတ် အကျိုးခံစားခွင့် ရှိသူနေထိုင်ပါမည် ဟူ၍သော်လည်းကောင်း တရားရုံးကချမှတ်သည့် ကာလ အပိုင်း အခြားအတွင်း ထိုကိစ္စကို ပြီးစီးအောင်ဆောင်ရွက် ပါမည်ဟူ၍ သော်လည်းကောင်း တရားရုံးက သင့်သည်ထင်မြင်သည့်ငွေအရေ အတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ၊''

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်နှစ်ရပ်ကို ယှဉ်တွဲဖတ်ရှုပါက ပုဒ်မ ၁၂ (၁)(စ)၌ အိမ်ရှင်၏ အိမ်ထောင်မိသားစုတွင် ပါဝင်သူ တစ်ဦး တစ်ယောက်နေထိုင်ရန်အတွက် အိမ်ရှင်ကအိမ်ငှားကို နှင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားခြင်းမရှိသည်မှာ ထူးခြားသည် ဟု ဆိုရပေမည်။ အိမ်ရှင် ဟူသည် တစ်ဦးတစ်ယောက်တည်း ဖြစ်နိုင်သကဲ့သို့ အိမ်ထောင်ရှိသော သူလည်းဖြစ်နိုင်သဖြင့် ပုဒ်မ ၁၂ (၁) (စ) ပါ ''မိမိ'' ဟူသော စကား ရပ်တွင်အိမ်ရှင်ကိုယ်တိုင်အပြင်၎င်း၏ ဇနီးသို့မဟုတ်ခင်ပွန်းနှင့် ၎င်း အား လုံးဝမှီခိုပြီး ၎င်းနှင့်အတူ နေထိုင်သူ အိမ်ထောင် မိသားစုလည်းပါဝင် သည်ဟု စီရင်ထုံး များတွင် ပြဆိုထားသည်။ ရောက်သာဂန်နှင့်ဒေါက်တာ ရှီဆရင် (၃) ကိုကြည့်ပါ။ ထို့ပြင် ဦးထွန်းရှိန်အမှု တွင်အိမ်ရှင် ဆိုသည့် စကားရပ်၌ တသီးတခြားနေသည့်အိမ်ထောင်ခွဲ သားသမီးများမပါဝင် ကြောင်းအတိအလင်း ပြဆိုထားသည်။ တိုင်းတရားရုံးကအိမ် ထောင်သည် သားသမီးများအနေဖြင့် စီးပွားရေးမပြည့်စုံသောကြောင့် မိဘအပေါ်မှီခို နေရသူများ ဖြစ်သောကြောင့် အိမ်ရှင်မိဘအပေါ်မှီခိုသူ သားသမီးများ အတွက် အိမ်ရှင်ကအိမ်ငှားအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) အရ စွဲဆိုခွင့် ရှိသည်ဟု ကောက်ယူခြင်းသည် ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များကို ချဲ့ထွင်ယူရာ ရောက်ပေသည်။ အိမ်ထောင်သည် သားသမီးများသည် မိဘအပေါ်

---

(၃) ၁၉၅၄ ခုနှစ်၊မြန်မာနိုင်ငံ တရားစီရင်ထုံးများ ၈၁—၉၁ (တရားလွှတ်တော်)

မှီခိုသူဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ တစ်အိုးတစ်အိမ် တည်ထောင်သည်နှင့် တစ်ပြိုင်နက် မိဘ၏ အုပ်ထိန်းမှု အောက်မှ လွတ်မြောက်သွားသည်ဖြစ်၍ အိမ်ထောင်ခွဲများအဖြစ်သို့ ရောက်ရှိသွားကြပြီဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် ''မှီခို''ဆိုသော စကားရပ်ကို သုံးနှုန်းထားသည်ဖြစ်ရာ ယင်းစကားရပ်ကို ချွတ်ကိုလိုက်ပါက ပုဒ်မ ၁၄ (၁) (ဂ)ပါ ပြဋ္ဌာန်းချက်များကဲ့သို့ ကျယ်ပြန့်သွားမည် ဖြစ်သည်။ သို့ဖြစ်၍ အိမ်ရှင်သည် အိမ်ထောင်ခွဲ သားသမီးများ တစ်နည်းအားဖြင့် အိမ်ရှင်၏ အိမ်ထောင်စုတွင် မပါဝင်တော့သည့် သားသမီးများ နေထိုင်ရန်အတွက် အိမ်ငှားအား နှင်ခွင့်မရှိဟု ကောက်ယူမှသာ မြဋ္ဌာန်းချက်နှင့် ညီညွတ်မည် ဖြစ်သည်။ ဒေါ်စိန်မြက ၎င်း၏ သားနှစ်ယောက်လုံးသည် အိမ်ထောင်ပြုပြီး အိုးခွဲနေကြောင်း တိတိကျကျ ထွက်ဆိုထားပါလျက် ထိုသူတို့သည် ဒေါ်စိန်မြအား မှီခိုနေသူများ ဖြစ်သည်ဟု တိုင်းတရားရုံးက ကောက်ယူခြင်းမှာ မှားယွင်းသည်။ ၁၉၇၀ ဒေါ်ဇော်ရာ ပါ (၃) နှင့် ဒေါ်စိန်မြ

၌စီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်များ ရှိသည်။ ရပ်ကွက် တရားရုံးသည် လျှောက်လွှဲချက် ကြားနာပြီးနောက် အမိန့်ချမှတ်ရန် ၁၅–၁၁–၆၄ နေ့သို့ ချိန်းဆိုလိုက်သည်။ အမှန် အမိန့်ချမှတ်သည့်နေ့မှာ ၂၁-၈-၆၆ ဖြစ်သည်။ ထိုရက် နှစ်ရက်ကြားတွင် နေ့စဉ်မှတ်တမ်း တစ်စုံတစ်ရာ မရှိချေ။ အမှုကို အပြီး သတ် ကြားနာပြီးနောက် ရက်ပိုင်းအတွင်း အမိန့်ချမှတ်ရန် ဖြစ်သည်။ နှစ် ချီ၍ ကြန့်ကြာရန် အကြောင်းမရှိချေ။ တရားရုံးများသည် ၌ကဲ့သို့ ကြန့်ကြာမှုများ မပေါ်ပေါက်စေရန် ဂရုတစိုက် ဆောင်ရွက်ရန် လိုပေသည်။

မူလရုံးတရားပြိုင် ဦးအွမ်ဆွေးသည် ၂၀–၁၂–၆၅ နေ့တွင် ကွယ်လွန်သွားရာ ဒေါ်စိန်မြထံမှ တရားဝင် ကိုယ်စားလှယ်များ ထည့်သွင်းပေးရန် ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရက်စွဲမပါသော လျှောက်လွှာဖြင့် လျှောက်ထားကြောင်း တွေ့ရသည်။ နေ့စဉ်မှတ်တမ်းတွင်မူ ရေးမှတ်ထားခြင်း မရှိချေ။ ထိုလျှောက်လွှာ တင်သွင်းပြီး (၇) လကျော် ကြာမှရပ်ကွက် တရားရုံးက စီရင်ချက် ချမှတ်ခြင်းဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၆ အရ လျှောက်လွှဲချက် ကြားနာပြီးနောက် အမှုသည် တစ်ဦးဦး ကွယ်လွန် သွားခြင်းကြောင့် အမှုရပ်စဲရန် အကြောင်းမရှိသော်လည်း ယခုကဲ့သို့ စီရင်ချက် မချမှီ ၇ လအလိုတွင် တရားဝင် ကိုယ်စားလှယ် ထည့်သွင်းပေးရန် လျှောက်ထားလာလျှင်မူ တရားဝင် ကိုယ်စားလှယ်များ ထည့်သွင်းပြီးမှ စီရင်ချက် ချမှတ်သင့်ပေသည်။

၁၉၇၀
ဒေါ်စော်ရာပါ (၃)
နှင့်
ဒေါ်စိန်မြ

ဒေါ်စော်ရာတို့က တာမွေမြို့နယ် တရားရုံးတွင် အယူခံ ဝင်ရာ၌လည်းကောင်း၊ ဒေါ်စိန်မြက တိုင်းတရားရုံးတွင် အယူခံဝင်ရာ၌ လည်းကောင်း၊ မူလမှု အတောအတွင်း ကွယ်လွန်သွားသော ဦးဆွမ်ဆုံးအား အမွေသည်အဖြစ် ဖော်ပြထားကြောင်း တွေ့ရသည်။ မူလမှုကို ဖြစ်စေ၊ အယူခံမှုကို ဖြစ်စေ၊ ပြင်ဆင်မှုကို ဖြစ်စေ၊ အခြား လျှောက်ထားမှု တစ်ရပ်ရပ်ကိုဖြစ်စေ တင်သွင်းစွဲဆိုရာ၌ ကွယ်လွန်ပြီးဖြစ်သူအားအမွေသည် အဖြစ် ဖော်ပြရန်အကြောင်း မပေါ်ပေါက်ချေ။ သက်ဆိုင်ရာ တရားရုံး အနေဖြင့် အမွေသည်များက ကွယ်လွန်ပြီး ဖြစ်သောသူ အား အမွေသည် အဖြစ်ဖော်ပြထားကြောင်း တွေ့ရလျှင် တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်း ၁၀ အရ မှားယွင်းဖော်ပြသော အမွေသည်၏ အမည်ကိုပယ်ဖျက်ပစ်ရန်လို အပ်ပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တာမွေမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည် အတည်ပြုလိုက်သည်။ ရှေ့နေခကျပ် ၁၀၀/-သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

### ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်-၁၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာမန်းသက်စံနှင့် ဦးဝင်းမောင်-၂ တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်တင်ရွှေ

နှင့်

ဦးထိုက်ဟုတ် (ခ) ဦးခွေးပါ-၃ *

† ၁၉၈၈
ဩဂုတ်လ
၃၁-ရက်

**ပစ္စည်း လက်ရောက်ရလိုကြောင်း စွဲဆိုသည့်အမှုတွင် ယင်းပစ္စည်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာသည့် ဒီကရီကို ကနဦး တောင်းဆိုရန် မလိုခြင်း—တစ်ဘက် အမှုသည်မှ ပစ္စည်းကို ပိုင်ဆိုင်ကြောင်း ကြွေးကြော်ရုံမျှဖြင့် ကျန်အမှုသည်က ပစ္စည်း ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှု စွဲဆိုရန် မလိုခြင်း။**

ပဲခူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ပန်းဘဲတန်းလမ်း၊ အိမ်အမှတ် ၂၄ ကို လျှောက်ထားသူ ဒေါ်တင်ရွှေ(ခ)ဒေါ်ကျင်ရွှေက လျှောက်ထား ခံရသူ ဦးသန်း၏ဇနီး မပြုံးကြည်နှင့် သမီး မညွန့်ကြည်တို့ထံမှ ၁၉၈၀ ပြည့်နှစ် အတွင်းမှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့သည် ဟု အဆိုရှိသည်။ လျှောက်ထားခံရသူ ဦးထိုက်ဟုတ်(ခ) ဦးခွေးကလည်း ယင်းအိမ်တို့ကို ဦးသန်းနှင့် မညွန့်ကြည်တို့ထံမှ ကိုယ်စားလှယ်စာရသူ ဒေါ်စန်းရီထံမှ ၁၉၈၄ ခုနှစ် တွင် မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့သည်ဟု ဆိုသည်။ ဒေါ်တင် ရွှေက ဒေါ်စန်းရီအပေါ် ပဲခူးတိုင်းတရားရုံး ၁၉၈၇ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၁၉တွင် အချင်းဖြစ်မြေနှင့်အိမ်မှာ မိမိပိုင် ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားစွဲဆိုရာ ဦးထိုက်ဟုတ်က ယင်းမြေနှင့် အိမ်ကို ဝယ်ယူထားသည်ဟု ဆိုသဖြင့် သူ့ကိုလည်း တရားပြိုင်အဖြစ် ထည့်သွင်းခဲ့သည်။ ထို့နောက် ဦးထိုက်ဟုတ်က အဆိုပါ တရားရုံး၏ ၁၉၈၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၀ (ပဲခူး) တွင် ဒေါ်တင်ရွှေ၊

---

* ၁၉၈၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၃၀

† ၁၉၈၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၀ (ပဲခူး)တွင် ချမှတ်သော (၈-၃-၈၈) ရက် နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၀၀
ဒေါ်တင်ရွှေ
နှင့်
ဦးထိုက်ဟုတ်
(ခ)
ဦးခွေးပါ(၃)

ဦးသန်းနှင့် မညွန့်ကြည်တို့အပေါ် အချင်းဖြစ်အိမ်နှင့် မြေမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေရန်နှင့် ဒေါ်တင်ရွှေအား ယင်းမြေနှင့် အိမ်မှ ဖယ်ရှား၍ အိမ်နှင့်မြေကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုသည်။

**ဆုံးဖြတ်ချက်။** ။၎င်း အမှုတွင် မူလရုံး တရားလို ဦးထိုက်ဟုတ်က ဒေါ်တင်ရွှေသည်အမှုတစ်မှု၌အချင်းဖြစ်မြေနှင့်အိမ်မှာသူ ပိုင် ဖြစ်သည်ဟု အရေးဆိုထားကြောင်း ဖော်ပြ၍ အချင်းဖြစ်အိမ်နှင့်မြေမှာ မိမိပိုင် ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေရန်တောင်းဆိုထားသည် မှန်သော်လည်း ဦးထိုက်ဟုတ် စွဲဆိုသောအမှုမှာ အနှစ်သာရအားဖြင့် ဒေါ်တင်ရွှေလက်ရှိဖြစ်သော မြေနှင့်အိမ်ကို လက်ရောက်ရလိုကြောင်း စွဲဆိုသော အမှု ဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ၊ ဦးထိုက်ဟုတ်သည် အချင်းဖြစ် အိမ်နှင့်မြေကို လက်ရောက်ရခွင့် ရှိမရှိ အဆုံးအဖြတ်ပေးရာ၌၊ ၎င်းအဆိုပြုသည့်အတိုင်း ယင်းအိမ်နှင့်မြေကို သူ ပိုင် မပိုင် မလွဲမသွေ စိစစ် ဆုံးဖြတ်ရန်လိုအပ်သည်။ သို့ရာတွင် ယင်းသို့ လက်ရောက် ရနိုင်ရန်အလို့ငှာ ဦးထိုက်ဟုတ်သည် အချင်းဖြစ် အိမ်နှင့်မြေကို ပိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ကနဦး အရေးဆိုရန် မလိုချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်တင်ရွှေက ယင်းအိမ်နှင့်မြေကိုပိုင်ဆိုင်ကြောင်း ကြွေးကြော်ရုံမျှဖြင့် ဦးထိုက်ဟုတ်အနေဖြင့် မိမိသာလျှင် ယင်းအိမ်နှင့်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်အတွက် တောင်းဆိုရန် မလိုချေ။

မချို ပါ (၂)နှင့် မခင်ခင်ကြီး၊ ၁၉၄၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ ၇၂၆ ကို ကိုးကားသည်။

လျှောက်ထားသူအတွက် — ဦးဝင်းလှိုင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် — (၁) ဦးသက်နိုင် (ပဲခူး) ဗဟိုတရားရုံးရှေ့နေ
(၂) (၃) ကိုယ်တိုင်မလာ

တရားရေး အကြံပေး — ဦးလှမြင့်ဝင်း

ပဲခူးမြို့ အမှတ်(၄) ရပ်ကွက်၊ ပန်းဘဲတန်းလမ်း အိမ်အမှတ် ၂၄ ကို လျှောက်ထားသူ ဒေါ်တင်ရွှေ (ခ) ဒေါ်ကျင်ရွှေက လျှောက်ထားခံရသူ

၁၉၈၈ ဒေါ်တင်ရွှေ နှင့် ဦးထိုက်ဟုတ် (ခ) ဦးခွေးပေါ်(၃)

ဦးသန်း၏ဇနီး မပြုံးကြည်နှင့်သမီး မညွန့်ကြည်တို့ထံမှ ၁၉၈၀ ပြည့်နှစ်အတွင်း မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ယူခဲ့သည်ဟု အဆိုရှိသည်။ လျှောက်ထားခံရသူ ဦးထိုက်ဟုတ် (ခ) ဦးခွေးကလည်း ယင်းအိမ်ကို ဦးသန်းနှင့် မညွန့်ကြည်တို့ထံမှ ကိုယ်စားလှယ် စာရသူ ဒေါ်စန်းရီထံမှ ၁၉၈၄ ခုနှစ်တွင် မှတ်ပုံတင် စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့သည်ဟု ဆိုသည်။ ဒေါ်တင်ရွှေက ဒေါ်စန်းရီအပေါ် ပဲခူးတိုင်း တရားရုံး ၁၉၈၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၉ တွင် အချင်းဖြစ် မြေနှင့်အိမ်မှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေရန် တရားစွဲဆိုရာ ဦးထိုက်ဟုတ်က ယင်းမြေနှင့် အိမ်ကို ဝယ်ယူထားသည်ဟု ဆိုသဖြင့် သူ့ကိုလည်း တရားပြိုင်အဖြစ် ထည့်သွင်းခဲ့သည်။ ထို့နောက် ဦးထိုက်ဟုတ်က အဆိုပါ တရားရုံး၏ ၁၉၈၇ ခုနှစ် တရားမကြီးမှုအမှတ် ၆၀ (ပဲခူး) တွင် ဒေါ်တင်ရွှေ၊ ဦးသန်းနှင့် မညွန့်ကြည်တို့အပေါ် အချင်းဖြစ် အိမ်နှင့်မြေမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေရန်နှင့် ဒေါ်တင်ရွှေအား ယင်းမြေနှင့် အိမ်မှ ဖယ်ရှား၍ အိမ်နှင့်မြေကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုသည်။

အမှုတွဲ အဆိုအချေများအရ ငြင်းချက် ၆ ရပ် ထုတ်နုတ်၍ ငြင်းချက် ၃ ရပ်ကို ပဏာမ ငြင်းချက်များအဖြစ် သတ်မှတ်ပြီး နှစ်ဘက်ကြားနာ၍ ဦးထိုက်ဟုတ်အား အသာပေးပြီး ဆုံးဖြတ်လိုက်သောကြောင့် ဒေါ်တင်ရွှေက ဗဟို တရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားလာသည်။

ဤပြင်ဆင်မှုတွင် အငြင်းပွားလျက်ရှိသည့် ပထမ ပြဿနာမှာ ရုံးခွန်ကိစ္စ ဖြစ်သည်။ မူလရုံး တရားလို ဦးထိုက်ဟုတ်က အချင်းဖြစ် မြေနှင့် အိမ်ကို အဘိုးငွေ ၃၀၅၀၀/–ကျပ်ဖြင့် ဝယ်ယူခဲ့သည်ကို အကြောင်းပြုပြီး အမှုတန်ဘိုးကို ယင်းငွေ ပမာဏအတိုင်း သတ်မှတ်၍ ရုံးခွန်ကို ယင်းငွေပမာဏအပေါ် တန်ဘိုးအလျောက် ထမ်းဆောင်သည်။ ဒေါ်တင်ရွှေက ဒေါ်စန်းရီအပေါ် စွဲဆိုသည့်အမှုတွင် ဒေါ်စန်းရီက အချင်းဖြစ် အိမ်နှင့်မြေမှာ ကာလတန်ဘိုး တစ်သိန်းငါးသောင်းခန့် တန်သည်ဟု ချေပခဲ့သည်ဖြစ်၍ ယင်းတန်ဘိုးအရ ရုံးခွန် ထမ်းဆောင်သင့်ကြောင်း တင်ပြ ထုချေသည်။ ဦးထိုက်ဟုတ်သည် ရုံးခွန်ကို ရုံးခွန် ဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်အရ ရုံးခွန် ထမ်းဆောင်ကြောင်း အဆိုလွှာတွင် တိတိကျကျ ဖော်ပြထားခြင်း မရှိသော်လည်း မြွက်ဟ ကြေညာသည့် ဒီကရီနှင့် အကျိုးဆက် သက်သာခွင့် တောင်းဆိုထားသည်ဖြစ်၍ ရုံးခွန်ကို ရုံးခွန် အက်ဥပဒေပုဒ်မ ၇(၄) (ဂ) အရ ထမ်းဆောင်ထားမာန်တူသည်။ လျှောက်ထားသူ၏ ရှေ့နေက အမှု၊ ပီ ဆရက်မိုဟာမက် နှင့်

၁၉၇၀
ဒေါ်တင်ရွှေ
နှင့်
ဦးထိုက်ဟုက်
(ခ)
ဦးခွေးပါ(၃)

ကော၊ အွက်စ်၊ အိဘာရာဟင်ဒတ်စ် ပါ-၂ ° စီရင်ထုံးကို ကိုးကား၍ မူလရုံး တရားလိုသည် ရုံးခွန်အက်ဥပဒေ ပုဒ်မ ၇ (၅) အရ ရုံးခွန် ထမ်းဆောင်ရန်ဖြစ်ကြောင်း တင်ပြ လျှောက်ထားသည်။ မူလရုံး တရားလို ၏ ရှေ့နေကမူ ရုံးခွန်ကို မည်သည့်ပြဋ္ဌာန်းချက်အရ ထမ်းဆောင်ရန် ဖြစ်ကြောင်း ဖော်ပြခြင်းမပြု။ ရုံးခွန်နှင့် စပ်လျဉ်း၍ တရားရုံး၏ အဆုံး အဖြတ်ကို နာခံမည်ဖြစ်ကြောင်းသာ တင်ပြ လျှောက်ထားသည် မြွက်ဟ ဒီကရီနှင့်အကျိုးဆက်သက်သာခွင့်ကို ပူးတွဲတောင်းဆိုသောအမှု၌ တရား လိုသည် တောင်းဆိုသော သက်သာခွင့်၏ တန်ဘိုးကို သတ်မှတ်၍ ယင်း တန်ဘိုးအပေါ် ရုံးခွန်ထမ်းဆောင်ရန်ဖြစ်ကြောင်း ရုံးခွန် အက်ဥပဒေ ပုဒ်မ ၇(၄) (ဂ) တွင် ပြဋ္ဌာန်းထားသည်။ မူလရုံး တရားလိုစွဲဆိုသော အမှုမှာ ရုံးခွန် ဥပဒေပုဒ်မ ၇(၄) (ဂ)တွင် အကျုံးဝင်ပါမူတရားလို အနေဖြင့် အရောင်းအဝယ်စာချုပ်၌ ဖော်ပြထားသော တန်ဘိုးအရ သက်သာခွင့်ကို တန်ဘိုး သတ်မှတ်ထားသည်ဖြစ်၍ မလျော်ကန်ဟု မဆို နိုင်သောကြောင့် သက်သာခွင့်၏ တန်ဘိုးကို ပြင်ဆင်ပေးရန် အကြောင်း ရှိနိုင်မည် မဟုတ်ချေ။ တစ်ဘက်တွင် အချင်းဖြစ် မြေနှင့် အိမ်ကို လက်ရောက်ရလိုကြောင်းတောင်းဆိုထားသည်ဖြစ်၍ မူလရုံး တရားလိုဆိုစွဲ သော အမှုမှာရုံးခွန် ဥပဒေပုဒ်မ ၇(၅) (င) တွင် အကျုံးဝင်သော အမှုဖြစ်၍ ရုံးခွန်ကို ပစ္စည်း၏ ဈေးကွက်တန်ဘိုးအလျောက် ထမ်းဆောင်ရန် ဖြစ်သည်။ သို့ဖြစ်၍ ဤအမှုတွင် အဆုံးအဖြတ်ပေးရန် ဥပဒေ ပြဿနာမှာ မူလရုံးတရားလိုသည် ရုံးခွန်ကို ရုံးခွန် ဥပဒေပုဒ်မ ၇ (၄) (ဂ) အရ ထမ်းဆောင်ရန် ဖြစ်သလား၊ သို့တည်းမဟုတ် ပုဒ်မ ၇(၅) (င) အရ ထမ်းဆောင်ရန် ဖြစ်သလားဟူသော အချက်ဖြစ်သည်။

**အမ်၊ ပီ၊ ဆရက်မိုဟာမက်** အမှုတွင် တရားလိုက အချင်းဖြစ် ဆိုင် မှာမိမိပိုင်ဖြစ်ကြောင်းမြွက်ဟကြေညာပေးရန်နှင့်လက်ရောက်ရလိုကြောင်း စွဲဆိုရာ ယခင် တရားလွှတ်တော်က စွဲဆိုသောအမှုမှာ အနှစ်သာရ အားဖြင့်လက်ရောက်ရလိုမှုဖြစ်သည့်အလျောက်မြွက်ဟကြေညာသည့် ဒီကရီ ကိုထည့်သွင်းတောင်းဆိုထားရုံမျှဖြင့်ရုံးခွန်အက်ဥပဒေပုဒ်မ ၇ (၄) (ဂ) တွင် အကျုံးဝင်သော အမှုဖြစ်သည်ဟုကောက်ယူခြင်း မပြုနိုင်ကြောင်း၊ အမှုတန်ဖိုးကို ဆိုင်၏ တန်ဖိုးအရ သတ်မှတ်ရန်ဖြစ်ကြောင်း ကောက်ယူ ဆုံးဖြတ်သည်။

ဤအမှုတွင် မူလရုံး တရားလို ဦးထိုက်ဟုတ်က ဒေါ်တင်ရွှေသည် အမှုတစ်မှုတွင်အချင်းဖြစ်မြေနှင့်အိမ်မှာသူပိုင်ဖြစ်သည်ဟု အရေးဆိုထား

(၁) ၁၉၄၇ ခုနှစ် ရန်ကုန်စီရင်ထုံးများ စာ-၉၀။

၁၉၈၀ / ဒေါ်တင်ရွှေ နှင့် ဦးထိုက်ဟုတ် (၁) ဦးခွေးပေါ်(၃)

ကြောင်း ဖော်ပြ၍ အချင်းဖြစ်အိမ်နှင့်မြေမှာ မိမိပိုင်ဖြစ်ကြောင်းမြွက်ဟကြေညာပေးစေရန် တောင်းဆိုထားသည် မှန်သော်လည်း ဦးထိုက်ဟုတ်စွဲဆိုသော အမှုမှာ အနှစ်သာရအားဖြင့် ဒေါ်တင်ရွှေ လက်ရှိဖြစ်သော မြေနှင့်အိမ်ကို လက်ရောက်ရလိုကြောင်း စွဲဆိုသော အမှု ဖြစ် ကြောင်း ယုံမှားဖွယ်မရှိချေ။ ဦးထိုက်ဟုတ်သည်အချင်းဖြစ်အိမ်နှင့်မြေကိုလက်ရောက်ရခွင့် ရှိမရှိ အဆုံးအဖြတ်ပေးရာ၌ ၎င်းအဆိုပြုသည့်အတိုင်း ယင်းအိမ်နှင့်မြေကို သူပိုင် မပိုင် မလွဲမသွေ စိစစ်ဆုံးဖြတ်ရန် လိုအပ်သည်။ သို့ရာတွင် ယင်းသို့ လက်ရောက် ရနိုင်ရန်အလို့ငှာ ဦးထိုက်ဟုတ်သည် အချင်းဖြစ် အိမ်နှင့်မြေကိုပိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ကနဦး အရေးဆိုရန် မလိုချေ။ ဒေါ်တင်ရွှေက ယင်းအိမ်နှင့်မြေကိုပိုင်ဆိုင်ကြောင်း ကြွေးကြော်ရုံမျှဖြင့် ဦးထိုက်ဟုတ်အနေဖြင့် မိမိသာလျှင် ယင်းအိမ်နှင့်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်အတွက် တောင်းဆိုရန် မလိုချေ။ **မချိုပေါ်--၂ နှင့် သခင်အုံကြီး**(၂) စီရင်ထုံးကို ကြည့်ပါ။ သို့ဖြစ်ရာ ဦးထိုက်ဟုတ်သည် အချင်းဖြစ်အိမ်နှင့် မြေကို လက် ရောက် ရ လိုကြောင်း စွဲဆိုရာ၌ မြွက်ဟဒီကရီကို မလိုအပ်ဘဲ တောင်းဆို ထား ခြင်းဖြစ်၍စွဲဆိုသောအမှုမှာရုံးခွန်အက်ဥပဒေပုဒ်မ ၇ (၄) (ဂ) တွင် အကျုံးဝင်သော အမှုမျိုး မဟုတ်ချေ။ **မောင်ရှိန် နှင့် မလုံးတုတ်**(၃) စီရင်ထုံးကို ကြည့်ပါ။ ထို့ကြောင့် ဦးထိုက်ဟုတ်သည် ရုံးခွန်ကို ရုံးခွန် အက်ဥပဒေပုဒ်မ ၇ (၅) (င) အရ ထမ်းဆောင်ရန် ဖြစ်သည်။

ဦးထိုက်ဟုတ်သည် မြွက်ဟ ဒီကရီကို မလိုအပ်ဘဲ တောင်းဆိုထားခြင်း ဖြစ်သောကြောင့် မြွက်ဟ ဒီကရီနှင့် စပ်လျဉ်း၍ စွဲဆိုသော အမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးရန် ပြဿနာ မပေါ်ပေါက်တော့ချေ။

တတိယ ဥပဒေ ပြဿနာနှင့် စပ်လျဉ်း၍ လျှောက်ထားသူ ဘက်မှ ဦးသန်းနှင့် မညွန့်ကြည် တို့အား အမှုသည်အဖြစ် ထည့်သွင်းရန်မလိုအပ်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ ထို့ပြင် အချင်းဖြစ်ပစ္စည်းများကို ရောင်းချသည့် အရောင်းအဝယ် စာချုပ်အား လက်မှတ်ရေးထိုးသူ ဒေါ်စန်းရီအား တရားပြိုင်အဖြစ်ထည့်သွင်းပေးသင့်ကြောင်း တင်ပြသည်။ အမှုမှာ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း လက်ရောက်ရလိုမှုဖြစ်၍အမှိကတရားပြိုင်မှာ ဒေါ်တင်ရွှေသာဖြစ်သည်။ ပစ္စည်းရောင်းချသည့် ဦးသန်းနှင့် မညွန့်ကြည်တို့သည်လည်းကောင်း၊ သူတို့၏ ကိုယ်စား

(၂) ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ ၇၂၆
(၃) ရန်ကုန် စီရင်ထုံးများ၊ အတွဲ ၉ စာ ၅၀၁

လှယ်ဟု အန္တိုရှိသော မစန်းရီသည်လည်းကောင်း အမွေတွင်အကျိုးသက်ဆိုင်ခွင့်ရှိကြသူများမဟုတ်၍သူတို့ကိုအမှုသည်အဖြစ် ထည့်သွင်းရန်လိုမည်မဟုတ်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး ရုံးခွန်နှင့်စပ်လျဉ်း၍ တိုင်းတရားရုံးက ချမှတ်သောအမိန့်ကို ပယ်ဖျက်လိုက်သည် ဦးထိုက်ဟုတ်သည် ရုံးခွန်ကို ရုံးခွန်အက်ဥပဒေပုဒ်မ ၇(၅)(c) အရ ထမ်းဆောင်ရန် ညွှန်ကြားလိုက်သည်။ လျှောက်ထားခံရသူ ဦးသန်းနှင့် ဒေါ်ညွန့်ကြည်အား တရားပြိုင်များစာရင်းမှ ပယ်ဖျက်လိုက်သည်။ကာလစည်းကမ်းသတ်နှင့် စပ်လျဉ်းသည့် တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုသည်။ နှစ်ဖက်အမှုသည်များသည် ဤပြင်ဆင်မှုတွင် မိမိတို့ကုန်ကျသောတရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဒေါက်တာမန်းသက်စံ၊ အဖွဲ့ဝင်များအဖြစ်ဦးဘမော်နှင့် ဦးဝင်းမောင်-၁ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့

နှင့်

စင်ဟင်းဆန်စက်၊ သာပေါင်းမြို့ပါ (၅)*

† ၁၉၈၀ မတ်လ ၃၀-ရက်

ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ် ၁၈၁—ဗဟို တရားရုံးက အယူခံကို အကျဉ်းနည်းဖြင့်ပလပ်သည့် အမိန့်သည် တိုင်းတရားရုံး၏ အပေါင်ပစ္စည်း လေလံတင်ရောင်းချခြင်းကို အတည်ပြုသည့်အမိန့်နှင့် ပေါင်းစပ်ခြင်းမရှိသဖြင့်၊ စည်းကမ်း သတ်ကာလကို ပစ္စည်းလေလံတင်ရောင်းချခြင်းကို အတည်ပြုသည့် နေ့မှစ၍ ရေတွက်ရန်ဖြစ်ခြင်း။

ဧရာဝတီတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂/၆၆ တွင် ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာက စင်ဟင်းဆန်စက်ပါ(၅) တို့အပေါ် အပေါင်ပစ္စည်းဖြင့် ချေးယူငွေများကို ရလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အပေါင်ဒီကရီချမှတ်သည်။ မန်နေဂျာက ယင်းအနိုင်ဒီကရီကို အတည် ပြုရာတွင် အပေါင်ပစ္စည်းများကို လေလံတင်ရောင်းချခဲ့ပြီး ၆-၁၂-၇၂ ရက်နေ့တွင် လေလံတင်ရောင်းချခြင်းကို အတည်ပြုခဲ့သည်။ တရားနိုင် မြန်မာ့စီးပွားရေးဘဏ်က မပြေကျန်ရှိငွေအတွက် တရားရှုံးများအပေါ် ပုဂ္ဂလိကဒီကရီချမှတ်ပေးရန် လျှောက်ထား စွဲဆိုခဲ့ရာ လေလံ ရောင်း ချခြင်းကို အတည်ပြုသည့် ၆-၁၂-၈၂ ရက်မှ ၃ နှစ်အတွင်း လျှောက် ထားခြင်းမပြုသဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု သုံးသပ် ကာ တိုင်းတရားရုံးက လျှောက်ထားချက်ကို ပလပ်သဖြင့်၊ ဗဟိုတရားရုံးသို့ အယူခံတင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၈၇-ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၅

† ၁၉၈၆-ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀ တွင် ချမှတ်သော (၃၁-၁၀-၈၆) ရက်နေ့စွဲပါ ဧရာဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၇ မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ပုသိမ်မြို့နှင့် စင်ဟင်းဆန်စက်၊ သာ ပေါင်းမြို့ ပါ(၅)

**ဆုံးဖြတ်ချက်**။ ။တိုင်းတရားရုံးက အပေါင်ပစ္စည်းကို လေလံတင်ရောင်းချ၍ ၆-၁၂-၇၂ ရက်နေ့တွင် လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၂ အရ အတည်ပြုလိုက်ခြင်းနှင့်စပ်လျဉ်း၍ တရားနိုင်ဘက်က အယူခံဝင်ရာ ဗဟိုတရားရုံးက အယူခံကို အကျဉ်းနည်းဖြင့် ပလပ်သဖြင့် တိုင်းတရားရုံးက အပေါင်ပစ္စည်းလေလံတင်ရောင်းချခြင်းကို အတည်ပြုသည့်အမိန့်သည် အယူခံကို အကျဉ်းနည်းဖြင့် ပလပ်သည့် ဗဟိုတရားရုံး၏ အမိန့်နှင့်ပေါင်းစပ်ခြင်းမရှိသဖြင့် ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအမှတ် ၁၈၁ အလိုငှာ စည်းကမ်းသတ်ကာလကို တိုင်းတရားရုံးက ပစ္စည်းလေလံတင် ရောင်းချခြင်းကို အတည်ပြုသည့် ၆-၁၂-၇၂ ရက်နေ့မှစ၍ ရေတွက်ရန်ဖြစ်သည်။

ဦးအေးပေါ(၃)နှင့် ဒေါ်နှင်းရီပေါ(၂)၊ ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၁၃၇ နှင့် မောင်ချစ်မောင် ါ(၂) နှင့် ဒေါ်စော ၁၉၅၅၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၅၅ (တရားလွှတ်တော်) တို့ကို ကိုးကားသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးစိုးသိန်း၊ ဗဟိုဥပဒေရုံး၊ ဒုတိယညွှန်ကြားရေးမှူး |
| အယူခံတရားပြိုင်များအတွက် | — | ဦးလှသောင်း ကိုယ်စား ဒေါ်လှလှရီ၊ ဗဟိုတရားရုံးရှေ့နေက ရေးသား လျှောက်လဲချက် တင်သွင်းသည်။ |
| တရားရေးအကြံပေး | — | ဦးမန်းသိန်းလွင် |

ရောဝတီတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂/၆၆ တွင် ပုသိမ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ မန်နေဂျာက စင်ဟင်းဆန်စက်ပါ(၅) တို့အပေါ် အပေါင်ပစ္စည်းဖြင့် ချေးယူငွေများကို ရလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အပေါင်ဒီကရီချမှတ်သည်။ မန်နေဂျာက ယင်းအပြီးဒီကရီကို အတည်ပြုရာတွင် အပေါင်ပစ္စည်းများကို လေလံတင် ရောင်းချခဲ့ရာ ငွေကျပ် ၁၅၂၀၀၀/-ကိုသာ ရရှိသည် ငွေမပြေကျန်ငွေကျပ် ၁၃၂၄၅၀/၃၁ ါး အတွက် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်း ၃ (၄) အရ တရားရှုံးများအပေါ် ပုဂ္ဂလိကဒီကရီချမှတ်ပေးရန် လျှောက်ထားရာ ဧရာဝတီတိုင်းတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု သုံးသပ်ကာ လျှောက်ထားချက်ကို ပလပ်သည်။ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာက တိုင်းတရားရုံး၏အမိန့်ကိုမကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤအထွေထွေအယူခံကို တင်သွင်းသည်။

၁၉၈၈

**မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့ နှင့် စင်ဟင်းဆန်စက်၊ သာပေါင်းမြို့ ပါ (၅)**

ရေဝတီတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂/၆၆ တရားမဇာရီမှုအမှတ် ၆/၇၉ နှင့် ၁၀/၈၁ တို့၏ မှတ်တမ်းများအရ ရေဝတီတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂/၆၆ တွင် ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်က စင်ဟင်းဆန်စက် (သာပေါင်းမြို့) ပါ (၅) တို့အပေါ် ချေးငွေထုတ်ယူထားသော ချေးငွေကျပ် ၃၇၆၄၈/၆၆ ပြားအပေါ် တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းဖြင့် အတိုးရင်းပေါင်း ရလိုမှုစွဲဆိုရာ အပြီးသတ် အပေါင်ဒီကရီကို ၁၇-၁၁-၆၇ ရက်နေ့ချမှတ်ခဲ့သည်။ တရားနိုင် မြန်မာ့စီးပွားရေးဘဏ် ပုသိမ်မြို့က တိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၆/၇၉ တွင် အနိုင်ဒီကရီကို အတည်ပြုရာတွင် အပေါင်ပစ္စည်းအဖြစ် အာမခံပေးထားသော သာပေါင်းမြို့ရှိ စင်ဟင်းဆန်စက်ကို လေလံတင် ရောင်းချခဲ့ရာ ၈-၁၀-၈၂ ရက်နေ့တွင် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၅၂၀၀၀/- ပေးသွင်း၍ ဝယ်ယူခဲ့ပြီး၊ ၆-၁၂-၈၂ ရက်နေ့တွင် လေလံတင်ရောင်းချခြင်းကို အတည်ပြုခဲ့သည်။ တရားနိုင် မြန်မာ့စီးပွားရေးဘဏ်က မပြေကျန်ရှိငွေကျပ် ၁၃၂၄၅၀/၃၁ ပြား အတွက် တရားရှုံးများအပေါ် ပုဂ္ဂလိကဒီကရီချမှတ်ပေးရန် လျှောက်ထားစွဲဆိုခဲ့ရာ တရားမဇာရီမှုအမှတ် ၁၀/၈၆ တွင် တိုင်းတရားရုံးက တရားနိုင် မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်မြို့သည် လေလံရောင်းချခြင်းကို အတည်ပြုသည့် ၆-၁၂-၈၂ ရက်မှ ၃ နှစ် တွင်း (ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၁ အရ) လျှောက်ထားစွဲဆိုခြင်းမပြုသဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟုဆိုကာ လျှောက်ထားချက်ကို ပလပ်ခဲ့သည်။

တိုင်းတရားရုံးက တရားနိုင်ဘဏ်၏ လျှောက်ထားချက်ကို အောက်ပါအတိုင်း ကောက်ယူသုံးသပ်၍ပလပ်သည်—

> "သို့ရာတွင် ရောင်းချခြင်းနှင့်ပတ်သက်၍ အယူခံ ဝင်ရောက်မှု မရှိလျှင် အယူခံတရားရုံးက ရောင်းချခြင်းကို အတည်ပြုကြောင်း အမိန့်ချမှတ်သည့် နေ့မှစ၍ စည်းကမ်းသတ်ကာလကို ရေတွက်ရန် ဖြစ်ပေသည်။ ယခုအမှုတွင် တရားနိုင်ဘဏ်မှ တရားရုံး၏ လေလံတင် ရောင်းချခြင်း အတွက် အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ အရောင်း လက်မှတ် ထုတ်ပေးခြင်းကို ဆိုင်းငံ့ပေးရန် ဗဟိုတရားရုံးသို့ အယူခံဝင်ရောက်မည် ဖြစ်ကြောင်း ၂၈-၁၀-၈၂ နေ့တွင် လျှောက်ထားခဲ့သော်လည်း ၄-၃-၈၃ နေ့အထိ ထိုသို့ အယူခံ တက်ရောက်ခြင်း ရှိကြောင်း အထောက်အထား တစ်စုံတစ်ရာ မတင်ပြ နိုင်ကြောင်း၊ တရားနိုင်ဘဏ် ကိုယ်စား လက်ထောက် အထွေထွေမန်နေဂျာ ဦးတင်မောင်လှကိုယ်တိုင်လျှောက်ထားသဖြင့် ဤတိုင်းတရားရုံးမှ ၄-၃-၈၃ နေ့၌ပင် အရောင်း

၁၉၈၀
မန်နေဂျာ
မြန်မာ့စီးပွား
ရေးဘဏ်၊
ပုသိမ်မြို့
နှင့်
စင်ဟင်းဆန်
စက်၊ သာ
ပေါင်းမြို့
ပါ (၅)

လက်မှတ်ကို ထုတ်ပေးရန် အမိန့် ချမှတ်ခဲ့ပေသည်။ သို့ဖြစ်ရာ တရားနိုင်ဘက် အနေနှင့် ရောင်းချခြင်းအတွက် အယူခံဝင်ရောက်ခြင်း ရှိသည်ဟု မမှတ်ယူနိုင်သည့် အခြေအနေတွင် ရောက်ရှိနေကြောင်း ပေါ်ပေါက်နေပါသည်။''

တိုင်းတရားရုံးက အပေါင် ပစ္စည်းဖြစ်သည့် စင်ဟင်း ဆန်စက်ကို လေလံတင် ရောင်းချ၍ ၆-၁၂-၈၂ ရက်နေ့တွင် လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၉၂ အရ အတည်ပြုလိုက်ခြင်းနှင့် စပ်လျဉ်း၍ တရားနိုင်ဘက်က ဗဟိုတရားရုံး၊ တရားမအထွေထွေအယူခံမှုအမှတ် ១၇/၈၃ တွင် ၂၄-၂-၈၃ ရက်နေ့၌အယူခံဝင်ခဲ့ပြီး ၆-၅-၈၃ ရက်နေ့တွင်ဗဟိုတရားစီရင်ရေးအဖွဲ့ကအယူခံကိုအကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်။

အယူခံရုံးက အယူခံကို အကျဉ်းနည်းဖြင့် ပလပ်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေ သဘောအရ အကျိုးသက်ရောက်မှုကို **ဦးအေးပါ-၃ နှင့် ဒေါ်နှင်းရီပါ-၂(¹)** အမှုတွင် အောက်ပါအတိုင်း ကောက်ယူ ထုံးဖွဲ့ထားသည်--

''မူလအမှုတွင် မြို့နယ် တရားရုံးက ၁၀-၉-၈၁ နေ့၌ ဒီကရီချမှတ်ခဲ့ရာ ထိုဒီကရီကို တိုင်းတရားရုံးက ၁၉၈၁ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁၈၆ (မြင်းခြံ) တွင် ၁၅-၂-၈၂ နေ့၌ အတည်ပြုခဲ့သည်။ အယူခံ တရားလိုတို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဗဟိုတရားရုံး ၁၉၈၂ ခုနှစ်၊ တရားမဒုတိယ အယူခံမှုအမှတ် ၅၁ တွင် အယူခံသော်လည်း မအောင်မြင်ချေ။ တရားဥပဒေ သဘောအရ တိုင်းတရားရုံး၏ ဒီကရီသည် မြို့နယ် တရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်သွားသော်လည်း ဗဟိုတရားရုံးက အယူခံ တရားလို၏ အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်ခဲ့သဖြင့် ဗဟို တရားရုံး၏ ဒီကရီသည် တိုင်းတရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်ခြင်း မရှိချေ။ သို့ဖြစ်ရာဇာရီမှုတွင် အတည်ပြုလျက်ရှိသော ဒီကရီသည် တိုင်းတရားရုံး၏ ဒီကရီ ဖြစ်ပေသည်''

**မောင်ချစ်မောင်ပါ-၂နှင့်ဒေါ်စော(²)**အမှုတွင်လည်း အောက်ပါအတိုင်း ကောက်ယူ ထုံးဖွဲ့ထားသည်-

''If a decree in which time is given for payment of money is confirmed on appeal, it has the effect

(၁) ၁၉၈၄၊ မတစ၊ စာ-၃၃၇။
(၂) ၁၉၅၅၊ မတစ၊ စာ-၉၄

of extending the time fixed under the decree thus confirmed, so that time would run from the date of the decree confirming it. However, where an appeal is dismissed under Order XII, Rule 11, Civil Procedure Code, the decree appealed from cannot be taken to have been confirmed under Rule 32 so that dismissal of the appeal leaves the decree untouched.''

အထက်ပါ စီရင်ထုံးဖွဲ့ ဆုံးဖြတ်ချက်များအရ တိုင်းတရားရုံးက အပေါင်ပစ္စည်းကို လေလံတင် ရောင်းချ၍ ၆-၁၂-၈၂ ရက်နေ့တွင် လေလံတင် ရောင်းချခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၉၂ အရ အတည်ပြုလိုက်ခြင်းနှင့် စပ်လျဉ်း၍ တရားနိုင်ဘက်က အယူခံဝင်ရာ ဗဟိုတရားရုံးက အယူခံကို အကျဉ်းနည်းဖြင့် ပလပ်သဖြင့် တိုင်းတရားရုံးက အပေါင်ပစ္စည်း လေလံတင် ရောင်းချခြင်းကို အတည်ပြုသည့် အမိန့်သည် အယူခံကို အကျဉ်းနည်းဖြင့် ပလပ်သည့် ဗဟိုတရားရုံး၏ အမိန့်နှင့် ပေါင်းစပ်ခြင်း မရှိသဖြင့် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ် ၁၈၁ အလို့ငှာ စည်းကမ်းသတ် ကာလကို တိုင်းတရားရုံးက ပစ္စည်းလေလံတင် ရောင်းချခြင်းကို အတည်ပြုသည့် ၆-၁၂-၈၂ ရက်နေ့မှစ၍ ရေတွက်ရန်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းတရားရုံးက အပေါင်ပစ္စည်း လေလံတင် ရောင်းချခြင်းကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၉၂ အရ အတည်ပြုသည့် ၆-၁၂-၈၂ ရက်နေ့မှစ၍ (ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၁ အရ) ၃ နှစ်အတွင်း တရားနိုင်ဘက်သည် တရားရှုံးများအပေါ် ပုဂ္ဂလိက ဒီကရီ ရလိုကြောင်း လျှောက်ထားစွဲဆိုရမည့်အစား ၆-၅ ၈၆ ရက်နေ့တွင်မှလျှောက်ထားစွဲဆိုခြင်းမှာ ကာလ စည်းကမ်းသတ် ကျော်လွန်နေပေသည်။

ထို့ကြောင့် ရှေ့ဝတီတိုင်း တရားရုံး၏အမိန့်ကို ဝင်ရောက် စွက်ဖက်ရန်အကြောင်း မမြင်သဖြင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၈၀/-သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဒေါက်တာမောင်မောင်အေးတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၇ မတ်လ ၂၄ ရက်

မမြင့်မြင့်ကြူမပါ (၇)

နှင့်

မန်နေဂျာ

မြန်မာ့စီပွားရေးဘဏ်

ပုသိမ်မြို့ *

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၁—တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၁. ပါ ပြဋ္ဌာန်းချက်များကို တရားမ ဇာရီမှုတွင် တရားရုံးက လိုက်နာကျင့်သုံးခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရောဝတီတိုင်း တရားရုံး၏ စီရင်ချက်တွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၁ ပါ ပြဋ္ဌာန်းချက်အရ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၁၇ နည်း ၁ ပါ ပြဋ္ဌာန်းချက်များကို တရားမ ဇာရီမှုတွင် တရားရုံးက လိုက်နာကျင့်သုံးခွင့်ရှိကြောင်း ဖော်ပြ သုံးသပ်ထားခြင်းသည် မှန်ကန်ခြင်း မရှိပေ။ မသန်းစိန်နှင့် အခြားသူများနှင့် မလှရင်၊ ၁၉၄၁ ခုနှစ်၊ ရန်ကုန် စီရင်ထုံးစာ—၂၄၆ ကို ရည်ညွှန်းသည်။

လျှောက်ထားခံရသူများအတွက် — ဦးရဲမြင့်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားသူအတွက် — ဦးစိုးသိန်း၊ ဒုတိယ ညွှန်ကြားရေးမှူး (ဗဟိုဥပဒေရုံး)

တရားရေးအကြံပေး — ဦးမင်းလွင်

---

* ၁၉၇၇ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၁၇

† ၁၉၇၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၆ (ပုသိမ်အနောက်) တွင်ချမှတ်သော (၉-၁-၇၇) ရက် နေ့စွဲပါ ရောဝတီတိုင်း တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၈၈
မမြင့်မြင့်ကြူ
ပါ (၇)
နှင့်
မန်နေဂျာ
မြန်မာ့စီးပွား
ရေးဘဏ်
ပုသိမ်မြို့

ပုသိမ်ခရိုင် တရားမရုံး၊ ၁၉၆၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇ တွင် ပုသိမ်မြို့နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် မန်နေဂျာကဦးမေရှင်နှင့် ဒေါ်ထွေးကြည့်တို့အပေါ် ငွေရင်းနှင့် အတိုးငွေ ၁၁၄၄၈၃၀/-၅၃ပြား အတွက် အပေါင်ပစ္စည်း ရောင်းချရန် အပြီးသတ် ဒီကရီ ရရှိသည်။ အဆိုပါ ဒီကရီနှင့်အညီ တရားမဇာရီမှု အမှတ် ၅/၆၅၊ ၁၂/၆၈၊ ၆/၇၂ တို့တွင် အပေါင်ပစ္စည်းဖြစ်သော ရေခဲစက်နှင့်သားရေစက်တို့ကို အကြိမ်ကြိမ် လေလံတင် ရောင်းချခဲ့သော်လည်း သိုက်တန်သည့် ဈေးပေး၍ ဝယ်သူမရှိသည့်အတွက် ဇာရီမှုများကို အကြိမ်ကြိမ် ပိတ်ခဲ့ရသည်။ နောက်ဆုံး ဧရာဝတီတိုင်း တရားရုံး၊ တရားမဇာရီမှု အမှတ် ၂/၇၃ တွင် ထပ်မံ လေလံတင်သော်လည်း မအောင်မြင်ချေ။ ထိုအတောအတွင်း (၁-၂-၇၂) ရက်နေ့တွင် အပေါင်ပစ္စည်းများကို ပြည်သူပိုင် သိမ်းခံရသည်။ လျှောက်ထားခံရသူက တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၄ နည်း ၃ အပိုဒ်ခွဲ (၄) အရ ပုဂ္ဂလိက ဒီကရီ တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားသည်ကို ဧရာဝတီတိုင်း တရားရုံးက ပလပ်လိုက်သောကြောင့် ဗဟိုတရားရုံး၊ ၁၉၇၆ ခုနှစ် တရားမ အထွေထွေ အယူခံမှုအမှတ် ၄၅ တွင် အယူခံ ဝင်ရောက်ခဲ့သော်လည်း မအောင်မြင်ချေ။ ထို့နောက် ဧရာဝတီတိုင်း တရားရုံး၊ တရားမ ဇာရီမှု အမှတ် ၆/၇၇ ကို မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ၏ လျှောက်ထားချက်အရ ဆက်လက်ဆောင်ရွက်ခဲ့ရာ လျှောက်ထားခံရသူ၏ တင်ပြချက်အရ တိုင်းတရားရုံးက သင့်လျော်သော ကာလအတိုင်းအတာထိ တရားနိုင်ဘက်မှ တင်ပြရန်အတွက် အမှုကိုရှိန်းဆိုသွားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သောကြောင့် ဦးမေရှင်၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်ကြသည့် မမြင့်မြင့်ကြူပါ (၆) ဦးနှင့် ဒေါ်ထွေးကြည်တို့က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားသည်။

တရားရှုံး ဦးမေရှင်သည် (၁၀-၁-၈၆) ရက်နေ့တွင် ကွယ်လွန်သောကြောင့် ဦးမေရှင်၏ သားသမီးများဖြစ်ကြသည့် မမြင့်မြင့်ကြူ၊ ကိုဝင်းမော်၊ မကြည်ကြည်နွဲ့၊ ကိုညွန့်မော်၊ မဌေးဌေးအေးနှင့် မအေးအေးဟန်တို့ကို ဦးမေရှင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် တိုင်းတရားရုံးက ထည့်သွင်းခဲ့သည်။ ဗဟိုတရားရုံးက ၁၉၈၇-ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄ တွင် (၂၇-၄-၈၇) ရက်စွဲဖြင့် ယင်းအမိန့်ကို ပယ်ဖျက်လိုက်ပြီး ဖြစ်သည်။ ဤပြင်ဆင်မှုကို (၁၉-၃-၈၇) ရက်နေ့တွင် တင်သွင်းစဉ်က ဗဟိုတရားရုံးက တရားမပြင်ဆင်မှုအမှတ် ၄/၈၇ ကို မဆုံးဖြတ်ရသေးသည့်အလျောက် မမြင့်မြင့်ကြူပါ (၆) ဦးတို့သည် တရားရှုံး ဦးမေရှင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဖော်ပြလျှောက်ထားခဲ့သည်ကို တွေ့ရသည်။ တရားမပြင်ဆင်မှုအမှတ် ၄/၈၇ တွင်ရှိ ဆုံးဖြတ်ချက်အရ

၁၉၈၈
မမြင့်မြင့်ကြူ
ပါ (၇)
နှင့်
မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
ပုသိမ်မြို့

မမြင့်မြင့်ကြူပါ (၆) ဦးတို့သည် ဦးမေရှင်၏ တရားဝင်ကိုယ်စားလှယ်များ မဟုတ်တော့သည့်အလျောက် ဤပြင်ဆင်မှုတွင် လျှောက်ထားသူအဖြစ် ပါဝင်ရန် အကြောင်းမရှိတော့ပေ။

တစ်ဦးတစ်ယောက်သောသူသည် မိမိ၏မရွှေ့ပြောင်းနိုင်သော ပစ္စည်းကို တရားဥပဒေနှင့်အညီ ပေါင်နှံထားလျှင် အပေါင်ခံသူသည် သာမန်အားဖြင့် အပေါင်ပစ္စည်း အပေါ်၌သာ အရေးယူရမည် ဖြစ်သည်။ **ဦးထွန်းအုံနှင့် မသန်းရီ** [1] အမှုကို ရည်ညွှန်းသည်။ ဤအမှုတွင် ဒီကရီကို အတည်ပြုလုပ်ရန် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်နေစဉ်ပင် အပေါင်ပစ္စည်းဖြစ်သည့် ရေခဲစက်နှင့် သားရေစက်တို့ကို ပြည်သူပိုင်သိမ်းခဲ့ကြောင်း နှစ်ဘက်အမှုသည်များက အငြင်းမပွားကြပေ။ ထို့ကြောင့် လျှောက်ထားခံရသူက အပေါင်ပစ္စည်းများအပေါ် အရေးယူခွင့် မရှိရတော့ချေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄ နည်း ၃ အပိုဒ်ခွဲ (၄)နှင့်အညီ ပုဂ္ဂလိကဒီကရီ ချမှတ်ပေးရန် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာက လျှောက်ထားခဲ့သော်လည်း အောင်မြင်ခြင်း မရှိသည့်အလျောက် အပေါင်ပစ္စည်းမဟုတ်သည့် တရားရှုံးပိုင် အခြားပစ္စည်းများကိုလည်း အရေးယူနိုင်မည် မဟုတ်ပေ။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၁ တွင် ဖော်ပြထားသော နည်းလမ်း တစ်ရပ်ရပ်ဖြင့် အရေးယူ ဆောင်ရွက်နိုင်ခြင်းလည်း မရှိပေ။ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိန်းက လျော်ကြေးငွေရရှိသောအခါတွင် ဤဇာရီမှုအရ ကြွေးမြီကို ဥပဒေအရ ရှင်းလင်းဆောင်ရွက်သွားနိုင်ခွင့်ရှိကြောင်းတင်ပြသည်။ **ဦးကြီးဖြိန်နှင့် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ မအူပင်** [2] တွင် အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည်။

“တရားရှုံး ကုမ္ပဏီပိုင် ပစ္စည်းများကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက် လျော်ကြေးနှင့် ဘဏ်ကြွေးများကို ခုနှိမ်ခြင်း မပြုနိုင်ပေ”။ ထို့ကြောင့်ဤအမှုတွင် လျှောက်ထားသူပိုင်ပစ္စည်းများကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက်ရရှိမည့်လျော်ကြေးကိုဘဏ်ကြွေးဖြင့်ခုနှိမ်ခြင်းပြုနိုင်မည် မဟုတ်ပေ။ စည်းကမ်းသတ်ကာလ ကျော်လွန်မည့် အကြောင်းပြချက်ဖြင့် အမှုကို ဆက်လက် ချိန်းဆိုသော်လည်း အကျိုးထူးမည် မဟုတ်သည့်အလျောက် ရေဝတီတိုင်းတရားရုံးက အမှုကို သင့်လျော်သည့် ကာလအတိုင်းအတာအထိဆက်လက်ချိန်းဆိုရန် အမိန့်ချမှတ်ခြင်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅(ဂ) အရ စီရင်ပိုင်ခွင့်ကိုကျင့်သုံးရာတွင်အကြီးအကျယ် နည်းလမ်းမကျကြောင်း ထင်ရှားစေသည်

(၁) ၁၉၆၆-ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၂၈၇

(၂) ၁၉၈၁-ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၆

၁၉၀၀ မမြင့် မြင့်ကြ။ ပါ(၇) နှင့် မန်နေဂျာ မြန်မာ့ စီးပွားရေး ဘဏ် ပုသိမ်မြို့

မြန်မာ့စီးပွားရေး ဘဏ်ကိုယ်စား ဥပဒေဝန်ထမ်းက ဇာရီမှုတွင် တရားရှုံးနှင့် တရားနိုင်တို့ အငြင်းပွားမှုအပေါ် ချမှတ်သော အမိန့်ဖြစ်ခြင်းကြောင့် ဗဟိုတရားရုံးတွင် တရားမအထွေထွေအယူခံမှု တင်သွင်းသင့်ကြောင်း တင်ပြသည်။ ဧရာဝတီတိုင်းတရားရုံးက ဇာရီမှုကို သင့်လျော်သော ကာလအတိုင်းအတာအထိ တရားနိုင်ဘက်မှ တင်ပြရန်အတွက် အမှုကို ချိန်းဆိုသွားရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ တွင် ဒီကရီ အတည်ပြုခြင်း၊ ဒီကရီအရပေးဆပ်ခြင်း၊ ဒီကရီကို ကြေအေး ပြေငြိမ်းအောင်ပြုခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော ပြဿနာအရပ်ရပ်ကို ဒီကရီအဘည်ပြုသည့် တရားရုံးက ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ အမှုကို ဆက်လက်ချိန်းဆိုသွားရန် ချမှတ်သော အမိန့်သည် ဒီကရီအဘည်ပြုခြင်း၊ပေးဆပ်ခြင်း၊ ကြေအေးပြေငြိမ်းအောင်ပြုခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော ပြဿနာဖြစ်သည်ဟု မဆိုနိုင်သောကြောင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ တွင် အကျုံးမဝင်ပေ။ ထို့အပြင် ထိုသို့ အမှုကို ချိန်းဆိုသွားရန် ချမှတ်သည့်အမိန့်သည် အမှုသည်များအကြားရှိ အငြင်းပွားလျက်ရှိသည့် ပြဿနာတစ်ခုကို အပြီးသတ် အဆုံးအဖြတ်ပေးခြင်းလည်း မဟုတ်ပေ။ **မအေးညွန့်နှင့် အခြားသူများနှင့် မမကြီးနှင့် အခြားသူများ**(၃) အမှုတွင် အောက်ပါအတိုင်း ညွှန်ပြထားသည်။

> "It is not every order in execution which is a decree, it is only such orders as conclusively determine a question between the parties to the suit relating to the execution of the decree."

သို့ဖြစ်ရာ ဧရာဝတီတိုင်း တရားရုံးက ဇာရီမှုကို ဆက်လက် ချိန်းဆိုသွားရန် ချမှတ်သည့် အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၂) တွင် ဖွင့်ဆိုထားသည့် ဒီကရီဆိုသော စကားရပ်တွင် အကျုံး မဝင်သောကြောင့် တရားမ အထွေထွေ အယူခံမှု တင်သွင်းသင့်ကြောင်း တင်ပြချက်သည် မှန်ကန်ခြင်း မရှိပေ။

ဧရာဝတီတိုင်း တရားရုံး၏ စီရင်ချက်တွင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၁ ပါ ပြဋ္ဌာန်းချက်အရ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇ နည်း ၁ ပါ ပြဋ္ဌာန်းချက်များကို တရားမ ဇာရီမှုတွင် တရားရုံးက

---

(၃) အေအိုင်အာ ၁၉၃၅ ခုနှစ်၊ ရန်ကုန် ၈၁-၅၀၈

၁၉၈၀
မမြင့်မြင့်ကြူ
ပါ(၇)
နှင့်
မန်နေဂျာ
မြန်မာ့
စီးပွားရေး
ဘဏ်
ပုသိမ်မြို့

လိုက်နာ ကျင့်သုံးခွင့် ရှိကြောင်း ဖော်ပြသုံးသပ်ထားခြင်းသည် မှန်ကန်ခြင်း မရှိပေ။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၁ ပါ ပြဋ္ဌာန်းချက်များသည် ဇာရီမှုများနှင့် မသက်ဆိုင်ကြောင်း မသန်းစိန် နှင့် အခြားသူများ နှင့် မလှရင် အမှု(၅) တွင် အောက်ပါအတိုင်းညွှန်ပြထားသည်။

"The provisions of s. 141 of the Code of Civil procedure do not apply to applications for execution, but only to original matters in the nature of suits such as proceedings in probates, guardianships, divorce and insolvency."

ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်ရန် လျှောက်ထားမှုကို ခွင့်ပြု၍ ရှေ့ဝတီတိုင်းတရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး ဇာရီမှုအမှတ် ၆/၇၇ ကို ပိတ်သိမ်းရန် အမိန့်ချမှတ်လိုက်သည်။

ဤပြင်ဆင်မှုအတွက် စရိတ်မရှိ။

## တရားမ ပထမအယူခံမှု

### ဦးကျော်ငွေ အမြဲ ဦးမျိုးမြင့် အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မန်းသက်စံနှင့် ဦးဝင်းမောင် ၂-တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်လှကြည်ပါ-၆

နှင့်

ဒေါ်တင်မေ *

† ၁၉၈၈
ဇွန်လ ၆ ရက်

**သက်သာခွင့်—သက်သာခွင့် နှစ်ရပ် တောင်းဆိုသည့်အမှုတွင် ပထမ သက်သာခွင့် မရရှိနိုင်သည့် တိုင်အောင် ဒုတိယ သက်သာခွင့် တောင်းဆိုခြင်းအပေါ် တရားရုံးက စိစစ်ရန်လိုအပ်ခြင်း၊ အိမ်ခန်းကို လက်ရောက်ရလိုမှု စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယားအမှတ်စဉ် ၁၄၄ ပါ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်ခြင်း။**

ပဲခူးတိုင်း တရားရုံး ၁၉၈၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇ (ပဲခူး) တွင် အယူခံတရားလို ဒေါ်လှကြည်၊ ဒေါ်မြစိန်၊ ဒေါ်မေသန်း၊ ဦးဝင်းတင့်၊ ဦးဝင်းချစ် နှင့် ဦးဝင်းနှစ် တို့က ပဲခူးမြို့ ပန်းလှိုင် ရပ်ကွက်ရှိ အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို မိမိတို့ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် အယူခံတရားပြိုင် ဒေါ်တင်မေ လက်ဝယ်ရှိ အခန်းနှစ်ခန်းကို လက်ရောက်ရလိုကြောင်းဖြင့် တရားစွဲဆိုရာ တိုင်းတရားရုံးက အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် ဒေါ်လှကြည်တို့ စွဲဆိုသောအမှုသည် ကာလ စည်းကမ်းသတ် ကျော်လွန်သည်ဟု ဆုံးဖြတ်၍ အမှုကို ပလပ်လိုက်သောကြောင့် ဒေါ်လှကြည်တို့က ဗဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းသည်။

---

* ၁၉၈၈ ခုနှစ်တရားမ ပထမအယူခံမှုအမှတ် ၁၅

† ၁၉၈၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇(ပဲခူး)တွင် ချမှတ်သော (၂၄-၁၁-၈၇) ရက်နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၇
ဒေါ်လှကြည်
ပါ(၆)
နှင့်
ဒေါ်တင်မေ

**ဆုံးဖြတ်ချက်။** ။ဤအမှုတွင်အယူခံ တရားလို့တို့သည် သက်သာခွင့်နှစ်ရပ်တောင်းဆိုထားသည်။ အယူခံတရားလိုတို့သည် ပထမ သက်သာခွင့် မရရှိသည့်တိုင်အောင် ဒုတိယ သက်သာခွင့်ကို တောင်းဆိုနိုင်ခွင့်ရှိမရှိ ပြဿနာနှင့်စပ်လျဉ်း၍ တိုင်း တရားရုံးက စိစစ်ထားခြင်း မရှိကြောင်း တွေ့ရသည်။ တစ်ချိန်က ဒေါ်တင်မေသည် အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ပိုင်ဆိုင်သည်ဟု ကြွေးကြော်ခဲ့ရုံမျှဖြင့် အယူခံတရားလိုတို့သည် ဒေါ်တင်မေလက်ရှိဖြစ်သည့် အခန်းများကို အမှန် တကယ် ပိုင်ဆိုင်ပါမူ လက်ရောက်ရလိုကြောင်း စွဲဆိုခွင့်ကို အဟန့်အတား မဖြစ်စေနိုင်ချေ။ အယူခံတရားလိုတို့စွဲဆိုသောအမှုမှာ အဓိကအားဖြင့် အချင်းဖြစ်အိမ်ခန်းနှစ်ခန်းကို လက်ရောက်ရလိုမှုသာဖြစ်သည်။ သို့ဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေ ဇယားအမှတ်စဉ် ၁၄၄ ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည်။ **တီ၊ ဗီ၊ ဗီ၊ သာပါမွားလ်ချစ်တီး နှင့် အာရ်၊ မူနိယ°ဒီဆာပိုင်းပါ** ၃၊ အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ ၄၊ စာ ၂ ၆၆၊ ဗီစီ၊ ကိုရည်ညွှန်းသည်။

အယူခံတရားလိုများအတွက် — ဦးသက်နိုင်(ပဲခူး) ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးအောင်ခင် (ပဲခူး) ဗဟို တရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးလှမြင့်ဝင်း

ပဲခူးတိုင်း တရားရုံး ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ်–၁၇ (ပဲခူး)တွင် အယူခံ တရားလို ဒေါ်လှကြည်၊ ဒေါ်မြစိန်၊ ဒေါ်မေသန်း၊ ဦးဝင်းတင့်၊ ဦးဝင်းချစ်နှင့် ဦးဝင်းနှစ်တို့က ပဲခူးမြို့ ပန်းလှိုင် ရင်ကွက်ရှိ အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို မိမိတို့ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် အယူခံ တရားပြိုင် ဒေါ်တင်မေ လက်ရောက်ရှိ အခန်းနှစ်ခန်းကို လက်ရောက် ရလိုကြောင်းဖြင့် တရားစွဲဆိုရာ တိုင်းတရားရုံးက ဒေါ်လှကြည်တို့ စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ဆုံးဖြတ်၍ အမှုကို ပလပ်လိုက်သောကြောင့် ဒေါ်လှကြည်တို့က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

အမှုတွင် အချင်းဖြစ်မြေနှင့် အဆောက် အအုံများကို ကွယ်လွန်သူ ဒေါ်အုန်းရင် ပိုင်ဖြစ်ကြောင်း အငြင်းမပွားချေ။ ဒေါ်အုန်းရင်သည်

၁၉၇၄ ခုနှစ် အတွင်းတွင် ကွယ်လွန်သွားခဲ့ရာ အယူခံ တရားလိုတို့က ဒေါ်အုန်းရင်၏ တူ တူမများ အနေဖြင့် အချင်းဖြစ်မြေနှင့် အဆောက် အအုံကို အမွေဆက်ခံ ရရှိသည်ဟု ဆိုသည်။ ဒေါ်တင်မေကလည်း ဒေါ်အုန်းရင်၏ လင်ပါ သမီးဖြစ်၍ မိထွေး၏အမွေကို ရရှိသည်ဟု ဆိုသည်။ အယူခံ တရားလိုတို့က ဒေါ်တင်မေ၏ မိခင်နှင့် ဘခင်တို့ လင်မယားအဖြစ်မှ ကွဲကွာစဉ်က ဒေါ်တင်မေသည် အမိဘက်သို့ လိုက်ပါ သွားသဖြင့် မိထွေး ဒေါ်အုန်းရင်၏ အမွေကို ဆက်ခံခွင့် မရှိဟု အကြောင်းပြ၍ သူတို့သာလျှင် အမွေဆက်ခံခွင့် ရှိသည်ဟု အဆိုပြုပြီး အမှုစွဲဆိုခြင်း ဖြစ်သည်။ ၁၉၈၈ ဒေါ်လှကြည် ပါ(၆) နှင့် ဒေါ်တင်မေ

ပဲခူးမြို့နယ် တရားရုံး ၁၉၇၉ ခုနှစ် တရားမကြီးမှုအမှတ် ၄၀ တွင် ဒေါ်တင်မေက အချင်းဖြစ်မြေနှင့် အဆောက်အအုံကို အမွေဆက်ခံ ပိုင်ဆိုင်လာသည်ဟု အဆိုပြုပြီး အယူခံတရားလို ဒေါ်မြစိန်အပေါ် အချင်းဖြစ် အဆောက်အအုံရှိ အခန်းတစ်ခန်းမှ ခွင့်ပြုချက်အရ နေထိုင်သူ အဖြစ် ဖယ်ရှားပေးစေရန် တရားစွဲဆိုရာ မြို့နယ် တရားရုံးနှင့် တိုင်း တရားရုံးတို့တွင် ဒေါ်တင်မေ အနိုင်ရသော်လည်း ဗဟို တရားရုံးက ဒေါ်မြစိန်သည် အချင်းဖြစ်အိမ်တွင် အခွင့်အမိန့်အရ နေထိုင်ခဲ့ခြင်း မဟုတ်ဟု ကောက်ယူ၍ ဒေါ်တင်မေ စွဲဆိုသောအမှုကို ပလပ်လိုက်သည်။

ပဲခူးတိုင်း တရားရုံးက ဒေါ်တင်မေသည် မိမိစွဲဆိုသော အမှုတွင် ဒေါ်မြစိန်၏ ပိုင်ဆိုင်ခွင့်ကို အတိအလင်း ငြင်းဆိုခဲ့သည်ဖြစ်ရာ ဒေါ်မြစိန် အနေဖြင့် ယင်းအမှု၌ ချေလွှာတင်သွင်းသည့် ၁၅-၁-၈၀ ရက်နေ့တွင် တရားစွဲဆိုခွင့် ရသောကြောင့် ၁၁-၃-၈၇ ရက်နေ့တွင် ဒေါ်မြစိန် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ တွင်သတ်မှတ်ထားသော ၆ နှစ်ကာလ ကျော်လွန်နေပြီ ဖြစ်ကြောင်း၊ ကျန်အယူခံ တရားလိုများသည် ဒေါ်မြစိန်မပါဘဲ အမှု စွဲဆိုခွင့် မရှိသဖြင့် သူတို့အနေဖြင့်လည်း တရားစွဲဆိုရန် ကာလစည်းကမ်း သတ် ကျော်လွန်နေပြီ ဖြစ်ကြောင်း ကောက်ယူ ဆုံးဖြတ်သည်။

အယူခံ တရားလိုတို့၏ ရှေ့နေက ဒေါ်တင်မေ စွဲဆိုခဲ့သော အမှုမှာ ဒေါ်မြစိန် လက်ရှိဖြစ်သော အခန်းနှင့် ပတ်သက်ပြီး ဒေါ်လှကြည်တို့ စွဲဆိုသောအမှုမှာ ဒေါ်တင်မေ လက်ရှိဖြစ်သော အခန်းနှင့် သက်ဆိုင်သည် ဖြစ်၍ တိုင်းတရားရုံးက ကာလ စည်းကမ်းသတ် ကျော်လွန်သည်ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြ လျှောက်ထားသည်။ ပထမ အမှုတွင် ဒေါ်တင်မေက အချင်းဖြစ်မြေနှင့် အဆောက်အအုံကို အမွေ ဆက်ခံ ရရှိသည်ဟုဆိုကာ တရားစွဲဆိုခြင်းဖြစ်ရာ ဒေါ်မြစိန်၏ အခွင့်

၀၉၀၀ ဒေါ်လှကြည် ပါ(၆) နှင့် ဒေါ်တင်မေ

အရေးကို ငြင်းကွယ်ရာ ရောက်သည်ဖြစ်၍ ဒေါ်မြစိန်အနေဖြင့် မိမိ ရထိုက်ခွင့်နှင့် စပ်လျဉ်း၍ မြွက်ဟ ကြေညာပေးစေလိုမှု စွဲဆိုလိုပါက ၆ နှစ်အတွင်း စွဲဆိုရမည်ဖြစ်၍ သူ စွဲဆိုသော ယခုအမှုတွင် တောင်းဆို ထားသည့် ပထမ သက်သာခွင့်ကို ရခွင့်ရှိမည် မဟုတ်ချေ။ သို့ရာတွင် အခြားအယူခံ တရားလိုတို့ စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု တိုင်းတရားရုံးက သုံးသပ်ခြင်းသည် . မှန်ကန်ခြင်း မရှိပေ။ အယူခံ တရားလိုတို့ အဆိုပြုသည့်အတိုင်း အချင်းဖြစ် မြေနှင့် အဆောက်အအုံကို အမွေဆက်ခံ ရရှိပါမူ တစ်ဦးစီ၏ ရခွင့်သည် သီးခြားဖြစ်သည့်အလျောက် ဒေါ်မြစိန်မှအပ ကျန်အယူခံ တရားလိုတို့ အနေဖြင့် မိမိတို့၏ ရခွင့်ကို သီးခြား အရေးဆိုခွင့်ရှိပေသည်။ ဒေါ်မြစိန် မပါဘဲ တရားစွဲဆိုခွင့် မရှိဟူသော အမြင်မှာ မှားယွင်းပေသည်။ ထိုသူတို့အနေဖြင့် ဒေါ်တင်မေအပေါ် မြွက်ဟ ဒီကရီ ရလိုကြောင်း စွဲဆိုသောအမှုသည် ကာလ စည်းကမ်းသတ် ကျော်လွန်ခြင်း ရှိ မရှိမှာ ဒေါ်တင်မေက သူတို့၏ ရပိုင်ခွင့်များကို မည်သည့်အခါက ငြင်းဆို ကြောင်း သိရှိခြင်းအပေါ် မူတည်သည်။ သို့ဖြစ်ရာ အမှုစစ်ဆေးပြီးမှသာ ကာလစည်းကမ်းသတ် ပြဿနာကို အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည်။

ဤအမှုတွင် အယူခံတရားလိုတို့သည် သက်သာခွင့်နှစ်ရပ် တောင်းဆို ထားသည်။ အယူခံတရားလိုတို့သည် ပထမသက်သာခွင့် မရရှိသည့်တိုင် အောင် ဒုတိယသက်သာခွင့်ကို တောင်းဆိုနိုင်ခွင့် ရှိမရှိ ပြဿနာ နှင့် စပ်လျဉ်း၍ တိုင်းတရားရုံးက စိစစ်ထားခြင်း မရှိကြောင်း တွေ့ရသည်။ တစ်ချိန်က ဒေါ်တင်မေသည် အချင်းဖြစ်မြေနှင့် အဆောက် အအုံကို ပိုင်ဆိုင်သည်ဟု ကြွေးကြော်ခဲ့ရုံမျှဖြင့် အယူခံတရားလိုတို့သည် ဒေါ်တင်မေ လက်ရှိ ဖြစ်သည့် အခန်းများကို အမှန်တကယ်ပိုင်ဆိုင်ပါမူ လက်ရောက် ရလိုကြောင်းစွဲဆိုခွင့်ကို အဟန့်အတားမဖြစ်စေနိုင်ချေ။ အယူခံ တရားလို တို့ စွဲဆိုသော အမှုမှာ အဓိကအားဖြင့် အချင်းဖြစ် အိမ်ခန်း နှစ်ခန်းကို လက်ရောက် ရလိုမှု သာဖြစ်သည်။ သို့ဖြစ်၍ ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၄၄ ပါ ပြဋ္ဌာန်းချက်များ နှင့် သက်ဆိုင်သည်။ တီ၊ ဗီ၊ ဝီ၊ သာပါမားလ်ချစ်တီး နှင့် အာရှီ၊ မူနီယ ဒီဆဲဝှိုင်းပါ—၃(၁) စီရင်ထုံးကိုကြည့်ပါ။

အယူခံတရားပြိုင်၏ ရှေ့နေက ဒေါ်အုန်းရင် ကွယ်လွန် သည့် နေ့မှ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ တွင်

(၁) အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ ၄ စာ၂၆၆–(ဖီဖီ)

ခွင့်ပြုထားသော ၁၂ နှစ်အတွင်း အမှုကိုစွဲဆိုခဲ့ခြင်းမရှိ၍ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း တင်ပြလျှောက်ထားသည်။ အယူခံတရားလိုတို့စွဲဆိုသောအမှုမှာ အမွေမှုမဟုတ်ချေ။ ထို့ပြင် အပိုဒ် ၁၄၄ အရ စည်းကမ်းသတ်ကာလကို တရားပြိုင်က ဆန့်ကျင်လက် ရှိထားသည့် နေ့မှစ၍ ရေတွက်ရမည်ဖြစ်ရာ မည်သည့်နေ့တွင် ဒေါ်တင်မေ က အချင်းဖြစ်အခန်းများကို ဆန့်ကျင်လက်ရှိ ထားခဲ့ကြောင်း သက်သေခံချက် ရရှိပြီးမှ အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်သည်။

၁၉၀၀
ဒေါ်လှကြည်
ပါ(၆)
နှင့်
ဒေါ်တင်မေ

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုသည်။ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ ပဲခူးတိုင်းတရားရုံးသည် အယူခံတရားလိုတို့စွဲဆိုသော အမှုကို မူလအမှုအမှတ်အတိုင်း ပြန်လည် ဖွင့်လှစ်၍ ပဏာမငြင်းချက်နှင့် ကျန်ငြင်းချက်များကို သက်သေခံချက်များ ရယူပြီးမှ အဆုံးအဖြတ် ပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။

ဤအယူခံတွင် ထမ်းဆောင်ထားသော ရုံးခွန်များကိုအယူခံတရားလိုတို့အားပြန်အမ်းရန်အတွက် သက်သေခံလက်မှတ်ကို ရုံးခွန်အက်ဥပဒေ ပုဒ်မ ၁၃အရ ထုတ်ပေးစေ။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဒေါက်တာ မန်းသက်စံ၊ အဖွဲ့ဝင်များအဖြစ်
ဦးဘမော်နှင့် ဦးဝင်းမောင်-၁ တို့ပါဝင်သော
ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၇ မတ်လ ၃၀ရက်

ဦးလှမောင် (ခ) ဦးဂနီ

နှင့်

ဦးမောင်သွင်ပါ (၂) *

သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၉–ဥပဒေ လမ်းကြောင်း အတိုင်းဟူသောစကားရပ်နှင့် ဥပဒေနှင့် အညီဟူသော စကား ရပ်တို့၏ အဓိပ္ပာယ်ချင်း မတူညီခြင်း–သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၈ အရ စွဲဆိုသော အမှုသည် ယင်း ဥပဒေ ပုဒ်မ ၉ အရ စွဲဆိုသော အမှုနှင့် ကွဲပြားခြားနားခြင်း။

ဆုံးဖြတ်ချက်။ ။သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၉ ပါ ''ဥပဒေလမ်းကြောင်းအတိုင်း'' ဟူသော စကားရပ်သည် ''ဥပဒေနှင့် အညီ'' (Legally) ဟူသော စကားရပ်နှင့် အဓိပ္ပာယ်ခြင်း မတူပေ။ ပြဿနာတစ်ရပ်ရပ်ကို တရားရုံးတစ်ရုံး၏ အဆုံးအဖြတ်ခံယူရန် တင်ပြလာ သည့်အတိုင်း တရားရုံးက အဆုံးအဖြတ် ပေးခြင်းသည် ဥပဒေ လမ်း ကြောင်းအတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၈ အရစွဲဆိုသောအမှုသည် ပုဒ်မ ၉ အရ စွဲဆိုသော အမှုနှင့်ကွဲပြားခြားနား သည်။ ပုဒ်မ ၉ အရ စွဲဆိုသောအမှုမှာ တရားရုံး၏ ယန္တယား အရ

---

* ၁၉၇၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၇၇

† ၁၉၇၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆ တွင် ချမှတ်သော (၁၅-၅-၇၇) ရက် နေ့စွဲပါ ပွန်ပြည်နယ် တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

မဟုတ်ဘဲမရွှေ့မပြောင်းနိုင်သော ပစ္စည်းမှ ဖယ်ရှားခြင်း ခံရသူက စွဲဆိုသောအမှုကို ရည်ညွှန်းသည်။

၁၉၀၀
ဦးလှမောင်
(ခ)
ဦးဂနီ
နှင့်
ဦးမောင်သွင်
ပါ(၂)

လျှောက်ထားသူအတွက် —ဦးလှသောင်းကိုယ်စား ဒေါ်လဲ့လဲ့ရီ မဟုတ်တရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် — ဦးလှကျော် (မော်လမြိုင်) ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး —ဦးမန်းသိန်းလွင်

မွန်ပြည်နယ်တရားရုံး၊ ၁၉၇၀ ခုနှစ် ဇာရီမှု အမှတ် ၁၃ (မ) တွင် လျှောက်ထားခံရသူ ဦးမောင်သွင်က အဆိုပါ တရားရုံး ၁၉၇၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၀ တွင် ရရှိထားသော ဒီဂရီကို အတည်ပြုရာ မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ၊ အောက်လမ်းမကြီး အုပ်စုအမှတ် ၁၂ အကွက် အမှတ် ၃၇၊ ဦးပိုင်အမှတ် ၄၅ စာရင်းပေါက်သော မြေကွက်၏ မြောက်ဘက် အစွန်ဆုံးမြေကွက်ကို လေလံတင်ရောင်းချရာ လျှောက်ထားခံရသူ ဒေါ်မာဇီ က ဝယ်ယူခဲ့သည်။ ထိုအချိန်က ယင်းမြေပေါ်တွင် ဦးကုလပြားက အိမ်ဆောက်လုပ်ပြီး လျှောက်ထားသူ ဦးလှမောင် (ခ) ဦးဂနီအား ငှားရမ်းထားသည်။ လေလံဆွဲဝယ်သူ ဒေါ်မာဇီ၏ လျှောက်ထားချက် အရ အချင်းဖြစ်မြေကို ဒေါ်မာဇီအား လက်ရောက်ပေးအပ်ရာတွင် ဦးလှမောင်အား မြေမှ ၁၆-၂-၀၅ နေ့တွင် ဖယ်ရှားခဲ့သည် ဟု အဆိုရှိသည်၊ ဦးလှမောင်က ယင်းမြေပေါ်တွင် ၁၆ နှစ်တိုင်တိုင် နေထိုင်လာခဲ့ရာမှ မတရား လက်လွှတ်ဆုံးရှုံးရသည်ဟုဆိုကာ မြေကိုပြန်လည် လက်ရောက်ရလိုကြောင်းဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ၊ မွန်ပြည်နယ်တရားရုံး ၁၉၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆ (မှ) တွင် ဦးမောင်သွင်နှင့် ဒေါ်မာဇီတို့အပေါ် တရားစွဲဆိုရာ မွန်ပြည်နယ် တရားရုံးက လျှောက်ထားသူသည် ယင်းပုဒ်မအရ တရားစွဲဆိုခွင့်မရှိဟု ကောက်ယူ၍ အမှုကို ပလပ်လိုက်သောကြောင့် ဦးလှမောင်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားလာသည်။

ဤပြင်ဆင်မှုတွင် ဆုံးဖြတ်ရန် ပြဿနာမှာ မွန်ပြည်နယ် တရားရုံး၊ ၁၉၇၀ ခုနှစ်၊ ဇာရီမှုအမှတ် ၁၃ (မ) တွင် အတည်ပြုခဲ့သည့် ဒီကရီကို လိုက်နာရန် တာဝန်မရှိသော ဦးလှမောင်အား အချင်းဖြစ်မြေမှ ဖယ်ရှားခဲ့ခြင်းသည် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ''ဥပဒေလမ်းကြောင်းအတိုင်း မဟုတ်ဘဲ'' (otherwise than in due course of law) ဖယ်ရှားခြင်း ဟုတ် မဟုတ် ဖြစ်သည်။

၁၉၀၀
ဦးလှမောင်
(ခ)
ဦးဝနီ
နှင့်
ဦးမောင်သွင်
ပါ(၂)

လျှောက်ထားသူ၏ ရှေ့နေက ဦးလှမောင်သည် တရားရုံးလည်းမဟုတ် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူလည်းမဟုတ်သဖြင့် မွန်ပြည်နယ် တရားရုံးသည် အချင်းဖြစ်မြေကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၆ တွင် ခွင့်ပြုထားသည့်အတိုင်း လေလံဆွဲဝယ်သူအား စတိအဖြစ်သာ လက်ရောက်ပေးအပ်ရန်ဖြစ်ပါလျက် နည်း ၉၅ အရ လက်ထိ လက်ရောက် ပေးအပ်ခြင်းမှာ ဥပဒေနှင့် မညီညွတ်သည့်အတွက် လျှောက်ထားသူအား "ဥပဒေလမ်းကြောင်းအတိုင်းမဟုတ်ဘဲ" ဖယ်ရှားရရောက်သဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၉ အရ တရားစွဲဆိုခွင့်ရှိပါသည်ဟု ဥမဒေပညာရှင် ဆာကား ပြုစုသော သီးခြား သက်သာခွင့် ဥပဒေကျမ်း (အဌမအကြိမ်မြောက်ထုတ်) စာမျက်နှာ ၃၀ ပါ သုံးသပ်ချက်များကို ကိုးကား လျှောက်ထားသည်။

အိန္ဒိယနိုင်ငံတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ ပါ "ဥပဒေလမ်းကြောင်းအတိုင်းမဟုတ်ဘဲ" ဆိုသည့် စကားရပ်ကို အဓိပ္ပါယ်ကောက်ယူရာ၌ တရားလွှတ်တော်များသည် အမြင်နှစ်မျိုးရှိကြောင်း တွေ့ရှိရသည်။ အမြင်တစ်မျိုးမှာ လျှောက်ထားသူ၏ ရှေ့နေ တင်ပြသည့်အတိုင်း လျှောက်ထားသူအား ထောက်ခံလျက်ရှိသည်။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ ပါ "ဥပဒေလမ်းကြောင်းအတိုင်း" ဟူသော စကားရပ်သည် "ဥပဒေနှင့်အညီ" (Legally) ဟူသော စကားရပ်နှင့် အဓိပ္ပာယ်ချင်းမတူပေ။ ပြဿနာတစ်ရပ်ကို တရားရုံးတစ်ရုံး၏ အဆုံးအဖြတ် ခံယူရန် တင်ပြလာသည့်အတိုင်း တရားရုံး က အဆုံးအဖြတ်ပေးခြင်းသည် ဥပဒေလမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်။ တရားရုံးက ယင်း ပြဿနာကို အဆုံးအဖြတ်ပေးရာ၌ မှားသည်လည်း ရှိမည်၊ မှန်သည်လည်း ရှိမည်၊ မှားယွင်းလျှင် နစ်နာသူက ဥပဒေတွင် လမ်းဖွင့်ပေးထားသည့်အတိုင်း ဆောင်ရွက်ရန် ဖြစ်သည်။ အချင်းဖြစ် ဥပစာကို လက်လွှတ်လိုက်ရသော လျှောက်ထားသူအတွက် နစ်နာမှုကို ကုစားနိုင်ရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၁၀၀ နှင့် နည်း ၁၀၃ တို့တွင် သီးခြား လမ်းဖွင့်ပေးထားသည်။ အကယ်၍ လျှောက်ထားသူဘက်မှ တင်ပြသကဲ့သို့ လျှောက်ထားသူသည် အချင်းဖြစ်မြေကို ပြန်လည် လက်ရောက်ရရန်အတွက် သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ တရားစွဲဆိုခွင့်ရှိပါမူ ယင်းပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းထားရန် အကြောင်းရှိမည် မဟုတ်ချေ။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၈ နှင့် ၉ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> " 8. A person entitled to the possession of specific immoveable property may recover it in the manner prescribed by the Code of Civil Procedure.

၁၉၈၈ ဦးလှမောင် (ခ) ဦးဂနီ နှင့် ဦးမောင်သွင် ပါ(၂)

9. If any person is dispossessed without his consent of immoveable property otherwise than in due course of law, he or any person claiming through him may by suit recover possession thereof, notwithstanding any other title that may be set up in such suit.''

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၈ အရ စွဲဆိုသော အမှုသည် ပုဒ်မ ၉ အရ စွဲဆိုသောအမှုနှင့် ကွဲပြားခြားနားသည်၊ ပုဒ်မ ၉ အရ စွဲဆိုသော အမှုမှာ တရားရုံး၏ ယန္တရားအရမဟုတ်ဘဲ မူရှေ့မပြောင်း နိုင်သော ပစ္စည်းမှ ဖယ်ရှားခြင်းခံရသူက စွဲဆိုသော အမှုကို ရည်ညွှန်း သည်ဟု ကျွန်ုပ်တို့ သဘော ရရှိအည်။

ထို့ကြောင့် မှန်ပြည်နယ်တရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဒေါက်တာ
မောင်မောင်အေးတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၀
ဇူလိုင်လ
၈-ရက်

ဦးလေးမောင်ပါ (၂)

နှင့်

ဒေါ်တင်တင်အေးပါ (၅)*

**အဆိုလွှာကို ပြင်ဆင်ခြင်းနှင့် ချေလွှာကိုပြင်ဆင်သည့် သဘောသဘာဝချင်းမတူခြင်း–တရားပြိုင်အား ချေလွှာ ပြင်ဆင်ခွင့်ပေးရာတွင် စဉ်းစားသင့်သည့် အချက်များ**

**ဆုံးဖြတ်ချက်။** ။တရားလိုက မိမိစွဲဆိုသည့်အမှုတွင် တရားစွဲဆိုရန် အချင်းဖြစ်အကြောင်းခြင်းရာကို အကြီးအကျယ်ပြောင်းလဲအောင် သို့မဟုတ် အချင်းဖြစ်အကြောင်းခြင်းရာအသစ်ကို အစားထိုးရာရောက်အောင် အဆိုလွှာကို ပြင်ဆင်ခြင်းနှင့် တရားပြိုင်က ထုချေချက် အသစ်တစ်ရပ်ကို ထည့်သွင်းနိုင်ရန်အတွက် ချေလွှာကို ပြင်ဆင်ခြင်းသည် သဘောသဘာဝချင်းမတူချေ။ တရားပြိုင်သည် တရားလိုစွဲဆိုသောအမှုကို အမျိုးမျိုး အဖုံဖုံ ချေပခွင့်ရှိသည်ဖြစ်ရာ ချေလွှာပြင်ဆင်ခွင့်ပြုရန် သဘောရိုးဖြင့် လျှောက်ထားခြင်းဖြစ်ပြီး အမှုသည်များအကြား အမှန်တကယ် အငြင်းပွားမှုကို အဆုံးအဖြတ်ပေးနိုင်ရန်အတွက် ပြင်ဆင်ရန် လိုအပ်ကြောင်း ပေါ်ပေါက်သည့်အပြင် တရားချတပါက ထုချေချက်အသစ်ကို ထည့်သွင်းထုချေနိုင်ရန် ချေလွှာကို ပြင်ဆင်ခွင့်ပေးသင့်သည်။

လျှောက်ထားသူများအတွက် — ဦးမျိုးဝင်းတင့်၊ ဗဟို တရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် — ဦးစိုးမြင့်၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးကျော်ထွန်းအောင်

---

* ၁၉၈၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၀။

† ၁၉၇၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၇ တွင် ချမှတ်သော (၆-၁-၈၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၈၈
ဦးလေးမောင် ပါ(၂) နှင့် ဒေါ်တင်တင် အေး ပါ(၅)

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၆၇/၈၅ (ဗိုလ်တထောင်)တွင်တရားလို ဒေါ်တင်တင်အေး၊ဒေါ်ခင်စန်းမြင့်၊ဦးကျော်တင့်၊ ဒေါ်ခင်မြင့်ထူးနှင့် ဒေါ်စုစုဝင်းတို့က တရားပြိုင် ဦးလေးမောင်နှင့် ဒေါ်ခင်ကြည်တို့ အပေါ် ကွယ်လွန်သူ ဒေါ်သန်းတင်၏ ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းများကို တရားလိုများ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရရန် တရားစွဲဆိုသည်။ ယင်းအမှုတွင် တရားလိုဘက်ကို စစ်ဆေးပြီးနောက် တရားပြိုင် ဦးလေးမောင်နှင့် ဒေါ်ခင်ကြည်တို့အား စစ်ဆေးပြီးသည့်အချိန်၌ ဦးလေးမောင်နှင့် ဒေါ်ခင်ကြည်တို့က ၎င်းတို့၏ ချေလွှာအပိုဒ် (၄) နှင့် (၈) တို့ကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားသည်။ ဒေါ်တင်တင်အေးပါ– ၅ ဦးတို့က ကန့်ကွက်၍ တိုင်းတရားရုံးသည် နှစ်ဘက်ရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာပြီးနောက် ဦးလေးမောင်တို့၏ လျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးလေးမောင်တို့က ဗဟိုတရားရုံး၌ ဤတရားမပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

တိုင်းတရားရုံးတွင် တင်သွင်းသည့် ဒေါ်တင်တင်အေးတို့၏ အဆိုလွှာအပိုဒ် (၄)တွင်– "တရားလိုအမှတ်(၁) (၂) (၃)နှင့် (၄)တို့သည် ဒေါ်သန်းတင်၏ အစ်ကိုကြီးဖြစ်သူကွယ်လွန်သူ ဦးဘဘိုး၏သားသမီးများ ဖြစ်ကြပြီး တရားလိုအမှတ် (၅) သည် ကွယ်လွန်သူ ဒေါ်သန်းတင်၏ မောင် ကွယ်လွန်သူ ဦးဘစိုး၏ သမီး ဖြစ်ပါသည်။ ကွယ်လွန်သူ ဒေါ်စိန်ညွန့်နှင့် ဒေါ်သန်းတင် တို့သည် မြန်မာ ဗုဒ္ဓဘာသာများ ဖြစ်ကြ၍ မြန်မာ ဗုဒ္ဓဘာသာထုံးတမ်းဓလေ့အရ တရားလိုတို့သည် အထက်အပိုဒ် (၁) ပါ ၎င်းတို့နိုင် ပစ္စည်းများကို ဒေါ်သန်းတင် ကွယ်လွန်ပြီးနောက် တရားဝင်ပိုင်ဆိုင်ကြသူများဖြစ်ကြပါသည်" ဟူ၍ ဖော်ပြအဆိုပြုထားပြီး အဆိုလွှာအပိုဒ်(၈) တွင်– "ယခု အမှုကို တရားစွဲဆိုရန် ရန်ကုန်တိုင်းအတွင်းတွင် ပေါ်ပေါက်၍ ဒေါ်သန်းတင် ကွယ်လွန်သည့် (၁၉-၁၁-၈၄) နေ့ရက်တွင် လည်းကောင်း၊ ၎င်း နေ့ရက်နောက်ပိုင်းတွင် လည်းကောင်း ပေါ်ပေါက် ပါသည်" ဟူ၍ ဖော်ပြ အဆိုပြုထားရာ ဦးလေးမောင်တို့၏ ချေလွှာအပိုဒ် (၄) တွင်– "ဆိုလွှာအပိုဒ် (၄) ပါ ဆွေစဉ်မျိုးဆက်စာရင်းမှအပ ကျန်အချက်မှာ မှန်ကန်ခြင်းမရှိ၍ ငြင်းဆိုပါသည်။ တရားလိုများသည် ဒေါ်သန်းတင်နှင့် ဒေါ်စိန်ညွန့်တို့ မကွယ်လွန်မီကပင် ကွယ်လွန်သူများနှင့် ဆွေခန်းမျိုးခန်း ပြတ်ခဲ့ပြီးဖြစ်ပါသည်။ဒေါ်သန်းတင်နှင့် ဒေါ်စိန်ညွန့်တို့ မကွယ်လွန်မီက တရားလိုများသည် သာရေး၊ နာရေး စောင့်ရှောက်ထောက်ပံ့ သဂြိုဟ်ခဲ့ခြင်း လုံးဝမရှိ၍ တရားလိုများသည် သေသူတို့၏ အမွေဆက်ခံခွင့် မရှိကြတော့ပါ" ဟူ၍ လည်းကောင်း၊ ချေလွှာအပိုဒ် (၈)တွင်– "မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ကျန်ရစ်သော အမွေပုံ

၁၉၇၈
ဦးလေးမောင်
ပါ(၂)
နှင့်
ဒေါ်တင်တင်
အေးပါ (၅)

ပစ္စည်းနှင့် စပ်လျဉ်း၍ အခြား နည်းသက်သာခွင့် တောင်းဆိုနိုင်ပါလျက် သီးခြားသက်သာခွင့်တောင်းဆိုခြင်းဖြစ်၍ အမှုကို ဤပုံစံဖြင့် စွဲဆိုခွင့်မရှိပါသောကြောင့် ဆိုလွှာအပိုဒ် (၈) ကို ငြင်းဆိုပါသည်'' ဟူ၍လည်းကောင်း ချေပ ထားသည်။

ဦးလေးမောင်တို့ တင်သွင်းလိုသည့် ပြင်ဆင် ချေလွှာအပိုဒ် (၄) တွင် '' ဆိုလွှာအပိုဒ် (၄) ပါ ဆွေစဉ် မျိုးဆက်စာရင်းမှာ မှန်ကန်ခြင်း မရှိပါ။ ဦးဘဘိုး၊ ဦးဘစိုးတို့မှာ ဒေါ်သန်းတင်နှင့် မောင်နှမ တစ်ဝမ်းကွဲများ ဖြစ်ကြပါသည်။ ထို့ကြောင့် တရားလိုများသည် ကွယ်လွန်သူ ဒေါ်သန်းတင်၏ တစ်ဝမ်းကွဲ တူ-တူမများသာဖြစ်ပါသည်။ တရားလိုများ အပြင် ဒေါ်သန်းတင်၏ အခြား တူ-တူမ တစ်ဝမ်းကွဲများ ရှိနေသေး၍ တရားလိုများသည် ဒေါ်သန်းတင်၏ အမွေပုံကို တရားဝင် ပိုင်ဆိုင်သည် ဆိုသည့် အချက်ကို ငြင်းဆိုပါသည်။ တရားလိုများသည် ဒေါ်သန်းတင်၊ ဒေါ်စိန်ညွန့်တို့ မကွယ်လွန်မီကပင် ကွယ်လွန်သူများနှင့် ဆွေးခန်းမျိုးခန်း ပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ဒေါ်သန်းတင်နှင့် ဒေါ်စိန်ညွန့်တို့ မကွယ်လွန်မီက တရားလိုများသည် သာစဉ်၊ နာစဉ် စောင့်ရှောက် ထောက်ပံ့သဂြိုလ် ခဲ့ခြင်း လုံးဝမရှိ၍ တရားလိုများသည် သေသူတို့၏ အမွေဆက်ခံခွင့်မရှိကြတော့ပါ'' ဟူ၍လည်းကောင်း၊ ချေလွှာအပိုဒ် (၈) တွင် ''မြန်မာဗလေ့ထုံးတမ်း ဥပဒေအရ ကျန်ရစ်သော အမွေပုံ ပစ္စည်းနှင့် စပ်လျဉ်း၍ အခြားနည်း သက်သာခွင့်တောင်းဆိုနိုင်ပါလျက် သီးခြား သက်သာခွင့် တောင်းဆိုခြင်းဖြစ်၍ အမှုကို ဤပုံစံဖြင့် စွဲဆိုခွင့် မရှိပါသောကြောင့် အဆိုလွှာအပိုဒ် (၈) ကို ငြင်းဆိုပါသည်။ ၎င်းအပြင် တရားလိုများနှင့် အစုနှ်တူ မျိုးဆက်တူသူအားလုံး တရားလိုအဖြစ် ပါဝင်ခြင်း မရှိဘဲ တရားလိုများကို သေသူ ဒေါ်သန်းတင်၏ ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးခြင်း မပြုနိုင်ပါ။ ဆိုလွှာ အပိုဒ် (၈) ကို ငြင်းဆိုပါသည်'' ဟူ၍လည်းကောင်း ပြင်ဆင် ချေပထားသည်။

ချေလွှာအပိုဒ် (၄) နှင့် (၈) တို့ကို ပြင်ဆင်ခွင့် တောင်းခြင်းမှာ တိုင်းတရားရုံးကတရားမကျင့်ထုံးဥပဒေ အမိန့် ၁၃ နည်း ၂ အရသက်သေခံအဖြစ်လက်ခံလိုက်သောမှတ်ပုံတင် ကိတ္တိမမွေးစားစာချုပ်ကိုအကြောင်းပြု၍ ဖြစ်သည်။ ယင်းကိတ္တိမ မွေးစားစာချုပ်တွင် ဒေါ်အေးဆင့်က ကွယ်လွန်သူ အစ်မအရင်း ဒေါ်အေးမြင့်၏ သမီး မသန်းတင်နှင့် ကွယ်လွန်သူ ညီမအရင်း မဖွားတင့်၏သမီး မစိန်ညွန့်တို့ကို အမွေစား အမွေခံ သမီးများအဖြစ် မွေးစားကြောင်း ရေးသား ဖော်ပြထားသည်။

လျှောက်ထားသူတို့သည် ထိုချေချက် အသစ်တစ်ရပ်ကို ထည့်သွင်းနိုင်ရန်အတွက် ချေလွှာကို ပြင်ဆင်လိုခြင်း ဖြစ်သည်။

၁၉၀၀
ဦးလေးမောင်
ပါ (၂)
နှင့်
ဒေါ်တင်တင်
အေးပါ(၅)

တရားလိုက မိမိစွဲဆိုသည့်အမှုတွင် တရားစွဲဆိုရန် အချင်းဖြစ် အကြောင်းခြင်းရာကို အကြီးအကျယ် ပြောင်းလဲအောင် သို့မဟုတ် အချင်းဖြစ် အကြောင်းခြင်းရာအသစ်ကို အစားထိုးရာ ရောက်အောင် အဆိုလွှာကို ပြင်ဆင်ခြင်းနှင့် တရားပြိုင်က ထုချေချက်အသစ်တစ်ရပ်ကို ထည့်သွင်းနိုင်ရန်အတွက် ချေလွှာကို ပြင်ဆင်ခြင်းသည် သဘော သဘာဝချင်း မတူချေ။ တရားပြိုင်သည် တရားလိုစွဲဆိုသောအမှုကို အမျိုးမျိုး အဖုံဖုံ ချေပခွင့် ရှိသည်ဖြစ်ရာ ချေလွှာ ပြင်ဆင်ခွင့်ပြုရန် သဘောရိုးဖြင့် လျှောက်ထားခြင်းဖြစ်ပြီး အမှုသည်များအကြား အမှန် တကယ် အငြင်းပွားမှုကို အဆုံးအဖြတ်ပေးနိုင်ရန်အတွက် ပြင်ဆင်ရန် လိုအပ်ကြောင်း ပေါ်ပေါက်သည့်အပြင် တရားမျှတပါက ထုချေချက် အသစ်ကို ထည့်သွင်း ထုချေနိုင်ရန် ချေလွှာကို ပြင်ဆင်ခွင့်ပေးသင့်သည်။

ဤအမှုတွင် တရားလိုများအနေဖြင့် တရားစွဲဆိုခွင့် မရှိကြောင်းကို တရားပြိုင်များက မှတ်ပုံတင် ကိုဗွိုမ စွဲးစားစာချုပ်အပေါ် အခြေခံ၍ ထုချေလိုခြင်းဖြစ်ရာ သဘောရိုးမဟုတ်ဘဲ လျှောက်ထားသည်ဟု မဆိုနိုင်။

ချေလွှာကို ပြင်ဆင်လိုသည့်အတိုင်း ခွင့်ပြုပါက အမှုသည်များ အကြား အမှန်တကယ် အငြင်းပွားမှုကို အပြီးအပိုင် ဆုံးဖြတ်နိုင်ပေလိမ့် မည်။ ချေလွှာကို ပြင်ဆင်ခွင့်ပြုခြင်းဖြင့် တရားမျှတမှုကို ဖြစ်စေနိုင်မည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးလေးမောင်တို့၏ ပြင်ဆင်ချေလွှာကို လက်ခံကြောင်း အမိန့် ချမှတ်လိုက်သည်။ အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။ ချေလွှာကို ပြင်ဆင်သည့်အတွက် ဦးလေးမောင်တို့က ဒေါ်တင်တင်အေးတို့အား စရိတ်ငွေ ၅၀ ဝိ/- ပေးရမည်။ ဤအမှုအတွက် စရိတ်ခွင့်မပြု။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဒေါက်တာ မောင်မောင်အေး၊ အဖွဲ့ဝင်များအဖြစ်
ဦးထွန်းတင် နှင့် ဦးဘမော် တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၀၀ / ဇူလိုင်လ / ၆-ရက်

ဒေါ်အုံ

နှင့်

ဦးမြင့်စိုးပါ(၂)*
ဒေါ်မြကြွယ်

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁—တရားရုံးတစ်ရုံး၏မှားယွင်းသော ဆုံးဖြတ်ချက်ကြောင့် ပေါ်ပေါက်သည့် ထိခိုက်နစ်နာမှုကို မည်သို့ ကုစားပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားရုံးတစ်ရုံး၏ မှားယွင်းသော ဆုံးဖြတ်ချက်ကို တစ်နည်းနည်းဖြင့် ပြင်ဆင်ပယ်ဖျက်လိုက်ရာတွင်ယင်းမှားယွင်းသော ဆုံးဖြတ်ချက်ကြောင့် ပေါ်ပေါက်သည့် ထိခိုက်နစ်နာမှုကို တရားရုံး၏မူလ ဘူတ အာဏာဖြင့် ကုစားပေးနိုင်သည်။

ဗီ၊အာ၊ပီ၊အက်၊ရာမဿွာမီချစ်တီးရားနှင့် မအေးပါ(၃)၊ ၁၉၅၄ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၁၂ (တရားလွှတ်တော်) ကိုကိုးကားသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးသန့်စင်၊ ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးညွှန့်ရှိန်၊ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးကျော်ထွန်းအောင် |

ရန်ကုန်တိုင်းတရားရုံး၊၁၉၀၂ ခုနှစ် တရားမကြီးမှုအမှတ် (၂၄၃)တွင် အယူခံတရားလို ဒေါ်အုံက အယူခံ တရားပြိုင် တစ်ဦးဖြစ်သူ ဒေါ်မြကြွယ်

* ၁၉၀၀ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၃၄၊၃၅

† ၁၉၈၇ ခုနှစ်၊ တရားမအထွေထွေအမှု အမှတ် ၃၁၀၊၃၀၉ တွင်ချမှတ်သော (၁၀-၂-၀၀) ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုအယူခံမှု။

၁၉၈၈
ဒေါ်အုံ
နှင့်
ဦးမြင့်စိုး
ပါ(၂)
ဒေါ်မြကြွယ်

အပေါ် ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ဌာနာလမ်း၊ အိမ်အမှတ် (၁၁၄) မှ ဆွင့်ပြီချက် အရ နေထိုင်သူ အဖြစ်ဖြင့် နှင်ထုတ်ပေးစေလိုမှုစွဲဆိုရာ တစ်ဖက်သတ် ဒီကရီရရှိခဲ့သည်။ ဒေါ်မြကြွယ်က ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုမကျေနပ်၍ ဗဟိုတရားရုံး၊ ၁၉၈၃ခုနှစ် တရားမ ပထမအယူခံမှု အမှတ်(၇၆)တွင် အယူခံဝင်သော်လည်း မအောင်မြင်ချေ။ ဒေါ်မြကြွယ်က ဗဟိုတရားရုံးနှင့် ရန်ကုန်တိုင်း တရားရုံးတို့၏စီရင်ချက်နှင့်ဒီကရီများကို အခြေခံဥပဒေပုဒ်မ ၇၃ (၃) အရ ပယ်ဖျက်ပေးရန် နိုင်ငံတော်ကောင်စီရုံး ၁၉၈၅ခုနှစ်၊ အမှုအမှတ် ၃၃၁ တွင် ဆက်လက်လျှောက်ထားသည်။ နိုင်ငံတော်ကောင်စီက ဒေါ်မြကြွယ်၏ လျှောက်လွှာကိုစိစစ်ဆဲ၌ ဒေါ်အုံ့ကမိမိရရှိထားသောဒီကရီကိုရန်ကုန်တိုင်း တရားရုံး၊ တရားမဇာရီမှု အမှတ် ၂၀/၈၃ (ကြည့်မြင်တိုင်)တွင် အတည်ပြုရာ တိုင်းတရားရုံးက ၄-၆-၈၅နေ့တွင် ဒေါ်မြကြွယ်အားလည်းကောင်း၊ ၁-၇-၈၅ နေ့တွင် ဦးမြင့်စိုးနှင့် ဒေါ်ခင်မြတ်ချိုတို့အား လည်းကောင်း၊ ဖယ်ရှားလိုက်သည်။ ထို့နောက် နိုင်ငံတော်ကောင်စီက ဗဟိုတရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီးအမှုကို ဆက်လက် စစ်ဆေးရန်ဆုံးဖြတ်သည်။ တိုင်းတရားရုံးက အမှုကို ဆက်လက်စစ်ဆေးဆဲတွင် ဦးမြင့်စိုးတို့က မိမိတို့ဖယ်ရှားပေးရသည့်ဥပစာတွင် ပြန်ထားရန် ရန်ကုန်တိုင်းတရားရုံး ၁၉၈၇ ခုနှစ်၊ တရားမအထွေထွေ အမှုအမှတ် ၃၀၉ (ကြည့်မြင်တိုင်)တွင် လည်းကောင်း၊ ဒေါ်မြကြွယ်က အလားတူ တိုင်းတရားရုံး ၁၉၈၇ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် ၃၁၀(ကြည့်မြင်တိုင်) တွင်လည်းကောင်း၊ လျှောက်ထားရာ တိုင်းတရားရုံးက ခွင့်ပြုလိုက်သောကြောင့် ဒေါ်အုံ့ကတိုင်းတရားရုံး၏အမိန့်ကို ဗဟိုတရားရုံး ၁၉၈၈ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၃၄ နှင့် ၃၅ တို့တွင် အသီးသီးအယူခံဝင်သည်။ အယူခံမှုများတွင်ပေါ်ပေါက်သော ဥပဒေပြဿနာမှာ တူညီသည် ဖြစ်၍ အမှု နှစ်မှုလုံးကို ဤစီရင်ချက်တွင် အဆုံးအဖြတ် ပေးမည်ဖြစ်သည်။

တိုင်း တရားရုံးက အချင်းဖြစ် ဥပစာကို အယူခံ တရားပြိုင် တို့အား ပြန်လည် နေထိုင်ခွင့် ပြုကြောင်း အမိန့်ချမှတ်ရာတွင် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄နှင့် ပုဒ်မ ၁၅၁တို့ကို ကိုးကားထားသည်။ ဤအယူခံတွင် အယူခံ တရားလို၏ ရှေ့နေက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားသည့် လျှောက်လွှာမှာ ဇာရီမှု ဖြစ်ကြောင်း၊ ဇာရီမှုတွင် ချမှတ်သော အမိန့်ဖြစ်၍ ဗဟိုတရားရုံးတွင် အယူခံဝင်ရာ၌ရုံးခွန် ၅၀/- ထမ်းဆောင်ခြင်းမှာ လုံလောက်ကြောင်း စသည်ဖြင့် အကျယ်တဝင့်တင်ပြလျှောက်ထားသည်။

၁၉၈၈
ဒေါ်အုံ နှင့် ဦးမြင့်မိုး ပါ(၂)
ဒေါ်မြကြွယ်

အယူခံတရားပြိုင်တို့၏ ရှေ့နေက ပိုနေမြဲ–ကျွားနေမြဲ ပြန် ထားရန် တိုင်းတရားရုံးက အမိန့်ချမှတ်ခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄/၁၅၁ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ကြောင်း **ဒါ၀တ်ဟာရှင် အိစ္စပ်ပါ– ၂ နှင့် တပ်ရှိန်**[၁] အမှုကို ကိုးကား၍ လျှောက်ထားသည်။

**ဆူလိတန်အာမက် နှင့် နာဆာရာဂျာမန်**[၂] အမှုတွင် တစ်ဖက်သတ်ဒီကရီကို အတည်ပြုရာ၌ တရားလိုသည် အချင်းဖြစ်ဥပစာကို လက်ရောက်ရရှိလိုက်ပြီးနောက် တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်လိုက်သောအခါ တရားရုံးက တရားပြိုင်များအား အချင်းဖြစ် ဥပစာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ပြန်ထားကြောင်း အမိန့်ချမှတ်သည်။ ပြင်ဆင်မှုတွင် ယခင် တရားလွှတ်တော်က တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ပါ ပြဋ္ဌာန်းချက်များမှာ ဒီကရီကို အယူခံရုံးက ဖြစ်စေ၊ ပြင်ဆင်တရားရုံးကဖြစ်စေ ပြောင်းလဲသည့်အခါ သို့မဟုတ် ပယ်ဖျက်သည့်အခါတွင်သာ သက်ဆိုင်ကြောင်း၊ တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်လိုက်သဖြင့် တရားပြိုင် များကို အချင်းဖြစ် ဥပစာ၌ ပြန်ထားခြင်းမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ အရဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

ဤအမှုတွင် ဒေါ်အုံသည် အချင်းဖြစ်ဥပစာကို ရန်ကုန်တိုင်းတရားရုံး၌ ရရှိသော တစ်ဖက်သတ် ဒီကရီကို အကြောင်းပြု၍ ရရှိသွားခြင်း ဖြစ်သည်။ ထိုဒီကရီကို နိုင်ငံတော်ကောင်စီက အယူခံစီရင်ပိုင်ခွင့်အရ ဖြစ်စေ၊ ပြင်ဆင်မှု စီရင်ပိုင်ခွင့်အရ ဖြစ်စေ ပယ်ဖျက်ခြင်းမဟုတ်ဘဲ အခြေခံဥပဒေပုဒ်မ ၇၃(၃) အရ ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ဤ အခြေအနေတွင် တိုင်းတရားရုံးက အယူခံ တရားပြိုင်တို့အား အချင်းဖြစ် ဥပစာတွင် ပြန် ထားခြင်းမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာ ရောက်သည်။ ထို့ကြောင့် ဤအယူခံမှုများတွင် အယူခံတရားလို၏ ရှေ့နေ တင်ပြသော အထက်ဖော်ပြပါ ဥပဒေပြဿနာများကို အဆုံးအဖြတ်ပေးရန် အကြောင်းမရှိချေ။ ထို့နည်းတူ အယူခံတရားပြိုင်တို့၏ ရှေ့နေ တင်ပြသော စီရင်ထုံး အရ အဆုံး အဖြတ် ပေးရန် အကြောင်းလည်း မရှိတော့ချေ။

အယူခံတရားလို၏ ရှေ့နေက တိုင်းတရားရုံးမှ ချမှတ်သောအမိန့်တွင် အယူခံတရားလိုအား ဖယ်ရှားပေးရန် အမိန့် လုံး၀မပါရှိကြောင်း၊ အမိန့်

---

(၁) ရန်ကုန် စီရင်ထုံးများ အတွဲ– ၁၀၊ စာ– ၄၀၀

(၂) ၁၉၅၈ ပြည်နှစ်၊ မတစ၊ စာ– ၃၇၂ (တရားလွှတ်တော်)

၁၉၈၈
ဒေါ်အုံ
နှင့်
ဦးမြင့်စိုး
ပါ(၂)
ဒေါ်မြကြွယ်

တစ်ရပ်ကို ချမှတ်ရာတွင် ဥပဒေအရ အကောင်အထည် ပေါ်လွင်သည့် အမိန့်မျိုး ဖြစ်ရမည် ဖြစ်ကြောင်း၊ အကောင်အထည်ဖော်၍ မရနိုင်သည့် အမိန့်သည် အကျိုးသက်ရောက်မှုမရှိကြောင်း၊ ထို့ကြောင့် ယင်းအမိန့်ကို တရားဥပဒေအရ ပြင်ဆင် သင့်ကြောင်း စသည်ဖြင့် လျှောက် ထားသည်။

အချင်းဖြစ်ဥပစာမှာ အယူခံတရားလို၏ လက်ရှိဖြစ်သည်။ ဒေါ်မြကြွယ်တို့အား ပြန်လည်နေထိုင်ခွင့်ပြုရန် အမိန့်ချမှတ်ခြင်းသည် အယူခံတရားလိုအား ဥပစာမှ ဖယ်ရှားပေးစေရန် အမိန့်ချမှတ်ရာရောက်သည်။ ဒေါ်အုံအား ဖယ်ရှားပေးရန် အမိန့် ချမှတ်ခြင်း မပြုရုံမျှဖြင့် ရန်ကုန်တိုင်းတရားရုံး၏ ၁၈-၂-၈၈ ရက်စွဲပါ အမိန့်မှာ အကျိုးသက်ရောက်မှုမရှိဟု မည်သည့်နည်းနှင့်မျှ မဆိုနိုင်ချေ။ တရားရုံးများ၏ အမိန့် ကို လက်တွေ့ဆန်ဆန် အကောင်အထည်ဖော်ရန် ဖြစ်သည်။ အမိန့်၌ အရေးမပါသည့် ချို့ယွင်းချက်ကို အကြောင်းရှာ၍ အမိန့်အတိုင်းဆောင်ရွက်ရန်မဖြစ်နိုင်ဟု စောဒကတက်ရန် မဟုတ်ပေ။

အယူခံတရားလို၏ ရှေ့နေက ဦးမြင့်စိုး နှင့် ဒေါ်ခင်မြတ်ချို တို့အား အမှုမစွဲမီ တည်ရှိနေသည့်အနေအထားအတိုင်း အချင်းဖြစ်နေအိမ်ဥပစာတွင် ပြန်လည် နေထိုင် ခွင့် ပြု စေ ရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း၊ အကြောင်းမူ ဦးမြင့်စိုးနှင့် ဒေါ်ခင်မြတ်ချိုတို့မှာ မူလမှုမစွဲဆိုမီက အချင်းဖြစ်ဥပစာတွင် နေထိုင်ကြသူများ မဟုတ်ကြောင်း တင်ပြလျှောက်ထားသည်။ တိုင်း တရားရုံးက ၁၉၈၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၄၃ကို မစွဲဆိုမီက အချင်းဖြစ်နေအိမ် ဥပစာတွင် ပြန်လည်နေထိုင်ခွင့် ပြုပေးရန်ဖြစ်ကြောင်း အမိန့်ချမှတ်ထားသည်ကို တွေ့ရသည်။ အမှန်စင်စစ် တစ်ဖက်သတ် ဒီကရီကို အတည်ပြုခြင်းကြောင့် အမှုသည်တို့၏ အခြေအနေ ပြောင်းလဲသွားရသည်ဖြစ်ရာ ယင်းဒီကရီကို အတည်မပြုမီက တည်ရှိသော ပိုနေမြဲ—ကျားနေမြဲ အခြေအနေအတိုင်း ပြန်လည်ထားရန်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ တွင်လည်း ယင်းအတိုင်းပင် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ တစ်ဖက်သတ် ဒီကရီ ချမှတ်သည့်အမှုကို မစွဲဆိုမီ တည်နေသည့် အနေအထား အတိုင်း ပိုနေမြဲ- ကျားနေမြဲအခြေအနေတွင် ပြန်ထားရန် တိုင်းတရားရုံးက အမိန့်ချမှတ်ခြင်းသည် မှားယွင်းသည်။သို့ရာတွင် ရှေ့တွင် ဆက်လက် သုံးသပ်မည့်အကြောင်းကြောင့် တိုင်းတရားရုံး၏ အဆိုပါ အမိန့်ကို ပြင်ဆင်ပေးရန် အကြောင်းမပေါ်ပေါက်တော့ပေ။

တရားရုံး တစ်ရုံး၏ မှားယွင်းသော ဆုံးဖြတ်ချက်ကို တစ်နည်းနည်းဖြင့် ပြင်ဆင် ပယ်ဖျက်လိုက်ရာတွင် ယင်း မှားယွင်းသော ဆုံးဖြတ်ချက်

၁၉၈၈
ဒေါ်အုံ နှင့် ဦးမြင့်စိုး ပါ (၂)
ဒေါ်မြကြွယ်

ကြောင့် ပေါ်ပေါက်သည့် ထိခိုက်နစ်နာမှုကို တရားရုံး၏ မူလဘူတအာဏာဖြင့် **ကုစားပေးနိုင်သည်။ ဗီ၊အာ၊ဗီ၊အယ်၊ရာမဆွာမိ ချစ်တီးရားနှင့် မအေးပါ ၃ (၃)** အမှုကို ကြည့်ပါ။ ကုစားပေးနိုင်သည့် နည်းလမ်းများကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ တွင် ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ပုဒ်မ ၁၄၄ ပါပြဋ္ဌာန်းချက်များသည် အမှုဖြစ်ရပ်အားလုံးနှင့် သက်ဆိုင်မည်မဟုတ်၊ ဤအမှုမှာကဲ့သို့ ဒေါ်မြကြွယ်အားအချင်းဖြစ်ဥပစာ၌ ပြန်ထားရန် ကိစ္စတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ ဆောင်ရွက်မပေးနိုင်စေကာမူ တရားရုံးသည် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ ပါ မူလဘူတအာဏာအရ ထိခိုက်နစ်နာခဲ့ရသည့် အမှုသည်အား ဗိုနေမြဲ–ကျားနေမြဲ အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်သည်။

ဗိုနေမြဲ – ကျားနေမြဲ ပြန်ထားရန် တိုင်းတရားရုံးက ချမှတ်သော အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ တွင်အကျုံးဝင်ကြောင်း ဖော်ပြပြီး ဖြစ်သည်။ ယင်း ပုဒ်မအရ ချမှတ်သော အမိန့်သည် ပုဒ်မ ၂ (၂) တွင် အကျုံးဝင်သော ဒီကရီမဟုတ်။ ပုဒ်မ ၁၀၄ (၁) အရဖြစ်စေ အမိန့် ၄၃ နည်း ၁ ပါပြဋ္ဌာန်းချက်အရဖြစ်စေ အယူခံဝင်ခွင့်ရှိသော အမိန့် လည်းမဟုတ်ပေ။ သို့ဖြစ်ရာ တိုင်းတရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးတွင် အယူခံဝင်ခြင်းသည် မှားယွင်းသည်။ ဒေါ်မြကြွယ်အား အချင်းဖြစ် ဥပစာတွင် ပြန်ထားရန် တိုင်းတရားရုံးက ချမှတ်သော အမိန့်သည် လျော်ကန်သင့်မြတ်သည်ဖြစ်၍ ဒေါ်မြကြွယ်အပေါ် တင်သွင်းသော အယူခံမှုကို ပြင်ဆင်မှုအဖြစ်သို့ ပြောင်းလဲဆုံးဖြတ်ပါကလည်း တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် အကြောင်း မပေါ်ပေါက်နိုင်ပေ။

ဦးမြင့်စိုး တို့သည် မူလ အမှုတွင် အမှုသည်များ မဟုတ်ချေ။ သူတို့သည် ဒေါ်မြကြွယ်၏ အိမ်ငှားများ ဖြစ်ကြ၍ တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၃၅ အရ အချင်းဖြစ်အိမ်မှ ဆင်းပေးရခြင်းဖြစ်သည်။ တစ်ဖက်သတ် ဒီကရီကို ပယ်ဖျက်လိုက်ခြင်းမှာ ဒေါ်မြကြွယ် အကျိုးငှာ ပယ်ဖျက်ခြင်းဖြစ်ရာ နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်နှင့် မသက်ဆိုင်သူ ဦးမြင့်စိုးတို့အနေဖြင့် နိုင်ငံတော် ကောင်စီ၏ ဆုံးဖြတ်ချက်အပေါ် အခြေခံကာ အချင်းဖြစ် ဥပစာတွင် ပြန်လည်ထားရန် လျှောက် ထား ခွင့်မရှိချေ။

တိုင်း တရားရုံးက တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို မှားယွင်းကိုးကားခြင်းကြောင့် ဒေါ်အုံ သည် ဦးမြင့်စိုးတို့အပေါ် တိုင်းတရားရုံး၏

---

(၃) ၁၉၅၄ ခုနှစ်၊ မတစ၊ ၈၁-၁၂ (တရားလွှတ်တော်)

၁၉၈၈
ဒေါ်အုံ နှင့် ဦးမြင့်စိုး ပါ(၂)
ဒေါ်မြကြွယ်

အမိန့်ကို မှားယွင်း အယူခံမိခြင်း ဖြစ်သည်။ သို့ဖြစ်၍ တရားမျှတမှု အလို့ငှာ အယူခံကို ပြင်ဆင်မှုအဖြစ်သို့ ပြောင်းလဲ၍ တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးသင့်သည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၃၄ ကို ပြင်ဆင်မှုအဖြစ် သတ်မှတ်၍ တိုင်းတရားရုံးက ဦးမြင့်စိုး တို့အား အချင်းဖြစ် ဥပစာတွင် ပြန်ထားရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။ ၁၉၈၈ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၃၅ကို မူပလပ်လိုက်သည်။

ဤအယူခံမှုများတွင် နှစ်ဖက်အမှုသည်များသည် မိမိတို့ ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

† ၁၉၇၀
ဒီဇင်ဘာလ
၂၇ ရက်

ဦးအုန်းခိုင်

နှင့်

ဒေါ်သိန်း*

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက် ပါ ပြဋ္ဌာန်းချက်— ယင်းခြွင်းချက်ပါပြဋ္ဌာန်းချက်တွင် အကျုံးဝင်သူသည် ငှားရမ်းထားသည့် ဥပစာကို ပိုင်ဆိုင်သူ ဖြစ်—မဖြစ်။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ)၏ ခြွင်းချက်တွင် အကျုံး ဝင်သော သူသည် ငှားရမ်းထားသည့် ဥပစာကို လုံးလုံးလျားလျား ပိုင်ဆိုင်သူဖြစ်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။

လျှောက်ထားသူအတွက် — ဦးဘကျော် (တရားရုံးချုပ်ရှေ့နေ)

လျှောက်ထားခံရသူအတွက်— ဦးကိုကိုလေး (တရားရုံးချုပ်ရှေ့နေ)

တရားရေးအကြံပေး — ဦးခင်စိုး

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖိုမြေရပ်ကွက်၊ ၁၀၁ လမ်း၊ အိမ်အမှတ် ၁၄၃ မှာ ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့မတိုင်မီက လျှောက်ထားခံရသူ ဒေါ်သိန်း၏ ဖခင် ဦးဘိုးညွန့်ဆိုသူ ပိုင်ဆိုင်ခဲ့သည်၊ ဦးဘိုးညွန့်သည် ၁၉၅၅ ခုနှစ်တွင် ကွယ်လွန်သွားရာ ဒေါ်သိန်း အပါအဝင် သားသမီး တစ်စုတို့က အချင်းဖြစ် အိမ်ကို အမွေဆက်ခံ ရရှိခဲ့ကြသည်။ ၁၉၅၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ တွင် ဒေါ် သိန်း၏ အစ်ကိုများနှင့် ထိုစဉ် အခါက ကွယ် လွန် သွား ပြီး ဖြစ်သော အစ်ကို တစ်ဦး၏ သမီး (ဒေါ်သိန်း၏ တူမ) တို့က အဆိုပါအိမ်တွင် သူတို့ ရရန်ရှိသော အမွေစုများကို ရောင်းချသော စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။ သို့ရာတွင် ယင်းစာချုပ်ကို မှတ်ပုံတင်ခဲ့ခြင်းမရှိပေ။

---

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၆၂

† ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၉ တွင် ချမှတ်သော (၂၂-၆-၇၀) ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

၁၉၇၀
ဦးအုန်းခိုင်
နှင့်
ဒေါ်သိန်း

၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဒေါ်သိန်းက လျှောက်ထားသူ ဦးအုန်းခိုင်အား အချင်းဖြစ်အိမ်၏ လက်ဝဲဘက် အခန်း တစ်ခန်းကို တစ်လလျှင် ၄၀/– ဖြင့် ငှားရမ်းခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဒေါ်သိန်းက ယင်းအိမ်ခန်းကိုမိမိကိုယ်တိုင်နေထိုင်ရန်အတွက်ရယူလိုသည် ဟု အကြောင်းပြကာ ဦးအုန်းခိုင် အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ နှင်ထုတ်ပေး စေရန် မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖွဲ့မြဲရပ်ကွက် တရားရုံး၊ ၁၉၇၅ ခုနှစ် တရားမကြီးမှုအမှတ် ၃ တွင် တရားစွဲဆိုသည်။

အိမ်ငှားဘက်မှ အခြားအကြောင်းများအပြင် ''တရားလိုသည် ၎င်း၏ မောင်နှမများ၏ အမွေဝေစု များကို ၁၃-၃-၅၇ ရက်နေ့တွင် ဝယ်ယူခြင်း ဖြင့် လက်ဝယ်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တရားလိုသည် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ခြွင်းချက် ပါ ''ပိုင်ရှင်'' ဆိုသည့် စကားရပ်တွင် အကျုံးမဝင်သဖြင့် ယခု အမှုကို တရားစွဲဆိုရန် အကြောင်းခြင်းရာသည် မည်သည့်အခါကမျှ မပေါ်ပေါက် ခဲ့ပါ'' ဟူ၍ ထုချေသဖြင့် ရပ်ကွက် တရားရုံးက အောက်ပါ ပဏာမ ငြင်းချက်ကို ထုတ်နုတ် ကြားနာခဲ့သည်–

> ''တရားလိုသည် ၎င်း၏ မောင်နှမများ၏ အမွေဝေစုများကို ၁၃-၃-၅၇ နေ့တွင် ဝယ်ယူခြင်းဖြင့် အချင်းဖြစ်အိမ်ကို လက်ဝယ် ရရှိခဲ့ခြင်းဖြစ်သဖြင့် ဤအမှုကို စွဲဆိုခွင့်မရှိဆိုသည်မှာ မှန်သလား''

ရပ်ကွက်တရားရုံးက အထက်ဖော်ပြပါ ငြင်းချက်ကို အိမ်ရှင်အား အသာပေး၍ ဆုံးဖြတ်သဖြင့် အိမ်ငှား ဦးအုန်းခိုင်က မင်္ဂလာတောင်ညွန့် မြို့နယ်တရားရုံး နှင့် ရန်ကုန်တိုင်း တရားရုံးတို့တွင် ရပ်ကွက် တရားရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးရန် လျှောက်ထားသော်လည်း မအောင်မြင် သဖြင့် တရားရုံးချုပ်တွင် ဤတရားမပြင်ဆင်မှုကို ဆက်လက် လျှောက် ထားလာခြင်း ဖြစ်သည်။

ဤအမှုတွင် အကြောင်းခြင်းရာများမှာ အငြင်းမပွားပေ။ အဆုံးအဖြတ် ပေးရန် ပြဿနာမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်တွင် ရည်ညွှန်း ထားသော ''ပိုင်ရှင်'' သည် ငှားရမ်းထားသည့် ဥပစာကို လုံးလုံးလျားလျား ပိုင်ဆိုင် သူဖြစ်ရန် လိုအပ်သည် ဟူသော အချက် ဖြစ်သည်။

**ဦးဘို နှင့် ဦးဥာဏ်**(၁) အမှုတွင် အိမ်ရှင် ဦးဉာဏ်က အိမ်ငှား ဦးဘိုအပေါ် ငှားရမ်းထားသည့် ဥပစာမှ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ

---

(၁) ၁၉၇၀၊ တရားမ တတိယ အယူခံမှုအမှတ် ၃ (က) (မန္တလေး)။

၁၉၇၇
ဦးအုန်းခိုင်
နှင့်
ဒေါ်သိန်း

ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ နှင်ထုတ်ပေးစေရန် တရားစွဲဆိုရာ ဦးဘိုဘက်မှ အချင်းဖြစ်အိမ်ကို ဦးဥာဏ်အပြင် အခြားပိုင်ရှင် ဒေါ်အုံးဆိုသူ ရှိနေကြောင်း ပေါ်လွင်ပါလျက် ဦးဥာဏ် တစ်ဦးတည်း ပိုင်သည်ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြရာ ယခင် ဗဟိုတရားရုံးက အချင်းဖြစ်အိမ်ကို ဦးဥာဏ်ပိုင်ကြောင်းနှင့် စပ်လျဉ်း၍ အငြင်းမထွက်သဖြင့် ဦးဥာဏ်သည် ပုဒ်မ ၁၂ (၁) (စ) တွင် ဖော်ပြထားသည့် ''ပိုင်ရှင်'' ဆိုသော စကားရပ်တွင် အကျုံးဝင်နေသောကြောင့် ဦးဘိုအပေါ် ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း အကြောင်းပြ၍ ဦးဘို၏ တင်ပြချက်ကို ပယ်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်တွင် အကျုံးဝင်သောသူသည် ငှားရမ်းထားသည့် ဥပစာကို လုံးလုံးလျားလျား ပိုင်ဆိုင်သူ ဖြစ်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ ယင်းခြွင်းချက်တွင် အကျုံးဝင်သော ဥပစာ့ပိုင်ရှင်သည် အိမ်ငှားအား နှင်ထုတ်ခွင့်ရှိသည်။ ဤအမှုတွင် (၁၃–၃–၅၇) ရက်စွဲပါ အရောင်းစာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ရောင်းချခြင်းမှာ အထမမြောက်ပေ။ တစ်ဘက်တွင် ရောင်းသူတို့မှာ ဦးအုန်းခိုင်၏ အိမ်ရှင်များ မဟုတ်ကြသဖြင့် ဦးအုန်းခိုင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုခွင့် မရှိနိုင်ပေ။ အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်သိန်းက ဦးအုန်းခိုင်အား ငှားရမ်းထားသည်ဖြစ်၍ ကျန်အမွေဆိုင်တို့သည် အချင်းဖြစ် ဥပစာကို လက်ရောက်ရလိုမှု စွဲဆိုခွင့် မရှိပေ။ ဤအခြေအနေတွင် ဒေါ်သိန်းသည် အချင်းဖြစ် ဥပစာကို အပြည့်အဝ ပိုင်ဆိုင်သူမဟုတ်၍ အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုခွင့် မရှိဟုဆိုလျှင် တရားမျှတမှု ရှိမည်မဟုတ်ပေ။ အခြား အမွေဆိုင်များသည် ဤအမှုတွင် တရားလိုများအဖြစ် ပါဝင်ခွင့် မရှိသည်က တစ်ကြောင်း၊ ဒေါ်သိန်းသည် အိမ်ရှင်ဖြစ်ပြီး ပိုင်ရှင်ဖြစ်သည်က တစ်ကြောင်းကြောင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်တွင် အကျုံးဝင်သော ပိုင်ရှင်ဖြစ်သည်ဟု ကောက်ယူရပေမည်။

ထို့ကြောင့် အောက်ရုံး၏ ဆုံးဖြတ်ချက်များကို စွက်ဖက်ရန်အကြောင်း မရှိသဖြင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/– သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

ဦးအုန်းဖေ

နှင့်

ဦးအမ်ဂျီအာမက်ပါ (၂)*

† ၁၉၈၀ ဒီဇင်ဘာလ ၁-ရက်

**တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၂၉—ဒီကရီနှစ်ရပ်သည် တသီးတခြားစီ ဖြစ်နေသဖြင့် တစ်ခုနှင့်တစ်ခု ထေနိုင်ခြင်း မရှိသည့် အခြေအနေမျိုးတွင် မိမိရရှိသည့် ဒီကရီကို အတည်ပြုပေးရန် တစ်ဦးက လျှောက်ထားခြင်းအပေါ် ဆိုင်းငံ့ မိန့်ထုတ်ပေးခဲ့ခြင်းသည် တရားမျှတမှု ကင်းမဲ့ပြီး လျှောက်ထားသူအား နစ်နာမှု ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးအမ်ဂျီအာမက် တို့က ဦးအုန်းဖေ အပေါ် စွဲဆိုသောအမှုတွင် အနိုင်ရရှိခဲ့ပါက ငွေ ဒီကရီသာ ရနိုင်မည်ဖြစ်၍ ယင်းဒီကရီသည် ဦးအုန်းဖေက ဦးအမ်ဂျီအာမက်အပေါ် ရရှိ ထားသော အိမ်နှင့် ဒီကရီကို ''ထေ''နိုင်ခြင်း မရှိပေ၊ ဒီကရီနှစ်ရပ်သည် တသီးတခြားစီ ဖြစ်သည်။ ဤအခြေအနေတွင် မူလရုံးက တရားမ ကျင့်ထုံး အမိန့် ၂၁၊ နည်း ၂၉ အရ လျှောက်ထားသူ အတည်ပြုဆဲ ၁၉၈၇ ခုနှစ် တရားမ ဇာရီမှု အမှတ် ၅၆ ကို ဆိုင်းငံ့ထားရန် အမိန့်ထုတ်ပေးခဲ့ခြင်းသည် လျှောက်ထားသူအတွက် တရားမျှတမှုကင်းမဲ့စေပြီး နစ်နာမှု ရှိနိုင်မေသည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | — ဒေါ်ရီရီတင်၊ တရားရုံးချုပ် ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | — ဦးဘအေး၊ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | — ဦးလှမြင့်ဝင်း |

* ၁၉၈၀ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂၂၂

† ၁၉၈၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၁ (ပုဇွန်တောင်)တွင် ချမှတ်သော (၁-၆-၈၀) ရက် နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို လျှောက်ထားမှု။

၁၉၈၈
ဦးအုန်းဖေ
နှင့်
ဦးအမ်ဂျီအာမက် ပါ(၂)

ရန်ကုန်တိုင်း တရားရုံး ၁၉၈၈ ခုနှစ် တရားမကြီးမှု အမှတ် ၂၀၁ (ပုဇွန်တောင်) တွင် ဦးအမ်ဂျီအာမက် နှင့် ဦးဝင်းမောင်(ခ) မိုဟာမက်အလီတို့က ဦးအုန်းဖေအပေါ် အဆောက်အအုံ ဆောက်လုပ်သည့် ကုန်ကျစရိတ်ကို နစ်နာကြေး အပါအဝင်ဖြင့် ရလိုမှု သို့မဟုတ် အဆောက်အအုံ၏ ကာလတန်ဘိုးကို ရလိုမှု စွဲဆိုသည်။ ၎င်းနောက် ဦးအမ်ဂျီအာမက်အပေါ် ဦးအုန်းဖေက အနိုင်ရရှိထားသော အိမ်နှင် ဒီကရီကို အတည်ပြုခဲ့ မူလရုံး ၁၉၈၇ ခုနှစ် တရားမ ဇာရီမှုအမှတ် ၅၆ ကို တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ အမိန့် ထုတ်ပေးပါရန် ဦးအမ်ဂျီအာမက်တို့က လျှောက်ထားသည်။ မူလရုံးက ဦးအမ်ဂျီအာမက်တို့ လျှောက်ထားသည့်အတိုင်း ၁-၆-၈၈ နေ့တွင် ဆိုင်းငံ့ မိန့်ထုတ်ပေးကြောင်း အမိန့်ချမှတ်သည်။ ဦးအုန်းဖေက ထို အမိန့်ကို မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်ပေသည်။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားခံရသူ စွဲဆိုသော ၁၉၈၈ ခုနှစ် တရားမကြီးမှု အမှတ် ၂၀၁(ပုဇွန်တောင်)မှာ အဆောက် အအုံ ဆောက်လုပ်သည့် ကုန်ကျစရိတ်ကို ရလိုကြောင်းဖြစ်၍၊ ယင်းအမှု မျိုးမှာ အိမ်ပေါ်မှ ဖယ်ရှား ထွက်ခွာသွားရသည့်ရှိသော် နစ်နာရန် အကြောင်းမရှိ၊ ငွေကြေးဖြင့် ကုစားနိုင်ကြောင်း၊ မူလရုံးက မလိုအပ် ဘဲလျက် ၁၉၈၇ ခုနှစ် တရားမဇာရီမှု အမှတ် ၅၆ ကို ဆိုင်းငံ့ မိန့်ထုတ် ပေးခြင်းသည် မှားယွင်းကြောင်း လျှောက်ထားသူအတွက် လွန်စွာမှ နစ်နာကြောင်း လျှောက်လဲသည်။

လျှောက်ထားခံရသူများ၏ ရှေ့နေက လျှောက်ထားသူများအနေဖြင့် ၎င်းတို့၏ အမှုတန်ဖိုးကို ကျပ် ၅၀၀၀၀/- သတ်မှတ်ပြီး၊ လျှောက် ထားခံရသူတို့ စွဲဆိုသော ၁၉၈၈ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၀၁ (ပုဇွန်တောင်) မှာ အမှုတန်ဖိုးကို ကျပ် ၆၀၀၀၀/- သတ်မှတ်ခဲ့ကြောင်း၊ မူလရုံးက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်အာဏာအတွင်းမှ ဆိုင်းငံ့ အမိန့် ထုတ်ရာတွင် အမှုတန်ဖိုး ကျပ် ၆၀၀၀၀/- ရှိသည့်အမှုအတွက် တန်ဖိုး ကျပ် ၅၀၀၀၀/- သာ ရှိသည့် ဇာရီမှုကို ဆိုင်းငံ့ မိန့်ထုတ်ပေးသည့် အတွက် လျှောက်ထားသူအဖို့ နစ်နာရန်မရှိကြောင်း လျှောက်လဲသည်။

မူလရုံး ၁၉၈၅ ခုနှစ် တရားမကြီးမှုအမှတ် ၂၄၀ တွင် ဦးအုန်းဖေက ဦးအမ်ဂျီအာမက် အပေါ် ခွင့်ပြုချက်ဖြင့်ထားသော အချင်းဖြစ်အိမ်ခန်းက နှင်ထုတ်လိုမှု စွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။ တရားနိုင် ဦးအုန်းဖေ က တရားရှုံး ဦးအမ်ဂျီအာမက် အပေါ် မူလရုံးတွင် ၁၉၈၇ ခုနှစ် တရားမ ဇာရီမှုအမှတ် ၅၆ ဖွင့်ပြီး အနိုင်ဒီကရီကို အတည်ပြုသည်။ ယင်း အခြေ

၁၉၈၈
ဦးအုန်းဖေ
နှင့်
ဦးအမ်ဂျီအာမက် ပါ(၂)

အနေတွင် ဦးအမ်ဂျီအာမက်တို့က ဦးအုန်းဖေ အပေါ် အဆောက်အအုံ ဆောက်လုပ်သည့် ကုန်ကျစရိတ်ကို နစ်နာကြေး အပါအဝင်ဖြင့် ရလိုမှု သို့မဟုတ် အဆောက်အအုံ၏ ကာလတန်ဘိုးကို ရလိုကြောင်းဖြင့် မူလ ရုံးတွင်ပင် ၁၉၈၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၁ (ပုဇွန်တောင်) ကို စွဲဆိုခြင်းဖြစ်သည်။

အကယ်၍ ဦးအမ်ဂျီအာမက်တို့က ဦးအုန်းဖေအပေါ် စွဲဆိုသောအမှု တွင် အနိုင်ရရှိခဲ့ပါက ငွေ ဒီကရီသာ ရနိုင်မည်ဖြစ်၍ ယင်း ဒီကရီသည် ဦးအုန်းဖေက ဦးအမ်ဂျီအာမက် အပေါ် ရရှိထားသောအိမ်နှင့် ဒီကရီကို "ထေ" နိုင်ခြင်းမရှိပေ။ ဒီကရီနှစ်ရပ်သည် တသီးတခြားစီ ဖြစ်သည်။ ဤအခြေအနေတွင် မူလရုံးက တရာမကျင့်ထုံးအမိန့် ၂၁၊ နည်း ၂၉ အရ လျှောက်ထားသူ အတည်ပြုဆဲ ၁၉၈၇ ခုနှစ် တရားမဇာရီမှုအမှတ် ၅၆ ကို ဆိုင်းငံ့ထားရန် အမိန့်ထုတ်ပေးခဲ့ခြင်းသည် လျှောက်ထားသူ အတွက် တရားမျှတမှု ကင်းမဲ့စေပြီး နစ်နာမှု ရှိနိုင်ပေသည်။

**ဒေါ်အုန်းခင် နှင့် ဒေါ်ကြင်စိန်** အမှု(⁾) တွင် မူလရုံး သုံးသပ်သကဲ့သို့ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၂၉ အရ ဇာရီမှုကို ဆိုင်းငံ့ထား ရန်မှာ စွဲဆိုထားသော တရားမမှုနှင့် အတည်ပြုဆောင်ရွက်ပေးရမည့် ဒီကရီတို့မှာ သဘောချင်းတူဘို့မလိုဟူသောအချက်သာမက တရားနိုင်နှင့် တရားရှုံးတို့သည် တစ်ဦးအပေါ် တစ်ဦးက တောင်းဆိုမှုများကို "ထေ" နိုင်ကြစေရန် ရည်ရွယ်ချက်ပါဝင်ကြောင်း ထုံးဖွဲ့ထားသည်။

သို့ဖြစ်ရာ လျှောက်ထားသူ ဦးအုန်းဖေက ဦးအမ်ဂျီအာမက် ပြန်လည် စွဲဆိုသော တရားမမှုမှာ ငွေရလိုမှုသာဖြစ်၍ မိမိ ရရှိသော အိမ်နှင့် ဒီကရီ အရ ၎င်း အနေဖြင့် အိမ်ပေါ်က ဖယ်ရှားရသည် ရှိသော် နစ်နာရန် အကြောင်းမရှိဘဲ မူလရုံးက ဇာရီမှုကို ဆိုင်းငံ့မိန့် ထုတ်ပေးခဲ့ခြင်းသည် မှားယွင်းကြောင်း တင်ပြချက်အား လက်ခံသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက မူလရုံးအနေဖြင့် ဆိုင်းငံ့ အမိန့်ကို တစ်ဖက်သတ် ကြားနာဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ လျှောက် ထား သူ အနေဖြင့် ယခု ကိစ္စကို မူလရုံးတွင် တင်ပြရန် အခွင့်အရေးရှိကြောင်း တရားရုံးချုပ် အနေဖြင့် အခြား နည်း တင်ပြခွင့်ရှိသော ကိစ္စတွင် စွက်ဖက်ရလေ့ မရှိ ကြောင်း လျှောက်လဲသည်။

လျှောက်ထားသူ၏ ရှေ့နေ က မူလရုံး အနေဖြင့် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့မိန့်ကို တစ်ဖက်သတ် ထုတ်ခဲ့ရာတွင်

၁၉၇၇
ဦးအုန်းမေ
နှင့်
ဦးအမ်ရှိအာ
မက်ဝါ(၂)

မှားယွင်းကြောင်းတွေ့ရှိပါက အဆင့်မြင့်တရားရုံးက ပြင်ဆင်နိုင်သည့် အာဏာရှိကြောင်း လျှောက်လဲသည်။

လျှောက်ထားသူက လျှောက်ထားခံရသူအပေါ် စွဲဆိုခဲ့သော မူလရုံး ၁၉၇၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၄၀ မှ အနိုင်ရရှိသည့် အိမ်နှင့် ဒီကရီကို လျှောက်ထားခံရသူများက လျှောက်ထားသူအပေါ် မူလရုံးတွင်ပင် စွဲဆိုသော ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၁(ပုဇွန်တောင်) အား အနိုင်ရရှိပါက ရရှိနိုင်မည့် ငွေဒီကရီက ''ထေ'' နိုင်ခြင်းမရှိကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ ယင်းကဲ့သို့ အမှုနှစ်မှုသည် ''ထေ''နိုင်ခြင်းမရှိဘဲလျက် မူလရုံးက လျှောက်ထားသူ၏ ၁၉၇၇ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၅၆ ကို တရားမ ကျင့်ထုံး အမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့မိန့်ထုတ်ပေးခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း လျှောက်ထားသူအတွက် တရားမျှတမှု ကင်းမဲ့စေပြီး နစ်နာမှုရှိနိုင်ကြောင်း သုံးသပ်ခဲ့ပြီး ဖြစ်ပေသည်။ ဤအခြေအနေတွင် ဤတရားရုံးချုပ် အနေဖြင့် မူလရုံး၏ အမိန့်ကို စွက်ဖက်နိုင်ခွင့် ရှိပေသည်။ **ဒေါ်အုန်းခင် နှင့် ဒေါ်ကြင်စိန်အမှု (၁)** ကို ရည်ညွှန်းသည်။

ငင်းအပြင် ဤတရားရုံးချုပ်အား သင့်တော်သောအမှုတွင် ပြင်ဆင်မှုအာဏာကို တိုက်ရိုက် ကျင့်သုံးခြင်း မပြုရန် ပိတ်ပင်ခြင်း မပြုချေ။ **ဒေါ်မင်းသော် နှင့် အေဗွီပီအယ်အခ်ချစ်တီးရာဖမ်းပါ—၂ အမှု(၂)** ကို ရည်ညွှန်းသည်။

အထက်ပြဆိုခဲ့သော အချက်အလက်များအရ မူလရုံးမှ ၁-၆-၇၇ ရက်စွဲဖြင့် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၂၉ အရ အတည်ပြုဆဲ လျှောက်ထားသူ၏ ၁၉၇၇ ခုနှစ် တရားမဇာရီမှုအမှတ် ၅၆ ကို ဆိုင်းငံ့ထားရန် အမိန့်ထုတ်ပေးခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ ငင်းနောက် ရန်ကုန်တိုင်းတရားရုံး၏ ၁-၆-၇၇ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်မသတ်မှတ်။

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ ၅၄၀၊

(၂) ရန်ကုန်အတွဲ ၁၁၊ စာ ၁၃၄၊